# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၈]


**အရိယ သစ္စာန ဒဿနံ**
**တေမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**



## မနူဟာဗုဒ္ဓပူဇနီယပွဲတော် အရုပ်သွန်းပြိုင်ပွဲများဖြင့် စည်ကား

**ညောင်ဦး စက်တင်ဘာ ၂၇**

ပုဂံယဉ်ကျေးမှုနယ်မြေဒေသ မြင်းကပါကျေးရွာရှိ မနူဟာမင်းကြီးကောင်းမှုတော် မနူဟာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်တော်သလင်းလဆန်း ၁၄ ရက်နှင့် တော်သလင်းလပြည့်နေ့တို့တွင် ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း ရိုးရာမပျက် အရုပ်သွန်းပြိုင်ပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကာလ တော်သလင်းလဆန်း ၁၄ရက်နေ့ နံနက်ပိုင်းတွင် မြင်းကပါကျေးရွာ အုပ်စုရှိ ရပ်ကွက်ခြောက်ရပ်ကွက်မှ ပြည်သူများက ဘုရားကြီးအားရည်စူး၍ သစ်သီးနှင့်မုန့်များကို ပုံစံအမျိုးမျိုးအလှဆင်လျက် ဆွမ်းတော်ကြီးများ လာရောက်ကပ်လှူကြသည်။ တော်သလင်းလဆန်း ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်မှစ၍ ပွဲတော်တွင် နှစ်စဉ်ထည့်သွင်းကျင်းပ မြဲဖြစ်သည့် ရိုးရာအရုပ်သွန်းများ

*စာမျက်နှာ ၃ ကော်လံ ၆* ◆

## အပူပိုင်းဒေသတွင် သောက်သုံးရေ လုံလောက်စွာရရှိရေး ဂျပန်က ပံ့ပိုးကူညီမည်

**ကျော်သဲအိမ်**

အပူပိုင်းဒေသများ ဖြစ်သော မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သောက်သုံးရေ လုံလောက်စွာရရှိရေး စီမံကိန်းအတွက် ဂျပန်အစိုးရက ငွေကြေးအရ ထပ်မံပံ့ပိုးကူညီပေးရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို စက်တင်ဘာ ၂၄ ရက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ကိုယ်စားလှယ်ချုပ် မစ္စတာကိုင်ချီရို နာကာဇာဝါတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

စီမံကိန်း၏ အဓိကရည်မှန်းချက်မှာ အဆင့်မြင့်ရေတွင်းများ တူးဖော်ရာတွင် လိုအပ်သော ခေတ်မီပစ္စည်းများ အသုံးပြုနိုင်ရေး၊ အပူပိုင်းဒေသရှိ ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် ဒေသခံများ လူမှုစီးပွားဘဝမြင့်မားလာရေးအတွက် ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များ အထမြောက်ရေးအတွက် JICA သည် အပူပိုင်းဒေသများတွင် တူးဖော်မည့် အဆင့်မြင့်ရေတွင်း ၁၀၀ အတွက် မီးစက်များအပါအဝင် တွင်းတူးဖော်မည့် စက်ပစ္စည်းကိရိယာများ ရရှိရေးအတွက် ဂျပန်ယန်းငွေ ၁ ဒသမ ၂၄ ဘီလီယံကျော် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဂျီအင်န်အယ်လ်အမ်)**

■ **နိုင်ငံတကာ**

### ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး ဂျီဖိုးနိုင်ငံများတိုက်တွန်း

စာမျက်နှာ ❖ ၄

■ **ဆောင်းပါး**

### ဓမ္မစကူး စာရိတ္တပညာစခန်းဦး

စာမျက်နှာ ❖ ၆

■ **ပြည်တွင်း**

### ကသာခရိုင်အတွင်းရှိ ကျောင်းများသို့ စာသင်ခုံများထောက်ပံ့ပေး

စာမျက်နှာ ❖ ၈




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ခွေးရူးရောဂါ သတိပြုစရာ

လူတို့၏ လူနေမှုစနစ် ပြောင်းလဲလာသည်နှင့်အမျှ အိမ်၌ အလှမွေးတိရစ္ဆာန်များ မွေးမြူသည့်အလေ့အထမှာလည်း များပြားလာသည်ကိုတွေ့ရသည်။ ဤသို့ များပြားလာသည့် အလျောက် ယင်းတို့နှင့်ဆက်စပ်နေသည့် ရောဂါများမှာလည်း လူတို့၏ အသက်ဘေးအန္တရာယ်ကို ခြိမ်းခြောက်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် ခွေးရူးရောဂါသည် လူတို့အတွက် ကြောက်စရာကောင်းသော ရောဂါတစ်မျိုး ဖြစ်လာသည်။

ခွေးရူးရောဂါသည်ကူးစက်တတ်သော ဗိုင်းရပ်စ်တစ်မျိုး ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ဤရောဂါသည် တိရစ္ဆာန် အချင်းချင်း ကူးစက်နိုင်သလို တိရစ္ဆာန်မှလည်း လူသို့ ကူးစက် နိုင်ပါသည်။ သို့ရာတွင် ယင်းရောဂါမှာ ခွေးရူးရောဂါပိုးရှိသည့် ခွေး၊ ကြောင်စသည့် အိမ်မွေးတိရစ္ဆာန်များ အချင်းချင်းသော်လည်း ကောင်း၊ လူသို့လည်းကောင်း အကိုက်ခံရလျှင် သို့မဟုတ် ကုတ်ခြစ်ခံရလျှင် ကူးစက်ဖြစ်ပွားနိုင်ပါသည်။ အကယ်၍ ကူးစက်ခံရပါက (ဝါ) ရောဂါရှိ အိမ်မွေးတိရစ္ဆာန်တစ်မျိုးမျိုး အကိုက်ခံရပါက ကူးစက်ကာ အသက်အန္တရာယ် ဆုံးရှုံးသည် အထိ ဖြစ်ပွားတတ်ပါသည်။

ထို့ကြောင့်လည်း လူတိုင်းခွေးရူးရောဂါ သတိပြုလိုက်နာ စေရေး စက်တင်ဘာလ ၂၈ ရက်နေ့ကို ခွေးရူးရောဂါတိုက်ဖျက် ရေးနေ့ **(World Rabies Day)** အဖြစ် သတ်မှတ်ထားပါသည်။ ထိုနေ့ရောက်တိုင်း ခွေးရူးရောဂါနှင့်ပတ်သက်၍ ဆောင်ပုဒ် တစ်ခုထုတ်ပြန်၍ အသိပေးလေ့ရှိရာ ယခုနှစ်တွင် "ခွေးရူး ရောဂါအဆုံးသတ်အောင် ဝိုင်းဝန်းကြိုးပမ်းစို့" **(End Rabies Together)** ဟူ၍ ဖြစ်ပါသည်။ ဤဆောင်ပုဒ်အရ ဆိုလျှင် မြို့ရွာရပ်ကွက်များအတွင်း ခွေးလေခွေးလွင့်များ မြို့ပြစည်ပင် တာဝန်ရှိသူများအနေဖြင့် နည်းပါးအောင် ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးလက်နေပြည်သူများ၊ မြို့ပြအိမ်မွေးတိရစ္ဆာန် မွေးမြူကြသူများအနေဖြင့်လည်း မိမိတို့ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ခွေး၊ ကြောင် အစရှိသော အိမ်မွေးတိရစ္ဆာန်များကို ခွေးရူးပြန်ကာကွယ်ဆေးများ ထိုးနှံ ပေးထားဖို့ လိုအပ်ပါသည်။ အကယ်၍ ခွေးကိုက်ခံရပါက ပေါ့ပေါ့ဆဆမနေဘဲ သက်ဆိုင်ရာ ကျန်းမာရေး ဌာနများသို့ အမြန်ဆုံးသွားရောက်ကာ လိုအပ်သော ကုသမှုများခံယူဖို့ လိုပါသည်။ ခွေးရူးပြန်ရောဂါ စဖြစ်ပြီဆိုလျှင် ပျောက်ကင်းအောင် ကုသနိုင်သော နည်းလမ်းမရှိသေးသည့်အပြင် ရောဂါဖြစ်ပွားပါက သေဆုံးရန် ရာနှုန်းပြည့်သေချာပါသည်။ သို့သော် ခွေးကိုက်ခံ ရပါက ရောဂါမဖြစ်ပွားမီအချိန်မီကာကွယ်ဆေးထိုးနှံခြင်းဖြင့် ခွေးရူးပြန်ရောဂါ ဖြစ်ပွားခြင်းမှ ရာနှုန်းပြည့် ကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ခွေးကိုက်ခံရပါက အမြန်ဆုံး ကာကွယ်ဆေးထိုးဖို့ လိုပါသည်။

"လက်ပံပွင့်ချိန်၊ ခွေးရူးချိန်" ဟူသောဆိုရိုးစကား ရှိပါသည်။ လက်ပံပွင့်ချိန် နွေဦးကာလတွင် ခွေးရူးပြန်တတ် လေ့ရှိကြသဖြင့် ခွေးများနှင့် အကျွမ်းတဝင်မနေသင့်ပါ။ သတိပြုသင့်ပါသည်။

ခွေးရူးအကိုက်ခံရပါက စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ ရေငတ်ခြင်း၊ ပါးစပ်မှအမြှုပ်များထွက်ခြင်း၊ အကြောများ နာကျင်ခြင်း စသောလက္ခဏာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်၍ ကုသခြင်းထက် ကာကွယ်ခြင်းက ပို၍ထိရောက် သည်ဆိုသော စကားအတိုင်း လူတိုင်း ကျန်းမာရေးလုံခြုံမှုရှိ စေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် မီဒီယာများက အသိပညာပေးလှုံ့ဆော်မှုများ ဆောင်ရွက်ရမည်ဖြစ်ပြီး ခွေး ကိုက်ခံရပြီဆိုပါက ဆေးရုံဆေးခန်းများ၌ သွားရောက် ကုသ မှုခံယူခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

ထားဝယ်တိုင်းရင်းသားများပါတီနှင့် ဖက်ဒရယ်ပြည်ထောင်စုပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၈ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့် သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် ကချင်ဒီမိုကရက်တစ်ပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်းဖြစ် ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

## သဘာဝဘေးအန္တရာယ်များအကြောင်းဟောပြော

**မန္တလေး စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း(မန္တလေး)မှ ကြီးမှူးကျင်းပသော "ငလျင်-ဘူမိသိပ္ပံနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များအကြောင်း" ဟောပြောပွဲကို စက်တင်ဘာ ၂၆ ရက်က ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၌ ကျင်းပသည်။

ရှေးဦးစွာ အင်ဒိုနီးရှားနိုင်ငံ ပညာရှင်ပါမောက္ခ Dr.Subagyo ၏ ကိုယ်ရေး အကျဉ်းကို ဖတ်ကြားပြီး Dr.Subagyo က From Tectonic to Geohazards အကြောင်းကို အပြန်အလှန် ဆွေးနွေးကြသည်။ ထို့နောက် တွဲဖက်ပါမောက္ခ ဒေါက်တာထွန်းနိုင်က "Site Effect" (Soil Effect) Deternination for Seismic Microzonation of Mandalay by Geotechnical and Geophysical Approches အကြောင်း ဆွေးနွေးရာတွင် ငလျင်လှုပ်ခဲ့လျှင် တစ်နေရာနှင့်တစ်နေရာ အပျက်အစီးမတူညီကြောင်း၊ အထူးအပါးကွာခြားလျှင် ပျက်စီးမှုကွာခြားကြောင်း၊ တချို့ ငလျင်ကြီးလှုပ်တဲ့နေရာနှင့် နီးသည်မြို့များတွင် အပျက်အစီးနည်းသည်မှာ Soil ကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းခဲ့ပြီး ကြိုတင်ကာကွယ်မှုလုပ်ဆောင်နိုင်ရေးတို့နှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရှေးဟောင်း(ကေတုမတီ)အုတ်မြို့ရိုးများ၊ ကျုံးဟောင်းများနှင့် နန်းတော်အထိမ်းအမှတ်နေရာများကို ဒေသခံပြည်သူများဆက်လက်ထိန်းသိမ်း

**နေပြည်တော် စက်တင်ဘာ ၂၇**

ကေတုမတီ တောင်သူမြို့ဟောင်းရှိ မြို့ရိုးဟောင်းတည်ရှိနေမှု၊ ကျုံးဟောင်း ရာတည်ရှိနေမှုများ၊ ပျက်စီးယိုယွင်းမှုများကို မှတ်တမ်းတင်နိုင်ရန်နှင့် အခြား ကြွင်းကျန်လျက်တည်ရှိနေသော ရှေးဟောင်းနေရာများနှင့်ပတ်သက်ပြီး အိမ်များဆောက်လုပ်ထားမှု၊ လမ်းများ ဖောက်လုပ်ထားမှုနှင့် မီးရထားသံလမ်း များ ဖောက်လုပ်ထားမှုတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် စက်တင်ဘာ ၂၅ ရက်ကကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် တောင်ငူမြို့တွင်းရှိ အမှတ် (၂) အစိုးရအထက်တန်းကျောင်း ဝင်းအတွင်းရှိ ကေတုမတီတောင်ငူမြို့ဟောင်း သာရဒီပအောင်ချာဝတီ နန်းတော်ဟောင်းရာ အထိမ်းအမှတ်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကိုမှာကြားကာ ကျောင်းသားများ၏ ပညာသင်ကြားမှု၊ အခြေခံပညာ အထက်တန်းကျောင်းသားများ၏ စာမေးပွဲအောင်ချက်နှုန်းထား အခြေ အနေ၊ ကျောင်းစာကြည့်တိုက်များ အဆင့်မြှင့်နိုင်ရန်နှင့် ကျောင်းသားများ သာမက စာသင်ကြားပေးနေသော ဆရာ ဆရာမအထိ စာဖတ်အားမြှင့် တင်ပေးနိုင်ရန် တိုက်တွန်းအားပေးပြောကြားသည်။

မြန်မာသမိုင်းခေတ်အဆက်ဆက်တွင် တောင်ငူခေတ်သည် မြန်မာ့ သမိုင်းကို ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်တွင်အရေးပါသော ခေတ်တစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ ပုဂံခေတ်လွန်နောက်ပိုင်း တိုးတက်ထွန်းကားလာသည့် အင်းဝခေတ်တွင်လည်း မြို့တော်အင်းဝ၏ အားကိုးရဆုံးသော ဒေသတစ်ခု အဖြစ် တောင်ငူသည် အရေးပါခဲ့သည်။ မြန်မာသမိုင်းခေတ်တစ်ခေတ်ကို ကိုယ်စား ပြု၍ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် တက်ကြွစေသော နေရာလည်း ဖြစ်လာခဲ့သည်။

အနောက်ဘက်တွင် အာသံနှင့် အရှေ့တောင်ဘက် အင်ဒိုချိုင်းနား ကျွန်းဆွယ်အထိပါ တောင်ငူသည် ပျံ့နှံ့ထင်ရှားခဲ့သည်။ ဘုရင့်နောင်လက်ထက် ဒုတိယမြန်မာနိုင်ငံတော်ကို ပြန်လည်စည်းရုံးနိုင်ခဲ့သည်အထိ အခြေခံအုတ်မြစ် ချထားနိုင်ခဲ့သော ဒေသလည်းဖြစ်ပြီး မြန်မာသမိုင်း ဖြစ်ပေါ်တိုးတက်မှု ဖြစ်စဉ်တွင်အရေးပါခဲ့သော ရှေးတောင်ငူ(ကေတုမတီ) မြို့ဟောင်းနေရာ၏ ကြွင်းကျန်ရစ်ခဲ့သော အုတ်မြို့ရိုးဟောင်းများ၊ ကျုံးဟောင်းနေရာများနှင့် နန်းတော်အထိမ်းအမှတ်နေရာများမှာ ယခုလက်ရှိ မြို့နေရာတစ်ထပ်တည်း ကျရောက်နေ သော်လည်း တာဝန်သိ ဒေသခံပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်း ထားရှိမှုကြောင့် ကျန်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**မကွေးတိုင်းဒေသကြီး ငဖဲနှင့် စေတုတ္တရာကားလမ်းပေါ်ရှိ ရေကြီး ရေလျှံစဉ်က မျောပါသွားခဲ့သော မန်းချောင်းဖြူးတံတား နေရာတွင် အလျားပေ ၁၅၀ ရှိ ယာယီ ဘေလီတံတားကို အမှတ် (၃) တံတားအထူးအဖွဲ့က တည်ဆောက် ပေးထား၍ ကားများဖြတ်သန်း မောင်းနှင်လျက်ရှိသည်ကို တွေ့ရ စဉ်။** ခရမ်းစိုးမြင့်



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း　၂၇-၉-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၇၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

**ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းများမှ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရွှေဦးစွာ နိုင်ငံတော် ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၏ ဒုတိယ ပါမောက္ခ ချုပ် ဆရာတော် မဟာဂန္ထဝါစက ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။။

ထို့နောက် အောင်ဆန်းတောရတပ်ဦးကျောင်းဆရာတော် မဟာကမ္မဋ္ဌာန စရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနစရိယ ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဧည့်ပရိတ်သတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**



# ကင်းထောက်လုပ်ငန်းများ နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတွေ့ဆုံ



**ရန်ကုန် စက်တင်ဘာ ၂၇**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီသည် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညွှန်ကြားရေးမှူး Mr. J. Rizai C. Pangillnan နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုအဆောက်အအုံဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် ကင်းထောက်များ၏ လှုပ်ရှားမှုများမှာ အလွန်အားရဖွယ်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် သီးခြားယူနစ်အဖြစ် ဖွဲ့စည်းထားပြီး ကင်းထောက်လှုပ်ရှားမှုများအတွက် ပံ့ပိုးနေမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် တိုးချဲ့ဖွဲ့စည်းရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ရာ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ကလည်း လိုအပ်ချက်များ ပံ့ပိုးပေးရန် ပြောကြားသည်။

ယင်းနောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် ဖြစ်လာစေရေးအတွက် လုပ်ငန်းပြမြေပုံ ပြုစုရေးဆွဲပြီး လိုအပ်သည့်သင်တန်းများ၊ လုပ်ငန်းတိုးချဲ့မှုများကို ဆက်လက်ဆောင်ရွက်ရန် ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသကင်းထောက်အဖွဲ့ တည်ထောင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် ကင်းထောက်လုပ်ငန်းများ ပိုမိုတိုးချဲ့နိုင်ရန် အစဉ်ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယခုတွေ့မြင်ခဲ့ရသည့် ကျောင်းမှ တိုးတက်ဖြစ်ပေါ်မှု၊ ကလေးများ၏ အရည်အသွေးသည် အားရဖွယ်ဖြစ်ကြောင်း၊ မကြာမီကာလတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ယာယီကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်ညိုနှင့်အမှုဆောင်များ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(မြန်မာ့အလင်း)**

# မိုးပွင့်အထူးစီမံချက်(အပိုင်း-၂) နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ရပ်စောက် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ တပ်မတော်သားများနှင့်အတူနေမိသားစုဝင်များကို မိုးပွင့်အထူးစီမံချက်(အပိုင်း-၂) နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ဗထူးတပ်မြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ယာယီပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကိုကိုက မိုးပွင့်အထူးစီမံချက်(အပိုင်း-၂)နှင့် ပတ်သက်ပြီး နိုင်ငံသားဖြစ်မှုနှင့် ရရှိနိုင်သည့် အခွင့်အရေးများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိထားမှု၏ အရေးပါမှုများကို ရှင်းလင်းပြောကြားပြီး ဗထူးတပ်မြို့ တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင် ၅၀ တို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မုံရွာ-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ လမ်းတံတားနှင့်ချဉ်းကပ်လမ်း သတ်မှတ်ချိန်တစ်ပြိုင်တည်း ပြီးစီးရေး အလေးထားဆောင်ရွက်

**နေပြည်တော်** စက်တင်ဘာ ၂၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက မုံရွာမြို့မှ ထွက်ခွာကာ မုံရွာ-ဘုတလင်-ဒီပဲယင်း- ရေဦး- ရွှေဘိုလမ်းနှင့် ရွှေဘို-မြစ်ကြီးနားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ်(၁၁၅/၄)ရှိ မဲဇာတံတား ကမ်းကပ်ခုံ၊ ရေလယ်တိုင်များကြွခိုင်မှု၊ ရေလမ်းကြောင်း စီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကသာခရိုင် အင်းတော်-နန့်စီးအောင်အပိုင်း၊ မိုင်တိုင်(၁၅၉/၁)နှင့် (၁၅၉/၂) နန့်ဒရန့်တံတားလုပ်ငန်းခွင်ကြည့်ရှုစစ်ဆေးပြီး နန့်စီးအောင်မှ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုင်တိုင် (၁၈၈/၀)တွင် တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်နေသည့် တံတားအမှတ်(၃/၁၈၃) သာယာကုန်းတံတား တည်ဆောက်မှုမြေပြင်လုပ်ငန်းခွင်တွင် တံတားအထူးအဖွဲ့(၁) ဒုတိယညွှန်ကြားရေးမှူးက တံတားတည်ဆောက်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မိုးညှင်းခရိုင် လမ်းဦးစီးဌာနမှတည်ဆောက်သည့်မိုင်တိုင် (၁၇၆/၆)နှင့် (၁၇၇/၀)ကြားရှိ တံတားအမှတ် (၂/၁၇၇) နန့်ပူးချောင်းတံတားတည်ဆောက်နေသည့် မြေပြင်လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ချိန်လုပ်ငန်းပြီးစီးရေးတံတားနှင့်ချဉ်းကပ်လမ်း တစ်ပြိုင်နက်တည်းပြီးစီးရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး မိုးညှင်း-နန့်စီးအောင်-အင်းတော်-ကသာလမ်းအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

◆ ရှေ့ဖုံးမှ

ဖျော်ဖြေလှည့်လည်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် အများအပြား လာရောက်ကြည့်ရှုကြပြီး ဓာတ်ပုံပညာရှင် ဝါသနာရှင်များ၊ ပြည်တွင်းပြည်ပမှ ရုပ်သံအဖွဲ့များလည်း လာရောက်မှတ်တမ်းရိုက်ကူးကြသည်။

အဆိုပါအရုပ်သွန်းဖျော်ဖြေမှုကို ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ အထူးစိတ်ဝင်စားကြပြီး မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်သည်နှင့်အညီ ရိုးရာအမွေအနှစ် ထိန်းသိမ်းသည့်အနေဖြင့် ယခင်က အရုပ်သွန်းလှည့်လည်ပွဲမှ ယှဉ်ပြိုင်ပွဲအဖြစ်သို့ ပြောင်းလဲထည့် သွင်းကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် တတိယအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုအကြိမ်သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့ထက် ဆုကြေးပမာဏတိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ပထမဆု ကျပ်(၁၀)သိန်း၊ ဒုတိယဆု ကျပ်ခုနှစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်းတို့နှင့်အတူ ဆုဖလားများ ချီးမြှင့်မည်ဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲမှစ၍ နောက်သုံးနှစ်ဆက်တိုက် ပထမဆုရရှိသည့်အသင်းအား ချီးမြှင့်မည့် တံခွန်စိုက်ဆုဖလားကြီးကိုလည်း ပြသ ထားလျက်ရှိကြောင်း၊ ပြိုင်ပွဲဝင်အရုပ်သွန်းအဖွဲ့ပေါင်း ၁၁ ဖွဲ့ရှိကြောင်း သိရသည်။

အဆိုပါ အရုပ်သွန်းပြိုင်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင် ထူးမောင်၊ ခရိုင်/မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ပြိုင်ပွဲဝင်အရုပ်သွန်းအဖွဲ့ တစ်ဖွဲ့ချင်းစီအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

တော်သလင်း လပြည့်နေ့တွင် မနူဟာဘုရားကြီး ရင်ပြင်တော်၌ အလှူရှင်များမှ ဘုရားကြီးအား ဦးခိုက်၍ ဆွမ်းသပိတ်လုံး ဆပ်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ အလှူခံရရှိသော ဆွမ်းသပိတ်လုံးများကို မြင်းကပါ ကျေးရွာအုပ်စုအတွင်းမှ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အပါး ၇၀ တို့အား ပြန်လည်ဆပ်ကပ်လှူဒါန်းမည်ဖြစ်ပြီး သံဃာတော်တစ်ပါးလျှင် သပိတ်လုံး ခုနစ်လုံးခန့် နှစ်စဉ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ထို့ပြင် မြင်းကပါ ကျေးရွာအုပ်စုအတွင်းရှိ အသက် ၇၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ပွဲတော် အထိမ်းအမှတ်အဖြစ် သက်ကြီးပူဇော်ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း၊ ထို့နောက် ညနေပိုင်းတွင် မြင်းကပါ ကျေးရွာအုပ်စုတွင်းရှိ မြို့မ၊ မြို့ရှေ့၊ မြို့ညွန့်၊ စိန်ကုန်း၊ မြို့လယ်၊ ရွှေခြံ ရပ်များမှ ပြည်သူများက ဘုရားကြီးအား ရွှေသင်္ကန်းဖိုး ဝတ္ထုငွေလှူဒါန်းပွဲကိုလည်း ရိုးရာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး ဂျီဖိုးနိုင်ငံများတိုက်တွန်း




**နယူးယောက် စက်တင်ဘာ ၂၇**

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတန်းအဖွဲ့ဝင်ဖြစ်ရန် ကြိုးစားနေသော နိုင်ငံလေးနိုင်ငံမှ ခေါင်းဆောင်များသည် လုံခြုံရေးကောင်စီကို ပြောင်းလဲပြုပြင်ရန် ကြိုးစားမှုတွင် ယင်းတို့၏ ကြိုးပမ်းအားထုတ်မှုများ အခိုင်အမာ ဖြစ်စေရေးအတွက် ကတိကဝတ်ပြု ပြောဆိုခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၊ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်၊ အိန္ဒိယ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် ဘရာဇီးလ်သမ္မတ ဒီလ်မာရူဆက်ဖ်တို့သည် စက်တင်ဘာ ၂၆ ရက်ကအမေရိကန်နိုင်ငံနယူးယောက်မြို့တွင် တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် နယူးယောက်မြို့တွင် ကျင်းပသောကုလသမဂ္ဂအထွေထွေညီလာခံကို တက်ရောက်ရန် ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ လေးနိုင်ငံအုပ်စု (ဂျီ-ဖိုး) သည် ၁၁ နှစ်အတွင်း ပထမဆုံးအစည်းအဝေးကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂတည်ထောင်ခြင်းနှစ် ၇၀ ပြည့်အထိမ်းအမှတ်သည် လုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲရန် သမိုင်းဝင်အခွင့်အရေးတစ်ခုကို ပေးအပ်ခဲ့ခြင်းပင်ဖြစ်ပြီး လုံခြုံရေးကောင်စီကို ၂၁ ရာစုခေတ်နှင့်အညီ အကောင်းဆုံး အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်အာဘေးက ပြောခဲ့သည်။

စည်းဝေးပွဲအပြီးထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်၌ ကမ္ဘာတစ်ဝန်းကြီးထွားလာသော ပဋိပက္ခများနှင့် ပြဿနာများကို အကောင်းဆုံးထိန်းကျောင်းနိုင်ရန် ထိရောက်သော လုံခြုံရေးကောင်စီကို ဖန်တီးရမည်ဖြစ်ကြောင်း ခေါင်းဆောင်များက ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**



## ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဒေါ်လာနှစ်ဘီလီယံ တရုတ်နိုင်ငံက ရန်ပုံငွေထူထောင်ပေးမည်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၇**

တရုတ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ထောက်ပံ့ပေးရန် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံးတန်းတူညီတူဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဖြစ်ပေါ်ရန် ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း၊ တရုတ်သမ္မတ ရှီကျင့်ဖျင်က စနေနေ့တွင် ကုလသမဂ္ဂ၌ ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးရေး အစီအမံကို အကောင်အထည်ဖော်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးရေးအတွက် အဆိုပါရန်ပုံငွေကို ထူထောင်ပေးသွားမည်ဖြစ်ကြောင်း နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ် ကုသလမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးထိပ်သီး အစည်းအဝေး၌ ရှီက ပြောကြားလိုက်သည်။ **(ဆင်ဟွာ)**

## ရုရှားသမ္မတ ပူတင် ဆော်ဒီဘုရင်နှင့် ဆီးရီးယားပဋိပက္ခအရေး ဆွေးနွေး

**မော်စကို စက်တင်ဘာ ၂၇**

ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂတွင် မိန့်ခွန်းမပြောကြားမီ နှစ်ရက်အလိုတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန်နှင့်တွေ့ဆုံကာ ဆီးရီးယားအကျပ်အတည်းနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါခေါင်းဆောင်နှစ်ဦးသည် ဒေသတွင်းလုံခြုံရေးနှင့် ဆီးရီးယားပဋိပက္ခကို အမြန်ဆုံးအဖြေရှာရန်အတွက် တယ်လီဖုန်းဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အိုင်အက်စ်အကြမ်းဖက်သမားများနှင့် အခြားအကြမ်းဖက်အဖွဲ့များကိုလည်း နိုင်ငံတကာပူးပေါင်းမှုဖြင့် တိုက်စစ်ဆင်ရန် ဆွေးနွေးခဲ့ကြကြောင်းလည်း သိရသည်။ **(ပီတီအိုင်)**

## အိုင်အက်စ်ကို ပြင်သစ် ပါဝင်တိုက်မည်

**ပါရီ စက်တင်ဘာ ၂၇**

ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းမှတိုက်ခိုက်မှုတွင် မိမိတို့ပူးပေါင်း ပါဝင်လိုက်ပြီဖြစ်ကြောင်း ပြင်သစ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့နိုင်ငံကလည်း နိုင်ငံရဲ့လုံခြုံရေးကိုကာကွယ်နိုင်ဖို့ အိုင်အက်စ်တွေကို လေကြောင်းမှတိုက်ခိုက်သွားမှာဖြစ်ပါတယ်" ဟု ပြင်သစ်သမ္မတ၏ ကြေညာချက်တွင် ဖော်ပြသည်။ အီရတ်လေကြောင်းတိုက်ခိုက်မှုတွင်ပါဝင်သော ပြင်သစ်သည် ယခုလ အစောပိုင်းက အိုင်အက်စ်တို့၏ စခန်းများအပေါ် သတင်းစုဆောင်းရန် ဆီးရီးယားနိုင်ငံအပေါ် ကင်းထောက်လေယာဉ်ပျံသန်းမှုများ စတင်ပြုလုပ်ခဲ့ကြသည်။

**(ရိုက်တာ)**

## ဟာ့ဂ်ျဘုရားဖူး ၇၆၉ ဦးသေဆုံးမှု အီရန်က ဆော်ဒီကို ခုံရုံးတင်မည်ပြော

**ဒူဘိုင်း စက်တင်ဘာ ၂၇**

ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့အပြင်ဘက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဟာ့ဂ်ျဘုရားဖူးရာသီ၌ ဖြစ်ပွားခဲ့သော လူအုပ်ပြိုသေဆုံးမှုအရေအတွက်သည် ၇၆၉ ဦးထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း အာဏာပိုင်များက စက်တင်ဘာ ၂၆ ရက်က ပြောကြားခဲ့သည်။

အဓိကပြိုင်ဘက်နိုင်ငံတစ်ခုဖြစ်သော အီရန်က ပြစ်မှုတစ်ခုကဲ့သို့ ခေါ်ရမလိုဖြစ်သော အဆိုပါကိစ္စကို နိုင်ငံတကာတရားရုံးနှင့် ရင်ဆိုင်သင့်ကြောင်း ဆော်ဒီအာရေဗျအရာရှိများကို ပြောခဲ့သည်။ နောက်ဆုံးသတင်းများအရ သေဆုံးမှုအရေအတွက်မှာ ၇၆၉ ဦးထိရှိပြီ ဖြစ်ကြောင်း၊ ယခင်ကိန်းဂဏန်းများထက် ၅၂ ဦးပိုတိုးလာကြောင်း ဆော်ဒီအာရေဗျကျန်းမာရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

အဆိုပါလူအုပ်ပြိုမှုဖြစ်ရပ် ဖြစ်ပွားကတည်းက ဆေးရုံအသီးသီးသို့တက်ရောက်၍ ဆေးကုသမှုခံယူခဲ့သော လူနာများအနက် သေဆုံးမှုများရှိလာပြီဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်တွင် လူပေါင်း ၉၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## ဂြိုဟ်တုနှင့်ဒုံးပျံ မြောက်ကိုရီးယားလွှတ်တင်ရန် စီစဉ်နေဟုဆို

**ဆိုးလ် စက်တင်ဘာ ၂၇**

လွန်ခဲ့သောသုံးနှစ်က ကမ္ဘာမြေပြင်အထက် ၃၃၅ မိုင်အကွာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ၉၅ မိနစ်တိုင်း ကမ္ဘာကိုလှည့်ပတ်နေသော မြောက်ကိုရီးယား ဂြိုဟ်တုတစ်လုံးသည် ဟောင်းနွမ်းနေပြီဖြစ်သည့်အတွက် ပြိုယမ်းအနေဖြင့်နောက်ထပ် ဂြိုဟ်တု သို့မဟုတ် ဒုံးပျံစမ်းသပ်မှု ပြုလုပ်ဖွယ်ရှိကြောင်း တောင်ကိုရီးယားက ပြောသည်။

မြောက်ကိုရီးယားက လာမည့်လတွင် နောက်ထပ်ဂြိုဟ်တု အသစ်လွှတ်တင်ရန် စီစဉ်နေပြီး ဈူကလီးယား လက်နက်တပ်ဆင်သည့် စနစ်ကိုလည်း စမ်းသပ်မှုပြုလုပ်နိုင်ကြောင်း တောင်ကိုရီးယားက ပြောသည်။

အောက်တိုဘာ ၁၀ ရက် မြောက်ကိုရီးယားအာဏာရပါတီနှစ် ၇၀ ပြည့်ချိန် ဂြိုဟ်တုအသစ်လွှတ်တင်ရန် မြောက်ကိုရီးယားက စီစဉ်နေသည့်အပြင် ဒုံးပျံစမ်းသပ်မှုလည်း ပြုလုပ်ဖွယ်ရှိကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ယွန်ဘောင်ဆီးက ပြောကြားလိုက်သည်။ ဈူကလီးယားနှင့် ဒုံးပျံစမ်းသပ်မှုများ ပြုလုပ်ခဲ့ပါက အမေရိကန်အပါအဝင် နိုင်ငံတကာ ပိတ်ဆို့မှုများ ပိုမိုပြုလုပ်ဖွယ်ရှိသည်ဟုဆိုသည်။

မြောက်ကိုရီးယားက ၎င်း၏ အာကာသအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက်သာဖြစ်ပြီး အချုပ်အခြာအာဏာကို ထိပါးလာပါက ဟန့်တားရန်အတွက်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။ လေ့လာသူအများအပြားက ၂၀၁၂ ခုနှစ်တွင် ကမ္ဘာပတ် လမ်းကြောင်းအတွင်း ဂြိုဟ်တုလွှတ်တင်နိုင်ခဲ့သော ပြိုယမ်း၏ ကြိုးပမ်းမှုကိုချီးကျူးခဲ့ကြသည်။ လက်ရှိဂြိုဟ်တုသည် စွမ်းဆောင်ရည်နိမ့်ကျနေပြီး အလုပ်လုပ်နိုင်မှု အားနည်းနေကြောင်း ဂျာမန်အာကာသ အင်ဂျင်နီယာ မာကွတ်ရှီလာက ၂၀၁၃ ခုနှစ်တွင် ပြောကြားခဲ့သည်။

ဂြိုဟ်တုသစ် တည်ဆောက်လွှတ်တင်ရန် အသင့်ဖြစ်နေပြီး အဆိုပါဂြိုဟ်တုကို အောက်တိုဘာ ၁၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း မြောက်ကိုရီးယား အာကာသအေဂျင်စီက လွန်ခဲ့သော သီတင်းပတ်က ပြောကြားခဲ့သည်။ **(ရိုက်တာ)**



# လူသားအားလုံးပါဝင်နိုင်မည့် Global Citizens ဖြစ်လာစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး၊ the United Nation

"အားလုံးတစ်သားတည်း ဖြစ်ဖို့ ဆိုတာအခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့အားလုံး တစ်ယောက်မှာရှိတဲ့ အခက်အခဲတွေကို ကျန်တဲ့လူတွေက ကူညီဖြေရှင်းပေးကြမယ်၊ ဒါမှမဟုတ် မျှဝေပေးကြမယ်ဆိုရင် အရာခပ်သိမ်း တူညီမှုတွေကို ခံစားကြရမယ်လို့ ယုံကြည်ပါတယ်" ဟု အိန္ဒိယနိုင်ငံမှ ကလေးငယ်တစ်ဦး၏ ပြောကြားချက်ကို လူပေါင်းခြောက်သောင်းကျော်က တစ်ခဲနက် လက်ခုပ်တီး ကြိုဆိုကြသည်။



နယူးယောက်မြို့ စင်ထရယ်ပတ်ခ်ပန်းခြံထဲတွင် စက်တင်ဘာ ၂၆ ရက် ညနေကကျင်းပသည့် (၄)ကြိမ်မြောက် Global Citizen Festival **(ယာပုံ)**တွင် နိုင်ငံတကာမှ ကလေးငယ်များ၏ ကရုဏာသက်ဖွယ်စကားသံများအပြင် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် လှူဒါန်းမှုအသီးသီးကို မြင်တွေ့ရသည်။

ထို့အပြင် နာမည်ကြီးအဆိုတော်များဖြစ်သော Beyonce၊ Pearl Jam၊ Ed Sheeran နှင့် Coldplay တို့၏ ဖျော်ဖြေမှုများလည်းပါဝင်ရာ ပရိသတ် အများအပြား လာရောက်ကြည့်ရှုအားပေးခဲ့ကြခြင်း ဖြစ်သည်။





**အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ရောက်ရှိနေသည့် Lifebuoy ၏ Help A Child Reach 5 သံတမန်ချစ်သုဝေအား စက်တင်ဘာ ၂၆ ရက်ကကျင်းပသည့် ကုလသမဂ္ဂဖျော်ဖြေရေးအခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်အတူ တွေ့ရစဉ်။**

မြန်မာနိုင်ငံအပါအဝင် ဖွံ့ ဖြိုးဆဲနိုင်ငံများအတွက် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ကူညီမှုများကို ဆယ်စုနှစ် ပေါင်းများစွာလုပ်ဆောင်လာခဲ့ပြီး နောက်ပိုင်းတွင် ပညာပေးလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပိုမိုအကူအညီများ ပေးအပ်ခြင်းဖြင့် လတ်တလောဖြေရှင်းရမည့်အရေးကိစ္စများ တဖြည်းဖြည်း ချင်းလျော့နည်းလာသည်ကို မြင်တွေ့ရကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အကြိမ် (၇၀) မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ထည့်သွင်းပြောကြားသည်။ ယခုအခမ်းအနားတွင် အခြားနှစ်များထက်ပိုမိုကာ Every Women Every Child အစီအစဉ်ဖြင့် နိုင်ငံတကာမှ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ပိုမိုဖိတ်ခေါ်ဆွေးနွေးဖြစ်ခဲ့ကြောင်း သိရသည်။

"အရောင်အသွေးစုံတဲ့ ညချမ်းမှာ အားလုံးဟာ တစ်သားတည်းရှိနေခဲ့ကြတယ်။ အားနည်းသူတွေကို အားကြီးသူတွေကမျှဝေရင်း ကမ္ဘာလုံးဆိုင်ရာ လူသားတွေအဖြစ် ရပ်တည်သွားကြမယ်"ဟု ပြောကြားရင်း ကမ္ဘာ့နာမည်ကြီး အဆိုတော် Eddie Vedder က Beyonce' ကို စင်မြင့်ပေါ်သို့ဖိတ်ခေါ်ခဲ့ပြီး ဂန္ထဝင်သီချင်းတစ်ပုဒ်ဖြစ်သည့် Redemption Song ကိုဖျော်ဖြေခဲ့ရာ ပရိသတ်များ တစ်ခဲနက် အားပေးခဲ့ကြသည်။ **(ယာပုံ)**

ထိုပွဲတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအရေးကို အထူးအလေးပေးကာ ဖော်ထုတ်ပြောဆိုခဲ့ကြပြီး အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့မှ ကလေးသူငယ်များနှင့် ယင်းတို့၏ခံစားချက်များကို ထုတ်ဖော်ပြောဆိုခွင့်များ ပေးအပ်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

အဆိုပါပွဲတော်သို့ အမေရိကန်သမ္မတနှင့် သမ္မတကတော်တို့က ဗီဒီယိုမှတစ်ဆင့် အားပေးခဲ့ရာ ၆၂ သန်းသော အမျိုးသမီးများအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေခဲ့သည်။

အခမ်းအနားတွင် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ပါကစ္စတန်အမျိုးသမီးငယ် Malala Yousafzai က ကလေးသူငယ်များနှင့် အမျိုးသမီးများအတွက် အမှာစကားပြောကြားခဲ့ပြီး ဟောလီးဝုဒ်မှ အနုပညာရှင်ပေါင်း များစွာကလည်း အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြသည်။

Pearl Jam ၏ John Lenon သီချင်းကြောင့် ဖျော်ဖြေပွဲတက်ရောက်လာကြသူအချို့ မျက်ရည်ဝိုင်းခဲ့ကြပြီး ကမ္ဘာအရပ်ရပ်ရှိ အဆင်မပြေမှုကြုံတွေ့နေရသူများအား ဆုတောင်းမေတ္တာများ ပို့သခဲ့ကြသည်။

"ထင်ထားတာထက် ပိုအောင်မြင်တဲ့ပွဲဖြစ်ပါတယ်။ ပရိသတ်တွေရဲ့ ငွေကြေးတွေဟာ ကမ္ဘာအရပ်ရပ်က လိုအပ်နေတဲ့နေရာတွေဆီကို အမြန်ဆုံးရောက်သွားမယ်လို့ ကတိပြုပါတယ်။ မိမိတို့တတ်နိုင်တဲ့အခြေအနေဟာ အခြားသူတွေအတွက် တန်ဖိုးအမြင့်ဆုံးဖြစ်နိုင်ပါတယ်" ဟု ကုလသမဂ္ဂ၏ တာဝန်ရှိသူတစ်ဦးက အဆိုပါပွဲတွင် ထည့်သွင်းပြောကြားသည်။

Global Citizens Festival သို့ ကမ္ဘာအရပ်ရပ်မှ အမျိုးသမီးနှင့် ကလေးသူငယ်အရေး ဆောင်ရွက်သူများ၊ လူသားအကျိုးပြုလုပ်ငန်းဆောင်ရွက်သူများနှင့် နိုင်ငံ့ခေါင်းဆောင်များကို ကုလသမဂ္ဂက ဖိတ်ကြားခဲ့ပြီး အဆိုပါပွဲတော်သို့ တက်ရောက်ရန် ကမ္ဘာတစ်လွှားမှ ပရိသတ်များက အဆိုပြုလွှာများ တင်သွင်းခဲ့ကြကြောင်း Global Citizens Festival ကျင်းပရေး လှုပ်ရှားမှုအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထောင်ပေါင်းများစွာသော ပွဲ



ကြည့်ရှုလိုသူများသည် နယူးယောက်မြို့ရှိ စင်ထရယ်ပတ်ခ်ပန်းခြံတွင် တန်းစီကာ စောင့်ဆိုင်းခဲ့ကြရပြီး သုံးမိုင်ခန့်ရှည်လျားသည့် ပန်းခြံတစ်လျှောက် စည်းကမ်းတကျ စီတန်းလျက်ရှိသည်ကို မြင်တွေ့ရသည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံမှ ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ၁၅ နှစ် စီမံကိန်းကို ၂၀၃၀ ပြည့်နှစ်အထိ ချမှတ်နိုင်ခဲ့ပြီး ယင်းတို့အနက် အရေးကြီးသည့် အချက် ၁၇ ချက်ဖြစ်သည့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး၊ ကျန်းမာရေးစနစ်၊ မြင့်မားသည့်ပညာရေးဘုံစနစ်၊ ကျားမခွဲခြားဆက်ဆံမှုပပျောက်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ စွမ်းအင်ကိုအကျိုးရှိစွာ အသုံးချရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံအလုပ်ရုံများနှင့် အခြေခံအဆောက်အအုံများပြည့်မီရေး၊ ဆင်းရဲချမ်းသာကွာဟမှုတိုက်ဖျက်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ လေးစားလိုက်နာမှုနှင့် ကျင့်ဝတ်ဆိုင်ရာများ အလေးထားဆောင်ရွက်ရေး၊ သဘာဝသယံဇာတထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ တောရိုင်းတိရစ္ဆာန်များအား ကာကွယ်ထိန်းသိမ်းရေးနှင့် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် ပဋိပက္ခချုပ်ငြိမ်းရေး ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းတို့ကို အလေးထား လုပ်ဆောင်တတ်ကြစေရန်နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် စောင့်ရှောက်မှုများ ပိုမိုပေးအပ်နိုင်ရန်ရည်ရွယ်ကာ ကုလသမဂ္ဂမှ Global Citizens Festival ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

## မိုင်းတုံ၌ ကျေးရွာမြေပုံဂရန် ပေးအပ်ပွဲကျင်းပ

**မိုင်းတုံ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင်မိုင်းတုံမြို့နယ် ဖာချယ်ကျေးရွာ၌ စက်တင်ဘာ ၂၇ က ကျေးရွာ မြေပုံဂရန်ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျေးရွာမြေပုံဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ကျေးရွာမြေပုံဂရန်များကို လျှောက်ထားသူ ၁၀၄ ဦး လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## နိုင်ငံတကာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

နိုင်ငံတကာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၂×၃၃ လမ်းကြား၊ ၆၈×၆၉ လမ်းကြားရှိ Community Center ၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာကျော်ရင်မြင့်က ငြိမ်းချမ်းရေးအမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသူများက အတူတကွ ငြိမ်းချမ်းရေး ပူဖောင်းများ လွှတ်တင်ကြသည်။

ထို့နောက် တေးသီချင်းများသီဆိုခြင်း၊ ကဗျာရွတ်ခြင်း၊ သရုပ်ပြတင်ဆက်ခြင်း၊ ဆွေးနွေးခြင်း၊ အမေးအဖြေပြုလုပ်ခြင်းများ ဆောင်ရွက်ကြပြီး ပူးပေါင်းပါဝင်သူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

# ဓမ္မစကူး စာရိတ္တပညာစခန်းဦး

ရတနာစည်ဆရာတော်(လှိုင်လင်)

**စခန်းဦး**

ခရီးတစ်ခု၏ ပထမဦးဆုံးသော ခိုနားရာရပ်ဝန်းသည် စခန်းဦးမည်ပါ၏။ ဤစခန်းဦးဝယ် ကောင်းမွန်စွာ အပန်းဖြေခွင့်၊ ခိုနားခွင့်၊ ရယူခွင့်၊ သင်ယူခွင့်၊ စုဆောင်းခွင့်နှင့် ရှေ့ဆက်ရမည့် ဒုတိယစခန်း၊ တတိယစခန်းတို့အတွက် မျှော်လင့်ချက်၊ မျှော်မှန်းချက်တို့ကို ပီပီပြင်ပြင် ချမှတ်ခွင့်တည်းဟူသော အခွင့်အလမ်းများ အပြည့်အဝရှိနေပါသည်။ ယင်းအပြင် ခိုနားဆဲကာလအတွင်း ခိုနားသူ၏ အနေအထားအလျောက် ရှေ့စခန်း၊ ရှေ့စခန်းများသို့တိုင် သက်ရောက်မှုအမျိုးမျိုး၊ ကောင်းဆိုးအထွေထွေ ဖြစ်ပေါ်စေနိုင်သောကြောင့် ဤစခန်းဦးသည် အရေးကြီးဆုံး၊ ပဓာနအကျဆုံးဟုပင် ဆိုရမည်ဖြစ်ပါ၏။

ယင်းစခန်းဦးဟူသည် "ပထမအရွယ်ပညာ" ဟူသော မြန်မာဆိုရိုးစကားအတိုင်း ပညာကို သင်ယူ၊ ရယူရမည့်ကာလအပိုင်းအခြားတစ်ရပ်ပင် ဖြစ်ပါတော့သည်။

**ပညာစခန်းဦး**

ဤပညာစခန်းဦး၌ ဖြစ်ထွန်းခဲ့၊ ဖြစ်ထွန်းဆဲဖြစ်သော ပညာရေးများအပေါ် အနှစ်ချုပ်သုံးသပ်လျှင် ဝိဇ္ဇာ(အသိ) ပညာ၊ သိပ္ပံ(အတတ်)ပညာဟု နှစ်မျိုးတည်ရှိ၊ ပြန့်ပွားနေပေရာ ယနေ့ကာလကား သိပ္ပံပညာ ရှေ့သွားကာလဖြစ်လာလျက်ရှိ၏။

ဤတွင် ဝိဇ္ဇာပညာရပ်များ နောက်ကျကျန်ရစ်မနေစေရန်အတွက် သက်ဆိုင်ရာ နိုင်ငံအစိုးရများက သတိကြီးစွာဖြင့် စောင့်ရှောက်ခြင်း၊ ဖြန့်ချိခြင်းများ ဆောင်ရွက်နေကြရသည်မှာလည်း အထင်အရှားပင်ဖြစ်၏။ နိုင်ငံအသီးသီး မတူကွဲပြားစွာဖြတ်သန်းလာခဲ့ကြရသော သမိုင်းလမ်းအလျောက် ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာတို့မှာ မတူကွဲပြားခြားနားနေခြင်းက တစ်နည်းတစ်ဖုံအားဖြင့် ဝိဇ္ဇာပညာကို စိန်ခေါ်လျက်ရှိကြောင်းလည်း အထင်အရှား တွေ့မြင်နေရသည်ဖြစ်၏။ ထို့အပြင် နိုင်ငံအသီးသီးတို့၏ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်အမျိုးမျိုးတို့ကလည်း ပညာရေးကို ရိုက်ခတ်လျက်သာရှိ၏။

ဤတွင် မြန်မာနိုင်ငံသားတို့၏ ပထမအရွယ်ပညာသည်လည်း သမိုင်းနှင့်အတူ တည်ငြိမ်စွာ၊ တိုးတက်စွာအပြင် နိမ့်ပါးစွာ၊ လျော့ရဲစွာဖြတ်သန်းခဲ့ရသည်မှာ အမှန်ဖြစ်၏။ သမိုင်းအရ မြန်မာနိုင်ငံ ပညာစခန်းဦးသည် ဘုန်းတော်ကြီးကျောင်းများဖြစ်ခဲ့ရာ ဘုရင်ခေတ်အဆက်ဆက် ဘုန်းတော်ကြီးကျောင်းပညာရေးဖြင့် မင်းညီမင်းသားများမှစ၍ ရပ်သူရွာသားများအထိ လွှမ်းခြုံနိုင်ခဲ့၏။

**နိုင်ငံအသီးသီး မတူကွဲပြားစွာ ဖြတ်သန်းလာခဲ့ကြရသော သမိုင်းလမ်းအလျောက် ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာတို့မှာ မတူကွဲပြားခြားနားနေခြင်းက တစ်နည်းတစ်ဖုံအားဖြင့် ဝိဇ္ဇာပညာကို စိန်ခေါ်လျက်ရှိကြောင်းလည်း အထင်အရှား တွေ့မြင်နေရသည်**

ထိုမှ ဘုရင်ခေတ်နိဂုံးနှင့် ကိုလိုနီခေတ်နိဒါန်း စတင်ချိန်သော်မူ ဘုန်းတော်ကြီးကျောင်းပညာရေးကို ကိုလိုနီပညာရေးက တစ်စတစ်စ လွှမ်းမိုးဖြန့်ကြက်သွားပြီး နောင်တွင်လွတ်လပ်ရေးခေတ်ပါလီမန်ပညာရေး၊ ဆိုရှယ်လစ်ပညာရေးနှင့် တပ်မတော်အစိုးရပညာရေးဟူသော ပညာရေးများကိုပါ ဖြတ်သန်းလာခဲ့ရ၏။ ဤသို့ဤပုံ ပညာရေးစခန်းတည်ဖြစ်ခဲ့ပြီး ယနေ့သော် ဒီမိုကရေစီပညာရေးဖြစ်လာနေပြီ။



**အစိုးရသစ်၏ ပညာရေးမြှင့်အား**

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ပညာရေးအသုံးစရိတ်ကို သုံးရာခိုင်နှုန်းကျော်ဖြင့် ကျပ်ငွေပေါင်း ၃၁၀ ဘီလီယံကျော်သုံးစွဲခဲ့ကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်သော်မူ ပညာရေးအသုံးစရိတ် ခြောက်ရာခိုင်နှုန်းကျော်အထိ တိုးမြှင့်ခဲ့ပြီး ငွေကျပ်ပေါင်း ၁၃၉၉ ဘီလီယံကျော်အထိ တိုးတက်သုံးစွဲခဲ့ခြင်းက အစိုးရသစ်၏ ပညာစခန်းဦးအပေါ် အလေးဂရုပြုခြင်းကို အထင်အရှား ပြသနေသည့် ပညာရေးမြှင့်အားတစ်ရပ်ဖြစ်၏။

**စာရိတ္တပညာရေးဖောင်ဒေးရှင်း**

အစိုးရသစ်တက်လာပြီးနောက် ပညာရေး၊ ကျန်းမာရေးတို့နှင့်စပ်လျဉ်း၍ ဂရုတစိုက်စူးစိုက်ကြည့်ရှုပြုပြုပြင်ပြင်မြှင့်တင်နေသော အချိန်နှင့်တစ်ပြေးညီ အစိုးရအခြေခံပညာရေးမူဝါဒများကို မရိုက်ခတ်စေသည့်အပြင် တစ်နည်းတစ်ဖုံ တစ်ထောင့်တစ်ကဏ္ဍမှ ပံ့ပိုးပေးမည့် စာရိတ္တပညာရေးအကျိုးပြုဖောင်ဒေးရှင်းတစ်ခု ပေါ်ထွန်းလာကြောင်း ထိုစဉ်ကတည်းက သတိပြုမိပါသည်။ ထိုဖောင်ဒေးရှင်းသည် တစ်နိုင်ငံလုံးမှ ကြည်ညိုလျက်ရှိသော ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကဆရာတော်များကို သရဖူအဖြစ်ထားရှိပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ကိုယ်ထည်အဖြစ်ထားရှိကာ အမှုဆောင်အဖွဲ့ကို လက်၊ ခြေအဖြစ် စနစ်တကျဖွဲ့စည်းထားရှိကြောင်း တွေ့မြင်သိရှိ သတိပြုမိသည့်အပြင် ၁၄-၃-၂၀၁၂ ၌ စတင်ဖွဲ့စည်းခဲ့ရာတွင် ပြည်တွင်းပြည်ပ သာသနာပြုဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ပညာရှင်များ၊ ပြည်ပတက္ကသိုလ်များမှ ဘွဲ့ရ ရဟန်းပညာရှင်များ၊ သီလရှင်ဆရာကြီး-ဆရာလေးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး သာသနာ့နုဂ္ဂဟအသင်းကြီး၊ ဓမ္မရောင်ခြည် စသည်ဖြင့် ပညာရှင်အများအပြား ပါဝင်ကြောင်းကိုလည်း သတိပြုမိခဲ့ပါသည်။

ယင်းဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်များနှင့်အတူ သုံးနှစ်တာလျှောက်လှမ်းခဲ့ပြီး ခရီးအထိ မမှိတ်မသုန်ကြည့်ရှုလေ့လာ သုံးသပ်မိသောအခါ ဝယ်. . . .။

**ဓမ္မစကူးဖောင်ဒေးရှင်း**

ထိုပညာရေးအကျိုးပြုဖောင်ဒေးရှင်း၏အမည်သည် ဓမ္မစကူးဖောင်ဒေးရှင်းဖြစ်၏။ တည်နေရာသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း မြိတ်ကျားကျောင်းဖြစ်၏။ ဓမ္မစကူးဖောင်ဒေးရှင်းမတည်ငွေ အလှူရှင်မှာ ဒေါက်တာ ဒေါ်ခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ) မိသားစုဖြစ်၏။ ဓမ္မစကူးဖောင်ဒေးရှင်း၏ မျှော်မှန်းချက်သည် ခေတ်မီသင်ကြားရေးစနစ်များ ပါဝင်သည့် အတန်းစဉ်အလိုက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည့် ဓမ္မစကူးကျောင်းများ မြန်မာနိုင်ငံအနှံ့ ပေါ်ပေါက်လာပြီး မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗုဒ္ဓဓမ္မများကို အခြေခံမှစ၍ လေ့လာသင်ကြားနိုင်ရန်၊ ဗုဒ္ဓဓမ္မများကို သိရှိနားလည်တန်ဖိုးထားကျင့်သုံးနိုင်ကာ ယဉ်ကျေးသိမ်မွေ့ပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရန် စသည့် စာရိတ္တဗလ အကျိုးပြု စေတနာလှုံ့ဆော်မှုနှင့် လက်တွေ့အကောင်အထည်ဖော်မှုများဖြစ်၏။

သုံးနှစ်တာကာလအတွင်း ဖြစ်ထွန်းလာသည့် မှန်ကန်တိကျသောကိန်းဂဏန်းများမှ ဓမ္မစကူးဖောင်ဒေးရှင်း၏ တတိယနှစ်သက်တမ်းဖြစ်သော ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ဝယ် တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်သင်ကြားပေးသော ဓမ္မစကူးပေါင်း ၃၉၀၀၊ ဓမ္မစကူးဆရာဖြစ်သင်တန်းဆင်း ဆရာ ဆရာမပေါင်း ၁၅၄၁၃ ဦး တက်ရောက်သင်ယူသည့် ကျောင်းသား ကျောင်းသူပေါင်း ပထမတန်းမှ ပဥ္စမတန်းအထိ ၁၇၅၃၅၄ ဦးအထိ ပေါ်ထွန်းလာလျက်ရှိကြောင်း လေ့လာသိရှိရ၏။

**ဓမ္မစကူး ဩဝါဒါစရိယ**

ယင်းဓမ္မစကူးဖောင်ဒေးရှင်း၏ ဩဝါဒါစရိယ ဆရာတော်ကြီးငါးပါးမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ အင်းစိန်ရွာမဆရာတော်ကြီး ဘဒ္ဒန္တတိလောကာဘိဝံသ၊ ရွှေသုဝဏ်ဆရာတော်ဘဒ္ဒန္တသဒ္ဓိယ၊ တိပိဋကယောဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်များဖြစ်ပါ၏။

ထိုဆရာတော်ကြီးများ၏ ဩဝါဒတော်များသည် ဓမ္မစကူးဖောင်ဒေးရှင်း၏ "အလင်းတန်း"များ ဖြစ်လျက်ရှိပါ၏။

"မြန်မာပြည်မှာ ဓမ္မစကူးတွေစနစ်တကျဖြစ်ပေါ်စေချင်တယ်။ ဝိုင်းဝန်းကြိုးစားကြပါ" (မဟာနာယကဥက္ကဋ္ဌဆရာတော်ကြီး)

"တန်ဖိုးကြီးမားလှတဲ့ ဓမ္မသဘာဝကို ကလေးအရွယ်ကစပြီး သိရှိနားလည်လာအောင် ဖြန့်ဝေပေးဖို့အတွက် လက်ရှိ ရဟန်း၊ လူတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဓမ္မစကူးတွေကို မဖြစ်မနေ ဖြစ်အောင်လုပ်ဆောင်ကြဖို့ တိုက်တွန်းပါတယ်" (အင်းစိန်ရွာမဆရာတော်ကြီး)

"လူသည် ကံဖြင့် ပထမမွေးဖွားရသည်။ ဉာဏ်ဖြင့် ဒုတိယမွေးဖွားရသည်။ ဝီရိယဖြင့် တတိယမွေးဖွားရသည်။ သုံးခါမွေးမှ လူ၏အင်အားပြည့်ဝ၍ ဘဝအနှစ်တိုးပွားသည်၊ ဘဝအနှစ်တိုးပွားအောင် ဓမ္မစကူးများဖွင့်ကြပါ"(တိပိဋကယောဆရာတော်)

**ဓမ္မစကူးနာယက**

ယင်းအပြင် ဓမ္မစကူးဖောင်ဒေးရှင်းနာယကဆရာတော်များနှင့် တာဝန်ရှိဆရာတော်များ၏ ဩဝါဒများကလည်း "အင်အား" တစ်ရပ်ဖြစ်လျက်ရှိ၏။

"ဓမ္မစကူးဆိုတာ ဗုဒ္ဓဘာသာပျိုးခင်းပါ။ ဓမ္မစကူးကျောင်းသား/ကျောင်းသူဆိုတာ ဗုဒ္ဓဘာသာပျိုးပင်လေးတွေပါ" (ဘဒ္ဒန္တသာသနဝရ၊ စိန်ရတနာဓမ္မာစရိယစာသင်တိုက်)

"အနာဂတ်မျိုးဆက်သစ်တွေအတွက် ထူးချွန်မှု၊ အောင်မြင်မှု၊ လုံခြုံမှု၊ စိတ်ချမ်းသာမှုတွေကိုပေးမယ့် ခေတ်မီသင်ရိုးစာအုပ်တွေ၊ ခေတ်မီသင်ကြားသင်ယူမှုဆိုင်ရာ နည်းစနစ်တွေနဲ့ စနစ်တကျဖွင့်လှစ်တဲ့ ဓမ္မစကူးများပါ"(ဘဒ္ဒန္တဉတ္တရ၊ မြိတ်ကျားကျောင်း)

"မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာအခွန့်ရှည်တည်တံ့ခဲ့တယ်ဆိုတာ ဘုန်းတော်ကြီးကျောင်းတွေနဲ့လူငယ် တွေ အထိအတွေ့၊ အဆက်အဆံများခဲ့လို့ပါ။ လူငယ်တွေအတွက် ဘုန်းကြီးကျောင်းတွေက အသိပညာ၊ အတတ်ပညာတွေသင်ကြားပေးနိုင်ခဲ့ကြလို့ပါ။ ဒီနေ့ကာလမှာ ဘုန်းတော်ကြီးကျောင်းတွေနဲ့လူငယ်တွေ ဝေးကွာလာနေကြတာဟာ ဆုတ်ယုတ်ခြင်းရဲ့သင်္ကေတတွေပါ။ ဒါကြောင့် လူယ်တွေ အပတ်စဉ်တိုင်း ဘုန်းတော်ကြီးကျောင်းတွေမှာ ဗုဒ္ဓစာပေတွေ သင်ယူခွင့်ရနိုင်မယ့် ဆန်းဒေးဓမ္မစကူးတွေ မဖြစ်မနေဖွင့်ဖို့လိုအပ်ပါတယ်"
(ဘဒ္ဒန္တကုသလသာမိ၊ ပျော်ဘွယ်)

"ဓမ္မစကူးဖောင်ဒေးရှင်းရဲ့ သင်ရိုးညွှန်းတမ်းမှာပါတဲ့ဗုဒ္ဓဘာသာသင်ခန်းစာတွေဟာ လူငယ်တွေကို ဘာသာရေးအချက်အလက်တွေသင်ပေးရုံ (Message)၊ အသိပညာဗဟုသုတတွေပေးရုံ (Knowledge)၊ သဘောပေါက်နားလည်လာရုံ (Understanding) တင်မကဘဲ ဘဝမှာ လက်တွေ့ကျင့်သုံးလာနိုင်တဲ့ အဆင့် (Practice) အထိရောက်အောင် ပညာရှင်တွေနဲ့ ပူးပေါင်းတိုင်ပင်ပြီး ရေးဆွဲထားတဲ့ ဗုဒ္ဓဘာသာစာရိတ္တပညာရေးစနစ်တစ်ခု (Buddhist Ethical Education) ဖြစ်ပါတယ်" (ဒေါက်တာအရှင်ဉာဏိန္ဒ၊ ဓမ္မစကူးဖောင်ဒေးရှင်း)

"ကလေးများအားလုံး အကောင်းဆုံးစိတ်နဲ့ဘဝတည်ဆောက်နိုင်ဖို့ အကောင်းဆုံးအလုပ်တွေ လုပ်သွားနိုင်ဖို့ မိမိရဲ့ပတ်ဝန်းကျင်ကို အကောင်းဆုံးတွေပေးသွားနိုင်ဖို့ ဓမ္မစကူးဖောင်ဒေးရှင်းက ကြိုးစားပေးနေပါတယ်"(ဒေါ်ခေမာစာရီ၊ သမိဒ္ဓေါဒယ)

အမြွက်မျှဖော်ပြအပ်ပါသော အထက်ပါအလင်းတန်းများ၊ အင်အားများနှင့်တကွ ပညာရှင်များ၊ စေတနာရှင်များ၊ သာသနာတော်ကိုကြည်ညိုလေးမြတ်ကြပါသော ရပ်မိရပ်ဖပြည်သူများ၏ သာမဂ္ဂီစွမ်းအားဖြင့် ဓမ္မစကူးဖောင်ဒေးရှင်းသည် တရိပ်ရိပ်မြင့်မားလာကာ သုံးနှစ်ကျော်ကာလ ယနေ့သမယတွင်သော် နိုင်ငံ့ရင်သွေးငယ်လေးများ၏နှလုံးသား၌ ဘုရားတည်၍ တရားရည်ရွှမ်းစိုလျက် သံဃာကို ကိုးကွယ်တတ်စေကာ မိဘနှင့်ဆရာကိုလည်း ရိုရိုသေသေဂရုဂါရဝထားတတ်သည့်အပြင် "ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူသနား"ဟူသည့် စာရိတ္တပညာကျင့်သုံးဖွယ် အဖြာဖြာတို့ကို ကောင်းစွာဖြန့်ကြက်နိုင်လျက်ရှိနေပါပြီ။

**ရတနာစည်ဓမ္မစကူး**

ဓမ္မစကူးဖောင်ဒေးရှင်းကို သုံးနှစ်တိုင်တိုင် စိတ်ဝင်တစား စူးစမ်းလေ့လာသုံးသပ်ပြီးသည့်နောက်တွင်မူ ဤအရှင်တို့ကျောင်းတိုက်၌ ရတနာစည်ဓမ္မစကူးဖွင့်နိုင်ရန် ဆရာ၊ ဒကာညီညွတ်စွာဖြင့် စည်းဝေးတိုင်ပင်ညှိနှိုင်းကြကာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အစတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါပြီ။

**ဓမ္မစကူးအတွေ့အကြုံများ**

ဗဟိုဓမ္မစကူးဖောင်ဒေးရှင်းကို သုံးနှစ်တိုင်လေ့လာကာ ကိုယ်တိုင်ဓမ္မစကူးဖွင့်ပြီး သုံးလခန့်ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့်စပ်လျဉ်း၍ အတည့်နှင့်အလွဲ၊ အထစ်နှင့်အချောစသော စိတ်ဝင်စားဖွယ်များကို ဆက်လက်၍ မှတ်တမ်းတင်ပါဦးမည်။

## မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

ဗန်းမော် စက်တင်ဘာ ၂၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးရွာများအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလဒုတိယပတ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းကျော်က မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာ ၂၅ ရွာကို တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၇၅၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရန်ကုန်မြို့ ဆူးလေစေတီတော် ပိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်နှင့် ကျိုက္ကစံစေတီတော်များသို့ သွားရောက်ဖူးမြော်ကြည်ညို



**ရန်ကုန် စက်တင်ဘာ ၂၇**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဆူးလေစေတီတော်နှင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် တို့သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျိုက္ကစံစေတီတော်သို့ လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စေတီများကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊ စေတီတော်များ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်ရေး ဆောင်ရွက်ရာ၌ သာသနာတော် ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ရန်၊ ရှေးသက်န်းများ ကပ်လှူရာ၌ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်ရန်၊ ဘုရားဖူးလာရောက်သည့် ပြည်တွင်းပြည်ပမှ ဘုရားဖူးများ အေးချမ်းလုံခြုံစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စေတီတော်လုံခြုံရေး အဖွဲ့ဝင်များဖြင့် လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်ရန်တို့အပြင် မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းများအား နှစ်စဉ် ပညာရှင်များဖြင့်စနစ်တကျ စစ်ဆေးကြည့်ရှု၍ လိုအပ်ပါက အသစ်လဲလှယ် တပ်ဆင်အသုံးပြုသွားကြရန်၊ ယာဉ်ရပ်နားရန်နေရာများနှင့် ဈေးဆိုင်ခန်းများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေရေး ကြီးကြပ်ဆောင်ရွက်သွားကြရန်နှင့် စေတီတော်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလည်း ဘာသာသာသနာ စိတ်ပြည့်ဝစွာဖြင့် တာဝန်ထမ်းဆောင်တတ်စေရေးသင်ကြားလေ့ကျင့်ပေးကြရန်မှာကြားခဲ့ပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များက တင်ပြသည်များကိုလည်း ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းထုတ်ပြန်မှု သတ်မှတ်ကာလ နောက်ဆုံးနေ့တွင် မရမ်းကုန်းမြို့နယ်(၁) ရပ်ကွက်၌ လာရောက်ကြည့်ရှုသူ ပိုမိုများပြားခဲ့

**သတင်း – ဇော်ကြီး (ပဏ္ဍိတ)**

**ဓာတ်ပုံ – မြင့်ဝေ**

**ရန်ကုန် စက်တင်ဘာ ၂၇**

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းများကိုထုတ်ပြန်ထားရာ သတ်မှတ်ကာလနောက်ဆုံးနေ့တွင် လာရောက်ကြည့်ရှု၊ ပြင်ဆင်၊ လျှောက်ထားသူ ပိုမိုများပြားခဲ့ကြောင်း မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

"မဲစာရင်းကြည့်ရှု ပြင်ဆင်၊ လျှောက်ထားခွင့် ကာလနောက်ဆုံးနေ့ဆိုတော့ အရင်နေ့တွေထက် လာရောက်ကြည့်ရှုတဲ့သူတွေ ပိုများတယ်။ အရင်နေ့တွေကလည်း လာကြည့်ကြတယ်ဆိုပေမယ့် ဒီနေ့က ရုံးပိတ်ရက်လည်းဖြစ်တော့ ပိုပြီးများတယ်။ လာရောက်ကြည့်ရှုသူအားလုံးကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေအတိုင်း အဆင်ပြေအောင်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု အဆိုပါ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၇ ရက် တွင် ပြောသည်။

တစ်နိုင်ငံလုံး မဲစာရင်းများကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက် အထိကြေညာခဲ့ပြီး မဲဆန္ဒရှင်များ အနေဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်များက ဆောင်ရွက်ပေးခဲ့ရာ မရမ်းကုန်းမြို့နယ်(၁) ရပ်ကွက်ရှိ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲ တွင် ပုံစံ (၃) ဖြင့် လျှောက်ထားသူ ၁၀၃၅ ဦး၊ ပုံစံ(၃-က)ဖြင့် လျှောက်ထားသူ ၃၀၁ ဦး၊ ပုံစံ (၄)ဖြင့် ကန့်ကွက်သူ ၅၇ ဦး၊ ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားသူ ၃၂၀ ဦး ရှိကြောင်း သိရသည်။

ထိုသို့ လာရောက်လျှောက်ထားသူများအနက်မှ စက်တင်ဘာ ၂၇ ရက် တစ်ရက်တည်းတွင် ပုံစံ(၃) ဖြင့် လျှောက်ထားသူ ၂၂၅ ဦး၊ ပုံစံ (၃-က) ဖြင့် လျှောက်ထားသူ ၆၀၊ ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ကိုးဦး၊ ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားသူ ၇၀ အထိ ရှိခဲ့သည်။ ယင်း ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၁၈၄၅၃ ဦး၏ အမည်စာရင်းများကို ထုတ်ပြန်ထားကြောင်း သိရသည်။

"အရင်ရက်တွေက အလုပ်မအားလို့လာမကြည့်ခဲ့ဘူး။ ဒီနေ့က နောက်ဆုံးရက်ဆိုတော့ အလုပ်နားပြီး လာကြည့်တာပါ။ မဲစာရင်းမှာ မပါသေးလို့ လျှောက်ခဲ့တယ်။ မဲပေးခွင့် မဆုံးရှုံးခဲ့တဲ့အတွက် ကျေနပ်ပါတယ်"ဟု မဲစာရင်းလာရောက်ကြည့်ရှုသူ ကိုထွန်းက ပြောသည်။





**စက်တင်ဘာ ၂၇ ရက် တော်သလင်းလပြည့်မတိုင်မီ အကြိုညတွင် သာမန်လပြည့်ညများထက် ထူးကဲတောက်ပသော စူပါမွန်းဖြစ်စဉ်ကို နေပြည်တော်ကောင်းကင်ယံ၌ တွေ့မြင်ရစဉ်။**

(ဖြစ်စဉ်မှာ လသည် ကမ္ဘာနှင့် အနီးကပ်ဆုံးအနေအထားသို့ ရောက်ရှိလာ၍ လအချင်းကို မြင်တွေ့နေကျအရွယ်ထက် ၁၄ ရာခိုင်နှုန်း ပိုမိုကြီးမားစွာ မြင်တွေ့ရခြင်းဖြစ်သည်။ ယခုအချိန်တွင် လကြတ်ခြင်းဖြစ်စဉ်နှင့် စူပါမွန်းဖြစ်စဉ်တို့ တစ်ပြိုင်နက်တည်းဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံအဖို့ လကြတ်ဖြစ်စဉ်ကို တွေ့မြင်ရမည်မဟုတ်ဘဲ ကြီးမားတောက်ပသော စူပါမွန်းဖြစ်စဉ်ကိုသာ တွေ့မြင်ရမည်ဖြစ်သည်။) **ကိုကိုနေ**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူး တင်မင်းဦး ဦးစီးသည့် တပ်ဖွဲ့ဝင် အရာရှိ/အခြားအဆင့် ၁၅၀ တို့က စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး တပ်ဖွဲ့ဝင်အရာရှိ/အခြားအဆင့် ၁၀၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

# လှည့်ကင်းဆောင်ရွက်နေစဉ် ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လက်ပန်လှရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက လက်ပန်လှကျေးရွာ ပြည်စိုးအောင်ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၄၇/၇)နှင့် (၄၈/၀)ကြားအရောက် မိုးကုတ် ဘက်မှ မန္တလေးဘက်သို့ နံပါတ်မပါသည့် HYBIRD Super Cub ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိရ၍ ရပ်တန့်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာနေ သန့်ဇင်မိုး(ခ)ပီချေး(၃၇ နှစ်)ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား လက်ပန်လှရဲကင်းစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၇-၉-၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၆၂၈၇၃ စုမှ လူဦးရေ ၁၆၉၅၀၂၉ ဦး ရေဘေးသင့်ခဲ့ပြီး ၁၃၂ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၈၀၃၁၃၀၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၃၉၉၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၅၆၉၉၃၀၉၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၆၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၁၆၆၀၈၈၉၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | မျောပါ/ ပျက်စီး အိမ်ခြေ | ဘေးသင့် အိမ်ထောင်စု | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | ပြန်လည်ထူထောင်ရေးအတွက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **-** | **၆၄၀၄၅၇၁၀** |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၂၇ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၆၃ | ၉၆၄၀၁ | ၄၇၃၃၂၉ | ၂၇ | ၄၂၀၀၃၄၀၀ | ၁၄၈၅၀၀၀ | ၁၉၈၅၀၀၀၀ | ၇၇၁၆၆၁၃၆ | ၂၆၀၀၀၀၀ | - | ၁၄၃၁၀၄၅၃၆ |
| ၂ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၁၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ |
| ၃ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၆ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၅၀၁၇၅၀ | - | ၁၁၅၅၀၀၀၀ | ၃၃၃၅၁၃၆၈ | ၁၂၀၀၀၀၀ | - | ၅၅၆၀၃၁၁၈ |
| ၅ | ချင်းပြည်နယ် | ၂၉၅၁ | ၄၂၈၃ | ၂၁၉၅၆ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ |
| ၆ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ |
| ၈ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၁၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၁၆၉၃ | ၃၀၁၆၉၄ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၉၁၁၄ | ၁၂၆၈၂၁ | ၄၉၈၀၄၃ | - | ၁၆၀၀၉၆၅၀ | - | ၈၅၅၀၀၀၀ | ၄၄၄၈၅၇၆၀ | - | - | ၆၉၀၄၅၄၁၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၆၇၄ | ၆၃၅၇၆ | ၁ | ၃၅၂၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၈၇၉၉၀ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး | ၃ | ၈၁ | ၃၂၃ | - | - | - | - | - | - | - | - |
| | **ပေါင်း** | **၃၈၉၁၄** | **၄၂၁၃၆၈** | **၁၆၈၀၁၁၈** | **၁၂၅** | **၉၄၄၈၃၉၅၀** | **၁၂၉၃၆၄၅၀** | **၉၉၆၄၀၀၀၀** | **၃၄၁၂၈၇၅၁၀** | **၁၀၉၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၅၂၅၆၃၁၈၀** |
| | **ဇွန်လမှစက်တင်ဘာလထိ စုစုပေါင်း** | **၃၉၃၁၉** | **၄၂၃၅၁၄** | **၁၆၉၅၀၂၉** | **၁၃၂** | **၉၈၀၃၁၃၀၀** | **၁၆၇၂၉၂၃၀** | **၁၃၉၉၄၀၀၀၀** | **၃၅၆၉၉၃၀၉၀** | **၁၁၆၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၉၁၆၆၀၈၈၉၀** |

## ကသာခရိုင်အတွင်းရှိ ကျောင်းများသို့ စာသင်ခုံများထောက်ပံ့ပေး

**ကောလင်း စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ မြို့နယ်ခုနစ်မြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ငွေကျပ် ၁၂၆၂၃၉၄၀၀ တန်ဖိုးရှိ စာသင်ခုံ ၃၁၃၁ ခုံကို ကျောင်းသားဦးရေအလိုက် နိုင်ငံတော်အစိုးရက ထောက်ပံ့ဖြန့်ဝေလျက်ရှိသည်။ စာသင်ခုံများ ထောက်ပံ့ဖြန့်ဝေမှုမှာ စာသင်ခုံမြင့် ၁၁၇၉ ခုံနှင့် ခုံနိမ့် ၁၉၅၂ ခုံ ဖြစ်ပြီး ကသာမြို့နယ်အတွက် ၆၅၆ ခုံ၊ ကောလင်းမြို့နယ်အတွက် ၄၆၃ ခုံ၊ ဝန်းသိုမြို့နယ်အတွက် ၂၄၈ ခုံ၊ ပင်လည်ဘူးမြို့နယ်အတွက် ၄၁၈ ခုံ၊ အင်းတော်မြို့အတွက် ၄၈၃ ခုံ၊ ဗန်းမောက်မြို့နယ်အတွက် ၄၀၇ ခုံနှင့် ထီးချိုင့်မြို့နယ်အတွက် ၄၅၆ ခုံတို့ဖြစ်သည်။ စာသင်ခုံမြင့်တစ်ခု၏ တန်ဖိုးမှာ ငွေကျပ် ၄၃၀၀၀ နှင့် ခုံနိမ့်တစ်လုံး၏ တန်ဖိုးမှာ ငွေကျပ် ၃၈၇၀၀ ရှိ၍ သံကိုယ်ထည်များဖြင့် ပြုလုပ်ထားသော ကျောင်းသား လေးဦးထိုင် စာသင်ခုံများဖြစ်သည်။ ကျေးရွာများရှိ ကျောင်းများသို့ စာသင်ခုံများ အမြန်ဆုံးရောက်ရှိအောင် ဖြန့်ဝေပို့ဆောင်ပေးလျက်ရှိကြောင်း ကောလင်းမြို့နယ် ပညာရေးမှူး ဒေါ်တင်ပုက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**



# ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သောဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို သာသနာရေးဝန်ကြီးဌာနကဦးစီး၍အလှူရှင်များလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ပြိုကျ/ပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းဖြစ်ပြီး ရေတိုက်စားမြေပြို၍ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းနှင့် ရေဝင်ရေမြုပ်၍ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းတို့ဖြစ်သည်။

သာသနာရေးဝန်ကြီးဌာန
ဘုန်းတော်ကြီးကျောင်း (၄၀ x ၃၀) ပေ၊ သံကူကွန်ကရစ် (ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ)



တန်ဖိုးငွေကျပ် သိန်း(၅၀၀)

အသစ်ပြန်လည်တည်ဆောက်ပေးမည့် ပေ (၄၀× ၃၀)သံကူကွန်ကရစ် ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ တန်ဖိုးမှာ ငွေကျပ်သန်း ၅၀ ကုန်ကျမည်ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် တန်ဖိုးငွေကျပ်သန်း ၃၅၀၊ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ သန်း၊ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၄ သန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅၉ ဒသမ ၃၄ သန်း ကုန်ကျမည်ဖြစ်သည်။

စေတနာရှင်အလှူရှင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းချင်း တစ်ဦးတည်းဒါယကာခံ၍ဖြစ်စေ၊ အသင်းအဖွဲ့လိုက် စုပေါင်းဒါယကာခံ၍ဖြစ်စေ၊ တစ်ဦးချင်း တတ်အားသရွေ့ဖြစ်စေ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

၁။ ဦးထိန်လင်း
ညွှန်ကြားရေးမှူး(ဦးစီး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆

၂။ ဦးဝင်းနိုင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၆၁၂၇၅၊ ၀၉-၅၅၅၇၇၇၈

၃။ ဦးခင်မောင်ဝင်း
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀

# ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်း အချိန်မီပြီးစီးရေးဆောင်ရွက်

**ဟားခါး စက်တင်ဘာ ၂၇**

ဟားခါးမြို့ပေါ်၌ တစ်နေ့တခြား လူဦးရေ ထူထပ်များပြားလာလျက်ရှိပြီး ပြည်သူ့ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များရှိ တိုင်းရင်းသားပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းကို ရေအရင်းအမြစ်တည်ရှိသည့် သီးမစ်ချောင်းရေကာတာမှစ၍ ရေသံပိုက်လုံးများ သွယ်တန်းတပ်ဆင်မြှုပ်နှံလျက်ရှိရာ ယခုအခါ ဟားခါးမြို့ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းကို မြန်မာ့အလှူကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး သတ်မှတ်ကာလအချိန်မီ ပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၌ နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၌ နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်သည်။

**(မိုး/ဇလ)**

# သီပေါ-နမ့်ပေါ့တံတားနှင့် သီပေါ-ပန်လုံ-နမ့်ဆန်လမ်း ပြည်နယ်ဝန်ကြီးစစ်ဆေး

**သီပေါ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး(၁)လမ်းအထူးအဖွဲ့(၆)(လားရှိုး) ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးအောင်၊ သီပေါမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် ကော်မတီသုံးရပ်မှ တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၆ ရက်က ၂၀၁၅-၂၀၁၆ ခုနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော သီပေါ-ပန်လုံ-နမ့်ဆန် လမ်းလုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် သီပေါမြို့နယ်၌ ဇူလိုင်နှင့် ဩဂုတ်လအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းတို့ ရေလျှံကာ ကျိုးကျပျက်စီးသွားသော နမ့်ပေါ့ချောင်းတံတားအသစ်တည်ဆောက်မှုလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

သီပေါ-ပန်လုံ-နမ့်ဆန်လမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းတိုးချဲ့ခြင်းလုပ်ငန်းများအတွက် နိုင်ငံတော်က ငွေကျပ် ၈၀၃ ဒသမ ၈၇၅ သန်းကိုလည်းကောင်း၊ သီပေါနှင့် နမ့်ပေါ့ချောင်းကူးတံတား သံကူကွန်ကရစ် နှစ်လမ်းသွားအတွက် ငွေကျပ် ၅၇၆ သန်းနှင့် ချဉ်းကပ်လမ်းအတွက် ငွေကျပ် ၈၇ သန်းတို့ကိုလည်းကောင်း ရန်ပုံငွေများ ချမှတ်ပေးထားကြောင့် တံတားတည်ဆောက်ရေး တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်တာက ပြောသည်။

**စိုင်း(သီပေါ)**



ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် (၇၁/၂-၇၃/၃)ကြားရှိ တွီဖန်တံတား (၃/၇၂) ပေ ၂၁၀ ဘေလီတံတား ရေတိုက်စားနေပုံ။ (ဆောက်လုပ်ရေး)



ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် (၇၁/၂-၇၃/၃)ကြားရှိ တွီဖန်တံတား (၃/၇၂) ပေ ၂၁၀ ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းနေပုံ။ (ဆောက်လုပ်ရေး)

# ကျောက္ကာကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် အိမ်များဆောက်လုပ်လျက်ရှိ

**ကလေး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ ရေဘေးသင့်ကျေးရွာတစ်ခုဖြစ်သော ကျောက္ကာကျေးရွာ၌ ရေဘေးသင့် ပြည်သူများအတွက် နေအိမ်များကို ကုမ္ပဏီများက စက်တင်ဘာလ ပထမပတ်အတွင်းမှ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကျောက္ကာကျေးရွာမှ ရေဘေးကြောင့် ပျက်စီးသွားသည့် နေအိမ်များနေရာတွင် လူနေအိမ်သစ် ၁၀၁ လုံးကို ဆောက်လုပ်ရန်လျာထားကြောင်းသိရသည်။

ယခုအခါ အဆိုပါ အိမ် ၁၀၁ လုံးမှ အိမ်အလုံး ၃၀ ကို ဆန်းသစ်စဦး၊ အောင်မိုးမြေ၊ ဘုန်းမြတ်ဖြိုး၊ ပန်းမွန်၊ Holy Land နှင့် Myanmar Land ကုမ္ပဏီများက စတင်ဆောက်လုပ်နေကြခြင်းဖြစ်သည်။ “အိမ်ဆောက်မယ့်သစ်တွေ အချိန်မီမရောက်တဲ့ အခက်အခဲတွေဖြစ်နေတော့ သတ်မှတ်ကာလအတွင်းမှာ ပြီးစီးအောင် ဆောက်လုပ်နိုင်ဖို့ အခက်အခဲတွေ ရှိပါတယ်”ဟု ကုမ္ပဏီသုံးခု၏ တာဝန်ခံ ဦးရဲအောင်က ပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ကလေးဒေသအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများ လျှံတက်ကာ ကလေးမြို့နယ်အတွင်း၌ မကြုံစဖူး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး လယ်ယာမြေ၊ အိုးအိမ်နှင့် အခြားကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ယခုအခါ နိုင်ငံတော်နှင့် စေတနာရှင် ပြည်သူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၏ ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**



# သက်မွေးထောက်ကူပြု စက်ချုပ်သင်တန်းဖွင့်

**မိုးညို စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်တင်ဘာ ၂၅ ရက်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းမောင်က အမှာစကားပြောကြားပြီး သင်တန်းတက်ရောက်လာသူများကို သင်တန်းအထောက်အကူပြု ဆက်စပ်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**




# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အောက်ကျဆင်း

**နေပြည်တော် စက်တင်ဘာ ၂၇**

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက်ရှိခဲ့ရာမှ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းတာ ချက်အရ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

# ငဝန်ရေကာတာပြန်လည်ပြုပြင်ရန် တိုင်းတာလျက်ရှိ

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၇**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် စက်တင်ဘာ ၂၆ ရက်က ၂၇ ဒသမ ၅၀ ပေသို့ ရောက်ရှိနေပြီး မြစ်ရေဆက်လက်ကျဆင်းလျက်ရှိသည်။ ရေကြည်မြို့နယ် ဆည်မြောင်းဦးစီးဌာနနှင့် ငါးသိုင်းချောင်းမြို့ ဖွံ့/ထောက်ကော်မတီ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက ငဝန်ရေကာတာ တာမိုင် ၄၆/၂ ငဝန်ရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ရှေ့ဆောင်ရပ်ကွက် တာမိုင် ၄၇/၃ အထိ မြို့တွင်းရေကာတာနှင့်အိမ်ခြေများ ဆောက်လုပ်ထားရှိမှုအခြေအနေကို တိုင်းတာဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မြို့နယ်ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဩဂုတ်လအတွင်း ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် မြို့တွင်းရေကာတာ၌ ရေယိုစိမ့်ပေါက်များဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ဝိုင်းဝန်းကူညီမှုဖြင့် အရေးပေါ်နေ့ညမပြတ် ဆောင်ရွက်ခဲ့ရသည့်အပြင် ရေကာတာ၏ သက်တမ်းမှာလည်း နှစ်ပေါင်း ၁၀၀ ကျော်ကြာမြင့်ပြီဖြစ်ရာ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြို့တွင်းနှင့်ပတ်ဝန်းကျင်ရေကာတာပျမ်းမျှအမြင့်မှာ ၃၄ ပေခန့်ရှိပြီး စိုးရိမ်ရေအမှတ် ၂၇ ပေ နှင့် အန္တရာယ်ရေအမှတ်မှာ ၃၂ ပေဖြစ်သဖြင့် တိုင်းတာဆောင်ရွက်ချက်များအရ လိုအပ်သောနေရာများ၌ ထပ်ပိုးလွှာအမြင့်တင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုပြောကြားခဲ့သည်။



ဆက်လက်၍ မြို့ဖွံ့/ထောက်ကော်မတီတာဝန်ရှိသူတစ်ဦးကလည်း နှစ်စဉ်မြစ်ရေကြီးမြင့်မှု အန္တရာယ်ကြုံတွေ့လာနိုင်သည့်အပြင် ငဝန်ရေကာတာ၏သက်တမ်းအရ ရေကာတာကြံ့ခိုင်မှုကောင်းမွန်ရေး ဒေသခံပြည်သူများက လိုလားလျက်ရှိကြကြောင်း ပြောကြားခဲ့ပြီး မြို့မရပ်ကွက် ငဝန်ရေကာတာခြေအနီးရှိ ပွဲရုံပိုင်ရှင်တစ်ဦးကလည်း ရေကာတာကြံ့ခိုင်မှုအတွက်လိုအပ်လာပါက ဆည်မြောင်းဦးစီးဌာနနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ညွှန်ကြားချက်ဥပဒေများကို အလေးထားလိုက်နာဆောင်ရွက်သွားမည့်အပြင် အများပြည်သူအကျိုးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# သမိုင်းထဲက ဇျိုင်းအင်းကန် ကန်တော်ကြီးတစ်ခုသဖွယ် ဖြစ်လာတော့မည်

**သတင်းဆောင်းပါး-ကျော်သူဝင်း**

**ဓာတ်ပုံ-သက်ထက်**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ တိမ်ကောနေသော သမိုင်းဝင် ဇျိုင်းအင်းကန်ကို ခေတ်မီကန်ကြီးအဖြစ် ပြန်လည်တူးဖော်တည်ဆောက်လျက်ရှိသည်။

ဒေသခံပြည်သူများက ဇျိုင်းအင်းကန်ကြီးကို ပြန်လည်ပြုပြင်တူးဖော်လိုသော ဆန္ဒရှိကြသော်ငြားလည်း လူအားငွေအား အဘက်ဘက်က မတတ်နိုင်၍ လက်မှိုင်ချနေခဲ့ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် နှစ်ပေါင်းများစွာကြာ တိမ်ကောလာသော သမိုင်းဝင် ဇျိုင်းအင်းကန်ကြီးကို ဒေသခံပြည်သူများ၏ဆန္ဒနှင့်အညီ နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၁၄၀ အကုန်အကျခံ၍ ပြန်လည်တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေဧက ၆၀၀ ကို ရေပေးဝေနိုင်မည့်အပြင် တပ်ကုန်းမြို့ပေါ် ခြောက်ရပ်ကွက်ရှိ လူဦးရေ ၃၆၀၀၀ ခန့်ကို သောက်သုံးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဇျိုင်းအင်းကန်ကြီးကို ပြီးခဲ့တဲ့ ဇူလိုင်လကတည်းက စတင်တူးဖော်ခဲ့တာပါ။ ကန်ကြီးက နှစ်ပေါင်းများစွာ တူးဖော်မှုမရှိတာကြောင့် သဲနုန်းတွေပြည့်ပြီး ကောနေပါတယ်။ ဒါ့ကြောင့် ရေဝင်ရောက်မှုမရှိပါဘူး။ ဒီကန်ကြီးကို အမြန်ဆုံးပြီးစီးအောင် စက်အင်အား၊ လူအင်အားနဲ့ အချိန်ပြည့် လုပ်ဆောင်နေပါတယ်။ ဒီဇျိုင်းအင်းကန်ထဲကို ရေတွေဝင်ရောက်အောင် မုန်ဆည်ကနေ သွယ်ယူမှာပါ။ စိုက်ပျိုးရေးအပြင် မြို့ပေါ်ရပ်ကွက်တွေ ရေပေးဝေနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒေသခံပြည်သူတွေ အပန်းဖြေအနားယူနိုင်တဲ့ စိမ်းစိုသာယာလှပတဲ့ ကန်တော်ကြီးတစ်ခုလည်း ဖြစ်လာမှာပါ" ဟု ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဇျိုင်းအင်းကန်ကြီးကို စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်နေသည်ကို တွေ့ရစဉ်။

ဇျိုင်းအင်းရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဘုရား သမိုင်းစာအုပ်မှတ်တမ်းတွင် ရှေးအခါက မဟီသကျွမင်းဇာတ်တော်တွင် ရှမ်းရိုးမတောင်တန်း၏ အနောက်စွယ်တောင်တန်းများဖြစ်သော သားခိုတောင်၊ လွှမ်းပြေတောင်၊ လွယ်ခေါ်တောင် တစ်ဝိုက်၌ ဒေဝဒတ်လောင်းကျွဲမင်းကျင်လည် ကျက်စားလျက်ရှိပြီး ဘုရားလောင်းကျွဲမင်း ခွန်အားဗလနှင့်ပြည့်စုံလာချိန်တွင် ဒေဝဒတ်လောင်းကျွဲမင်းနှင့် ယှဉ်ပြိုင်သော တိုက်ပွဲ၌ ဒေဝဒတ်ကျွဲမင်း၏ ဦးချိုပြုတ်ကျပြီး လည်ပင်းပါပြတ်ကျကာ ဘုရားလောင်းကျွဲမင်း အနိုင်ရရှိခဲ့ရာမှ အဆိုပါနေရာကို ပြိုင်အင်းကန်ဟု ခေါ်တွင်ခဲ့သည်။ နှစ်ပရိစ္ဆေဒကြာလာသောအခါ ဇျိုင်းအင်းကန်ဟု အမည်တွင်လာခဲ့သည်။

ဒေဝဒတ်လောင်း ကျွဲမင်းနှင့် ဘုရားလောင်းကျွဲမင်းတို့ ယှဉ်ပြိုင်ခတ်ပါက အနိုင်ရစေရန် မိခင်ကျွဲမသည် သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ရာ ဆုတောင်းပြည့်ခဲ့သဖြင့် ဆုတောင်းပြည့်စေတီ တည်ထားကိုးကွယ်ခဲ့သည်။ အဆိုပါ ဇျိုင်းအင်းစေတီမှာ အလွန်ဆုတောင်းပြည့်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ အဓိဋ္ဌာန်ပြုသူများဖြင့် လာရောက်ကိုးကွယ်လာခဲ့သည်မှာ ယနေ့အချိန်အထိပင်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ဇျိုင်းအင်းကန်တော်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ၌ တည်ရှိပြီး ဧရိယာအကျယ်မှာ ၁၄ ဧက ကျယ်ဝန်းသည်။ ရေလှောင်ဧရိယာပမာဏမှာ အမြင့်ခုနစ်ပေရှိပြီး တမံအမြင့်မှာ ၁၂ ပေဖြစ်သည်။ အဆိုပါ ကန်ကြီးအတွင်းသို့ မုန်ရေလှောင်တမံမှ ရေအရင်းအမြစ်များ၊ ရေများပို့လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ မုန်ဆည်သည် တပ်ကုန်းမြို့နှင့် ၁၂ မိုင်ခန့်အကွာ၌ရှိပြီး အရှေ့ရိုးမမှ ရေများ တစ်နှစ်ပတ်လုံးမပြတ် စီးဆင်းနေသော မုန်ချောင်းကို တမံတည်ဆောက်ထားသော ဆည်ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၅၂၀၀၄ ဧကပေရှိ၍ ကန်ရေမျက်နှာပြင် ဧက ၄၀ ရှိသည်။ ရေထုတ်ပြွန်မှ တစ်စက္ကန့်လျှင် အနည်းဆုံး ၁၃ ကုဗပေ ထုတ်ပေးနိုင်သောကြောင့် တစ်နေ့ရေဂါလန် ခုနစ်သန်းခန့် ဇျိုင်းအင်းကန်သို့ သွယ်ယူနိုင်ကြောင်း သိရသည်။ ဇျိုင်းအင်းကန်အတွက် လိုအပ်သောရေများကို မုန်ရေထိန်းတမံတူးမြောင်းမှ လိုအပ်သလို ဖြည့်ဆည်းသွယ်ယူမည်ဖြစ်ပြီး လုပ်ငန်းများပြီးသွားပါက ဇျိုင်းအင်းကန်၏ ရေသိုလှောင်ပမာဏဧကပေ ၁၄၀ ရှိပြီး ရေဂါလန် ၃၇၈ သိန်း သိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သမိုင်းဝင် ဇျိုင်းအင်းကန်ကြီး ပြီးစီးပါက စိုက်ပျိုးရေ၊ သောက်သုံးရေများအပြင် ပြည်သူများ အနားယူအပန်းဖြေစရာ နေရာတစ်ခုအဖြစ် ပေါ်ထွက်လာမည်ကို မျှော်တွေးမိသည်။ စိမ်းညို့နေသော ရှမ်းတောင်တန်းကြီးကို နောက်ခံပြုလျက် သမိုင်းဝင်စေတီတော်၏ သပ္ပာယ်မှု၊ ဇျိုင်းအင်းကန်ကြီးတူးဖော်နေမှုမြင်ကွင်း၊ နေမင်းကြီးက တောင်စွယ်တောင်ကြားထက် ထိုးထွက်လာသောမြင်ကွင်း ကျယ်ကြီးကမူ ပန်းချီကားတစ်ချပ် သဖွယ်ရှိနေပေတော့သည်။

# စာရေးဆရာကောင်းဖြစ်ရန် စာပေဝမ်းစာပြည့်ဝမှုနှင့် ကျင့်ဝတ်သိက္ခာကောင်းရန်လိုအပ်

သတင်း
မြတ်စန္ဒီသင်းဇော်၊
ဓာတ်ပုံ -ရဲထွဋ်



**ရန်ကုန် စက်တင်ဘာ ၂၇**

တာဝန်ကျေသော စာရေးဆရာကောင်းတစ်ဦးဖြစ်ရန် စာဖတ်များမှု၊ စု၊တု၊ပြု တို့အပြင် ကျင့်ဝတ်သိက္ခာ စာပေဝမ်းစာပြည့်ဝမှုတို့ ရှိရန် လိုအပ်သည်၊ ယနေ့ခေတ် အွန်လိုင်းစာပေ အရေးအသားများတွင် စကားပြေ အပြောကို အားပြုလာပြီး အဖွဲ့၊အနွဲ့ အားထုတ်ရေးသားမှု လျော့နည်းလာသည်ကို တွေ့မြင်ရသည်ဟု ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ကျင်းပသည့် "ဝတ္ထုတို အနှစ်သာရများ"ခေါင်းစဉ်ဖြင့် ကျင်းပသည့် စာပေစကားဝိုင်းဆွေးနွေးပွဲမှ သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဆရာကြည်မင်း၊ ဆရာကိုရိုးကွန့်၊ ဆရာမ ကြူကြူသင်း၊ ဆရာမ နှင်းဝေငြိမ်း၊ ဆရာမ ဝါဝါ(အင်းစိန်)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းဆွေးနွေးသူအဖြစ် ပါဝင်သူ စာရေးဆရာကြည်မင်းက ဝတ္ထုတိုအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ "ဝတ္ထုတိုအခန်းကဏ္ဍအနေနဲ့ပြောရရင် တချို့ကပျောက်ကွယ်သွားပြီလို့ ပြောနေကြတယ်၊ တချို့က လည်း နည်းသွားတယ်၊ လျော့သွားတယ်လို့ ပြောကြပေမယ့် သူ့ကဏ္ဍမှေးမှိန်သွားပြီလို့ မထင်ဘူး။ သူ့ပရိသတ်နဲ့သူ ရှိနေပါတယ်။ စာအုပ်ရောင်းအားကောင်းမှုအခြေအနေနဲ့တိုင်းပြီး ပြောနေကြတာဖြစ်လိမ့်မယ်။ မြန်မာဝတ္ထုတို လောကမှာ ကမ္ဘာကနေ အလေးထားလောက်တဲ့ ဝတ္ထုတိုတွေလည်းရှိနေတယ်ဆိုတာကို ပြသဖို့ ဒီပွဲကို ကျင်းပတာပါ။ အခုခေတ်မှာ အင်တာနက်၊ တီဗွီဖျော်ဖြေရေးတွေနဲ့ စိတ်ဝင်စားစရာတွေ ပေါများတယ်။ ရှုန်းကန်နေကြရတဲ့ ခေတ်လည်းဖြစ်တယ်။ ဒါပေမယ့် စာဖတ်တဲ့အခါမှာတော့ ရသစာပေကို ဖတ်ရှုဖို့ တိုက်တွန်းချင်ပါတယ်"ဟု သုံးသပ်သည်။

ဆရာမကြူကြူသင်းကလည်း"တာဝန်ကျေတဲ့ စာရေးဆရာကောင်းတစ်ယောက်ဖြစ်ဖို့ဆိုရင်တော့ စာရေးဆရာကောင်းတစ်ယောက်ရဲ့ ကျင့်ဝတ်သိက္ခာနဲ့ ဝမ်းစာလည်း ရှိရပါမယ်၊ စာလည်းဖတ်ရမယ်၊ ဒါမှ စု၊ တု၊ ပြု လုပ်နိုင်မယ်။ လူငယ်တွေကို စာများများဖတ်ဖို့ နှိုးဆော်ဖို့လိုတယ်။ အခုခေတ်အွန်လိုင်းစာမျက်နှာပေါ်က ဝတ္ထုတိုတွေက အပြောစကားပြေကို အားပြုလာပြီး အဖွဲ့၊ အနွဲ့အားထုတ်မှု လျော့လာတယ်။ စာလုံးပေါင်းသတ်ပုံ မှားယွင်းမှုတွေလည်း တွေ့လာရတယ်"ဟု ဆိုသည်။

ဆရာမ နှင်းဝေငြိမ်းက "အခုခေတ်လူငယ်တွေမှာ ဉာဏ်ပညာရင့်ကျက်မှုနဲ့ တော်တာတွေ အများကြီးရှိတယ်။ ဒါကိုတော့ အသိအမှတ်ပြုရပါမယ်။ ဒါပေမယ့် ဖေ့ဘွတ်မှာ မြန်မာစာလုံးတွေကိုဖျက်ပြီး ပြောနေ၊ ရေးနေကြတာတွေကို တွေ့ရတယ်။ မြန်မာစကားနဲ့စာပေမှာ အသုံးအနှုန်းဝေါဟာရက အလွန်ကျယ်ပြန့် နက်နဲတယ်။ ဒီလိုအရေးမျိုးတွေ အွန်လိုင်းစာပေတွေမှာ မတွေ့ရဘူး။သူတို့ရေးသားဟန်တွေက တိုက်ရိုက်စနစ်တွေများပြီး ဖြစ်စဉ်ပြ အကျိုးအကြောင်းပြတွေ နည်းနေတယ်။ အွန်လိုင်းစာရေးဆရာလို့ ခံယူသူတွေက ပုံနှိပ်ကို ပြောင်းရေးမယ်ဆိုတဲ့ အသိရှိကြတယ်။ အွန်လိုင်းက လက်ရည်သွေးတာလို့ မြင်ပါတယ်"ဟု ဆိုသည်။

ဆရာကိုရိုးကွန့်ကလည်း "ကောင်းတာတွေရှိပေမယ့် သတ်ပုံသတ်ညွှန်းတွေကို ဂရုမစိုက်တော့ဘူး။ သတ်ပုံမှားတော့ ဖတ်ရတာ အရသာပျက်တယ်။ ရည်ရွယ်ချက်ပျောက်တယ်။ ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားရတာ လွယ်ကူတယ်လို့ ယူဆကြတယ်။ တကယ်တမ်း အသေအချာဖန်တီးပြီး စိတ်လှုပ်ရှားမှု အလွမ်းတွေ၊ အမုန်းအရာတွေ သက်ဝင်လှုပ်ရှားအောင် ရေးသားဖန်တီးဖို့က စာဖတ်သူစိတ်ထဲမှာ စွဲထင်ကျန်ရစ်အောင်ရေးဖို့ဆိုတာကတော့ ခက်ခဲပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် စာရေးဆရာ၊ဆရာမများက ၎င်းတို့၏ ငယ်စဉ်က ဖတ်ရှုခဲ့သည့် စာပေများအကြောင်း၊ စွဲထင်ကျန်ခဲ့သည့် ဝတ္ထုတိုများအကြောင်း၊ ဆောင်းပါးများ၊ ၎င်းတို့ကိုယ်တိုင် ဖန်တီးရေးသားခဲ့သည့် စာပေများအကြောင်းနှင့် ကြိုးပမ်းအားထုတ်မှုများကို ဆွေးနွေးမျှဝေခဲ့သည်။

စာပေဗိမာန်အနေဖြင့် မြန်မာစာပေဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို စောင့်ထိန်းကာ ဆက်လက်တိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် စာတမ်းများနှင့်သက်ဆိုင်သော အနှစ်သာရများကို ဖော်ထုတ်ဆွေးနွေးသည့် စာပေဗိမာန် စာပေစကားဝိုင်းများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။အဆိုပါ ဆွေးနွေးပွဲသို့ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

# မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲ ကျိုင်းတုံ၌ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၂၇**

သောတရှင်များ၊ အချင်းချင်းကြားတွင်လည်းကောင်း၊ သောတရှင်များနှင့် မြန်မာ့အသံဝန်ထမ်းများအကြားတွင်လည်းကောင်း၊ ရင်းနှီးခင်မင်စွာ အဆက်အသွယ်များ ရရှိနိုင်စေရန်၊ အင်တာနက်နှင့် အခြားအရင်းအမြစ်များမှ ရရှိလာသည့် သတင်းအချက်အလက်များ မှန်/မမှန် အတည်ပြုပေးနိုင်မည့် အမာခံ ဒေသခံများရရှိစေရန်၊ မြန်မာ့အသံအတွက် ဒေသဆိုင်ရာ သတင်းထောက်များအဖြစ် အထောက်အကူဖြစ်စေရန်၊ ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ပြည်သူ့ဝန်ဆောင်မှု အသံလွှင့်အစီအစဉ်များ ပိုမိုထုတ်လွှင့်နိုင်ပြီး ပြည်သူကိုဗဟိုပြုသည့် အနှစ်သာရပီပြင်ကာ မြန်မာ့အသံနှင့်ပြည်သူများအကြား ယုံကြည်မှုပိုမိုခိုင်မာလာစေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကိုစက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာက အမှာစကားပြောကြားပြီး မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဝိုင်းလေး၊ ဆူဇီ၊ နန်းမြတ်ဖြိုးသင်း၊ စောမင်းနောင်၊ မျိုးဆွေသန့်၊ မီမီခိုင်၊ နန်းစန္ဒီတင်ကြွယ်၊ အိမွန်မွန်စိုးနဲ့ ဒေသခံတိုင်းရင်းသား တေးသံရှင်များ၊ မြန်မာ့အသံဝန်ထမ်းများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။ အခမ်းအနားကို PSI Myanmar အဖွဲ့က ပံ့ပိုးကူညီ ကျင်းပခြင်းဖြစ်ပြီး PSI မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတစ်ခုဖြစ်သည့် သားဆက်ခြားခြင်းဆိုင်ရာ ကျန်းမာရေးသိကောင်းစရာများကို ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဒေါ်မိုးသူဇာဆွေက ဟောပြောသည်။

အခမ်းအနားသို့ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၆၀၀ ခန့်တက်ရောက်ကြပြီး ယခုအကြိမ်တွေ့ဆုံပွဲသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ကို မတ် ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကျင်းပခဲ့သည်။ အလားတူ တွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက်တွင် မြစ်ကြီးနားမြို့၌လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် မကွေးမြို့၌လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

**ဓာတ်ပုံ - လော်ဂူး**




# ကမ္ဘာ့ခရီးသွားနေ့အထိမ်းအမှတ် ပလတ်စတစ်ကင်းစင်ရေး စုပေါင်းသန့်ရှင်း

**ညောင်ဦး စက်တင်ဘာ ၂၇**

ပုဂံ/ညောင်ဦးမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရန်၊ ပလတ်စတစ် အမှိုက်များကြောင့်ဖြစ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များ မကျရောက်စေရန်နှင့် ပလတ်စတစ်ကင်းမဲ့ဇုန်ဒေသ ဖြစ်လာနိုင်စေရန် ရည်ရွယ်၍ အပတ်စဉ်ရုံးပိတ်ရက် စနေနေ့တိုင်း ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များအသင်းတို့ ပူးပေါင်း၍ ပလတ်စတစ်ကင်းစင်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၇ ရက် နံနက်က World Tourisim's Day အထိမ်းအမှတ်အဖြစ် ယင်းအသင်းအဖွဲ့များက ညောင်ဦးမြို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ပုဂံ မြို့ဟောင်းသွားလမ်းတစ်လျှောက်နှင့် ထီးလိုမင်းလိုဘုရား၊ စူဠာမဏိ ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် အာနန္ဒာဘုရားသို့ သွားရာလမ်းဘေး (ဝဲ၊ ယာ)များနှင့် ဘုရားအနီး ဝန်းကျင်များရှိ ပလတ်စတစ်အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# ကဒတ်ချောင်းကူးတံတား တည်ဆောက်မှုစစ်ဆေး

**ကျိုက်ထို စက်တင်ဘာ ၂၇**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျိုက်ထို-ကျိုက္ကသာ ကျောက်ချောလမ်း သုံးမိုင်ခင်းခြင်းလုပ်ငန်း၊ ကျိုက်ထို- ဖက္ကလိပ် ကွန်ကရစ်လမ်း ခြောက်ဖာလုံခင်းခြင်းလုပ်ငန်း၊ ကျိုက္ကသာ-ခလွန် ပေ ၁၅၀ နှင့် ပေ ၅၀ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မုက္ခမော့-သိမ်ဇရပ် ပေ ၇၀ နှင့် ပေ ၅၀ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ကဒတ်ချောင်းကူး ပေ ၂၀၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဘိုက္ကားကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သထုံခရိုင်မှ ခရိုင်မှူး ဦးလှမျိုးဝင်း၊ ကျိုက်ထိုမြို့နယ် ဦးစီးမှူး ဦးမိုးဝင်းနှင့် အဖွဲ့ သွားရောက်စစ်ဆေး ကြီးကြပ်၍ လုပ်ငန်းဆောင်ရွက်နေကြသော ကုမ္ပဏီများသို့ လိုအပ်သည့်အကူအညီများပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဖရူဆိုမြို့အဝင် ဆိုင်းဘုတ်အနီး ကုန်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်၍ တိမ်းမှောက်မှုဖြစ်ပွား

**ဖရူဆို စက်တင်ဘာ ၂၇**

ကယားပြည်နယ် ဖရူဆိုမြို့အဝင် ဆိုင်းဘုတ်အနီး လွိုင်ကော်-မော်ချီး ကားလမ်းမ၌စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခန့်က ကုန်တင်ယာဉ် တစ်စီး မရှိန်မထိန်းနိုင်၍ ယာဉ်တိမ်း မှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာလွိုင်ကော်မြို့ မင်္ဂလာ ရပ်နေ ဦးမီရယ်(ခ) ဖိုးသာထူး(၃၆နှစ်) မောင်းနှင်လာသော အဖြူရောင်ဖူဆို အမျိုးအစား ကုန်တင်ယာဉ်မှာ ဖရူ ဆိုမြို့အဝင် ဆိုင်းဘုတ်အနီး လွိုင်ကော်-ဘော်လခဲ ကားလမ်းမ ဝဲဘက်လမ်းဘေးသို့ အရှိန်မထိန်း နိုင်၍ တိမ်းမှောက်သွားရာ ယာဉ် မောင်း ဦးမီရယ်(ခ) ဖိုးသာထူး၊ ယာဉ်နောက်လိုက် ဦးကိုဝင်းတို့ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိ၍ ဖရူဆို မြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ ကုသစေခဲ့သည်။ ယင်းအမှုကို ဖရူဆို မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဦးကျော် (ဖရူဆို)**

# မသင်္ကာဖွယ်ရာယာဉ်မှ ကျောက်စိမ်းတုံးဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည်မျိုးစုံ သိမ်းဆည်းရမိ

**နောင်ချို စက်တင်ဘာ ၂၇**

တစ်ဖက်နိုင်ငံသို့ တရားမဝင်ကျောက်စိမ်းတုံးဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည်များ သယ်ဆောင်ဖမ်းဆီးရမိမှုအများဆုံးမှာ လှုပ်ရှားအဖွဲ့(၁)၌နာစုံ ပူးပေါင်းအဖွဲ့ဖြစ်ကြောင်း သိရသည်။

နောင်ချိုမြို့အဝင် အေးရှာဝေါလ် တိုးဂိတ်အနီး ယာယီအခြေပြုလျက် တရားမဝင်ကုန်သွယ်မှု အကောက်ခွန်မဲ့ကုန်ပစ္စည်းများထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေသော လှုပ်ရှားအဖွဲ့(၁) ပူးပေါင်း စစ်ဆေးရေးအဖွဲ့တို့သည် စက်တင်ဘာ ၂၇ ရက်နံနက် ၈ နာရီခွဲက မန္တလေးဘက်မှ မူဆယ်ဘက်သို့ ယာဉ်အမှတ် 7H/--- ယာဉ်သည် စစ်ဆေးရေးဂိတ်သို့ အစစ်ဆေးခံရန် မောင်းနှင်လာပြီး ပြန်လည်ထွက်ခွာမောင်းနှင်သွားရာ ပူးပေါင်းအဖွဲ့တို့က မသင်္ကာသဖြင့် ဂုတ်တွင်းတံတားအနီးသို့ ပိတ်ဆို့ကာ ယာဉ်အားစစ်ဆေးဂိတ်သို့ ပြန်လည်ခေါ်ဆောင်စေပြီး စစ်ဆေးရာ ယာဉ်ရှေ့ ဒက်စ်ဘုတ် မှန်အောက်ကြားထဲတွင် နေရာအနှံ့ သိုဝှက်ယူဆောင်လာသော ကျောက်စိမ်းဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည် စုစုပေါင်းအလေးချိန် ၇၂ ဒသမ ၃၀ တို့ကို ရှာဖွေသိမ်းဆည်းရမိသည်။ ယာဉ်ကိုစစ်ဆေးနေစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။ ဖမ်းဆီးရမိသော ကျောက်စိမ်းတုံးဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည်များကို အကောက်ခွန် အမှုတွဲဖွင့်လှစ်မည်ဖြစ်ပြီး ယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဆိုင်ကယ်လဲရာ ကူညီသည့်ရဲ ဆိုင်ကယ်အတိုက်ခံရ၍ သေဆုံး

**မိတ္ထီလာ စက်တင်ဘာ ၂၇**

မိတ္ထီလာမြို့ အမှတ်(၂)ရဲစခန်းရှေ့၌ စက်တင်ဘာ ၂၅ ရက်က ရန်မျိုးအောင်နယ်မြေ (၁၄) နေသူ အောင်နိုင်ထွန်း(ခ)ရဲရင့်သွေး (၁၈ နှစ်) သည် ဈေးအနောက်ဘက် ရန်ကုန်-မန္တလေးလမ်းအတိုင်း လော့ဂျာဆိုင်ကယ် ၁၁၀ ၅ယ/. . . . သည် တောင်မှမြောက်သို့စီးနင်းလာစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်လဲကျသွားခဲ့သည်။

ဆိုင်ကယ်လဲကျသူ အောင်နိုင်ထွန်း(ခ)ရဲရင့်သွေးအား ရဲတပ်သား တင်နိုင်ဦးက သွားရောက်ကူညီဆောင်ရွက်ပေးစဉ် တောင်မှမြောက်သို့ ဝန်ဇင်းရပ်ကွက်နယ်မြေ(၅)နေသူ သန်းထိုက် အောင် (၂၀ နှစ်)မောင်းနှင်လာသော ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ ကူညီဆောင်ရွက်ပေးနေသည့် ရဲတပ်သား တင်နိုင်ဦး (၂၈ နှစ်) အား တိုက်မိပြီး ဆိုင်ကယ်နောက် ကိုက် ၃၀၀ အထိပါ သွားပြီး တင်နိုင်ဦးတွင် ဒဏ်ရာများရရှိကာ ဆေးရုံကြီးသို့တင်ပို့စဉ် ဆေးရုံ အရောက်တွင် သေဆုံးသွားခဲ့သည်။ ဆိုင်ကယ်စီးသူ သန်းထိုက်အောင်အား အမှတ်(၂)ရဲစခန်းက အမှုဖွင့်ဖမ်းဆီးထားကြောင်းသိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# ရေမဆေးကျောက်ရှာဖွေနေစဉ် မြေစာပုံပြိုကျ၍ တစ်ဦးသေဆုံး

**နေပြည်တော် စက်တင်ဘာ ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့ ပြည်သူ့ဆေးရုံသို့ မြေစာပိမိ၍ သေဆုံး ဒဏ်ရာရရှိသူများ ရောက်ရှိနေကြောင်း သတင်းအရ စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီခွဲက ဆိပ်မူရဲကင်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဖားကန့်မြို့နယ် ကောင်ဆန်ကျေးရွာနေ ခိုင်ထူး(၂၀ နှစ်) ဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ တစ်ရွာတည်းနေ ရဲဝင်းအောင်(၂၅ နှစ်)နှင့် ရဲမင်းထွန်း(၂၀ နှစ်)တို့ဖြစ်ကြောင်း သိရသည်။ စစ်ဆေးချက်အရ ၎င်းတို့သုံးဦးသည် ယင်းနေ့နံနက် ၁ နာရီက ကောင်ဆန်ကျေးရွာအနီး စိန်လုံကျောက်မျက်ကုမ္ပဏီလုပ်ကွက်အတွင်းရှိ အမြင့်ပေ ၁၀၀ ခန့်ရှိ မြေစာပုံအောက်ခြေ၌ ရေမဆေးကျောက်ရှာဖွေနေစဉ် မြေစာများရုတ်တရက်ပြိုကျရာမှ မြေစာခဲများ ထိမှန်၍ ခိုင်ထူးတွင် ဦးခေါင်းနောက်စေ့ဒဏ်ရာ တစ်ချက်ရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားခဲ့ပြီး ရဲဝင်းအောင်နှင့် ရဲမင်းထွန်းတို့တွင် ဒဏ်ရာများ ရရှိခဲ့ကာ ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **ကိုရဲ**

# ငွေဆောင်၌ နိုင်ငံခြားသူနှစ်ဦး လေးဘီးဆိုင်ကယ်တိမ်းမှောက်

**နေပြည်တော် စက်တင်ဘာ ၂၇**

ငွေဆောင်ကမ်းခြေ Emerald Sea Hotel ၌ တည်းခိုနေထိုင်လျက်ရှိသော ယူကရိန်းနိုင်ငံသူ Tsyeuremko Olha (၃၅ နှစ်) နှင့် Miss Tsyeuremko Asastasila (၁၁ နှစ်)တို့သည် စက်တင်ဘာ ၂၆ ရက် ညနေ ၄ ခွဲနာရီက မအေးအေးသူ ပိုင်ဆိုင်သောလေးဘီးဆိုင်ကယ်ယာဉ် အမှတ် AYY/----ဖြင့် Emerald Sea Hotel မှ ဘူးကွဲကျေးရွာသို့ ပင်လယ်ကမ်းခြေတစ်လျှောက် လေးဘီးဆိုင်ကယ်စီးလျက် လည်ပတ်ရာ ဘူးကွဲကျေးရွာ ပင်လယ်ကမ်းခြေတွင် အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်၍ ဒဏ်ရာများရရှိသဖြင့် ငွေဆောင်ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရပြီး ဒဏ်ရာများ(မစိုးရိမ်ရ) သော်လည်း ဟိုတယ်ဝန်ဆောင်မှု မော်တော်ယာဉ်ဖြင့် ဟိုတယ်ဝန်ထမ်း ဦးသက်ခိုင်နှင့် အဖွဲ့က ပုသိမ်ဆေးရုံသို့ တာဝန်ယူပို့ဆောင်ပေးခဲ့သည်။ **မှုမှု (ပြန်/ဆက်)**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယာဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 5 Oct
9 - 12:00 (Sat + Sun) 11 Oct
10-11:30 (Mon ~ Thurs) 12 Oct
7:30 - 9 (Mon ~ Thurs) 19 Oct

BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon ~ Thurs) 21 Sep
12 - 3:00 (Sat + Sun) 3 Oct
7:30 - 90 (Mon ~ Thurs) 5 Oct
10-11:30 (Mon ~ Thurs) 5,12 Oct
1 - 2:30 (Mon ~ Thurs) 5,19 Oct
7:30-10:30 (Sat + Sun) 10 Oct
3:30 - 5 (Mon ~ Thurs) 12,26 Oct

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 28 Sep
1 -2:30 (Mon ~ Thurs) 12 Oct

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 5 Oct
9 - 12:00 (Sat + Sun) 11 Oct
10-11:30 (Mon ~ Thurs) 12 Oct

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 21 Sep
7:30 - 9 (Mon ~ Thurs) 5 Oct
1 - 2:30 (Mon ~ Thurs) 19 Oct
9 - 12:00 (Sat + Sun) 24 Oct

VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 5 Oct
10-11:30 (Mon ~ Thurs) 19 Oct

BASIC WRITING
12 - 3:00 (Sat + Sun) 19 Sep
10 - 11:30 (Mon ~ Thurs) 26 Oct

INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 19 Oct

BASIC ENGLISH SPEAKING
6 - 7:30 (Mon ~ Thurs) 5 Oct
7:30 - 9 (Mon ~ Thurs) 5 Oct
10-11:30 (Mon ~ Thurs) 12 Oct
1 - 2:30 (Mon ~ Thurs) 12 Oct

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 30 Sep
3:30 - 5 (Mon ~ Thurs) 5 Oct
7:30-10:30 (Sat + Sun) 24 Oct

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 26 Sep
10 - 11:30 (Mon ~ Thurs) 28 Sep
1 - 2:30 (Mon ~ Thurs) 28 Sep
2 - 5:00 (Sat + Sun) 11 Oct
1 - 2:30 (Mon ~ Thurs) 12 Oct
3:30 - 5 (Mon ~ Thurs) 12 Oct

IELTS (Preparation)
12:30-3:30 (Sat + Sun) 24 Oct

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 21 Sep
1 - 4:30 (Sat + Sun) 10 Oct

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 26 Oct

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 19 Oct

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 19 Oct

IELTS (Grammar)
10-11:30 (Mon ~ Thurs) 14 Sep


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ ဇင်းကလင်းတံတား၊ ချင်းဆိုင်တံတားများ တည်ဆောက်ရန်အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအစား |
|---|---|
| ၁။ | ကျောက်စရစ် |
| ၂။ | မြစ်သဲ |
| ၃။ | သစ်ခွဲသား |
| ၄။ | ဘန်တိုနိုက် |
| ၅။ | ကျောက်ရောမြေ |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - အောက်တိုဘာ ၁၀ ရက် ၂၀၁၅
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကလေးခရိုင်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းတွင်းတံတား(ကလေးဝ)နှင့် တံတားအထူးအဖွဲ့(၂)၊ ဒုညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-၀၇၁-၃၀၄၆၂၊ ၀၉-၆၄၇၂၆၅၂၊ ၀၉-၂၀၃၈၇၁၂


## ကုန်ကျစရိတ်အသက်သာဆုံးဖြင့် ဂျပန်နိုင်ငံတွင်ပညာသင်ရင်း အလုပ်လုပ်နိုင်မည့်အခွင့်အရေး

ကုန်ကျစရိတ်အသက်သာဆုံးဖြင့် ဂျပန်နိုင်ငံတွင် ပညာသင်ရင်း အလုပ်လုပ်လိုသူ လူငယ်များအတွက် Learners English & Japanese Trading Centre နှင့် ချိတ်ဆက်ထားသော ဂျပန်နိုင်ငံ ကိုဘေးမြို့၊ အိုကီနာဝါမြို့၊ ဖူကူအိုကာမြို့များရှိ ကျောင်းများတွင် ကျောင်းလခနှစ်ဝက်စာဖြင့် ပညာသင်ကြားရင်း အချိန်ပိုင်းအလုပ်လုပ်နိုင် ရန် ၂၀၁၆ ခုနှစ် ဧပြီလတန်းခွဲအတွက် အောက်ပါအရည်အချင်းရှိ လူငယ်များ ဦးရာလူစနစ်ဖြင့် လျှောက်ထားနိုင်ပါပြီ။

- ဂျပန်ဘာသာအခြေခံ (N5) အဆင့်လေ့လာထားသူ။
- အသက်(၁၈)နှစ်ပြည့် မြန်မာနိုင်ငံသားဖြစ်ပြီး အနည်းဆုံးတက္ကသိုလ်ပထမနှစ် အောင်မြင်ပြီးသူ။
- မိမိအနာဂတ်ရည်မှန်းချက်အတွက် ကြိုးစားလိုစိတ်ပြင်းထန်သူ/ ရိုးသားကြိုးစားသူ။
- ဖူကူအိုကာကျောင်းအတွက်မှာ အနည်းဆုံး JLPT(N4) ရမှတ် 120 အထက်ရှိရပါမည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်မတိုင်မီ Learners Centre သို့ ဆက်သွယ် လျှောက်ထားနိုင်ပါသည်။

Learners Centre **၏ ကျောင်းသား ကျောင်းသူများ ဝန်ဆောင်စရိတ်(လုံး၀) အခမဲ့။**
**အမှတ် ၂/အေ၊ ပထမထပ်၊** Sea Green Tower**၊ ၄၁ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၀၁၉၇၊ ၀၉-၇၉၈၃၃၃၃၇၈**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၇၅၄၊ နှစ် ၆၀ ဂရန်မြေအမျိုးအစား၊ ဧရိယာ အလျားပေ ၈၀ × အနံပေ ၄၀ ကျယ်ဝန်းသော ဒေါ်နီနီဦး+၃ အမည်ပေါက်မြေကွက်ကြီး၏ တောင်ဘက်ခြမ်း တရားဝင်မခွဲမစိတ်ရသေးသော အလျား ၁၂ ပေ × အနံ ပေ ၈၀ ကျယ်ဝန်းသောမြေကွက်အား နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားသူ ဦးအေးမျိုး ၁၂/သဃက(နိုင်)၀၁၄၀၅၄ က ၎င်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပေးပြီးဖြစ်ပါသည်။

ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်မော် (စဉ်-၉၅၇၅)** **ဒေါ်ခင်ပြည့် (စဉ်-၇၀၄၈)**
**(တရားလွှတ်တော်ရှေ့နေများ)**
**တိုက် ၆၊ အခန်း ၇၀၃၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၈၇၂၄၉၊ ၀၉-၄၂၅၀၁၇၁၉၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရွှေကြာယံအိမ်ရာ စီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃ အေ)၊ မြေကွက်အမှတ်(၄၅၊ ၄၆)၊မြေကွက် (၂)ကွက်အား ဦးထွန်းနိုင် ၁၂/မရက(နိုင်) ၀၁၀၈၇၁ အမည်ဖြင့် မြေချပါမစ်ထုတ်ပေးထားပြီးဖြစ်ရာ ပါမစ်မူရင်း (၂)စောင်မှာ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်(မိတ္တူမှန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**


RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇ )ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစာချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

# ရောဝတီအသင်း ရှုံး/ထွက် ချန်ပီယံဆု သုံးကြိမ်ဆက်တိုက်ဆွတ်ခူး

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ- ဖိုးသော်ဇင်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ ရောဝတီအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။



**ရောဝတီ - နှစ်ဂိုး**
**ရတနာပုံ - တစ်ဂိုး**

ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက်တိုက် တက်ရောက်လာသည့် ရောဝတီအသင်းသည် ရတနာပုံကို ခြေအသာမရခဲ့သော်လည်း ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ယူကာ ချန်ပီယံဆု ရရှိသွားသည်။ ရတနာပုံအသင်းသည် ယခုပွဲတွင် ခြေစွမ်းပိုင်းအရရော ကစားပုံအရပါ အသာရခဲ့သော်လည်း မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ချန်ပီယံဆုကို ပထမဆုံး ရယူနိုင်ခွင့်ဆုံးရှုံးခဲ့ရသည်။

နှစ်သင်းစလုံး အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး နိုင်ငံခြားသားကစားသမားများကို အမာခံထားကာ ယှဉ်ပြိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ရောဝတီအသင်းသည် ပထမပိုင်းတစ်ပိုင်းလုံး ခံစစ်အနေအထားဖြင့်သာ ကစားခဲ့ရသည်။ ရတနာပုံ တိုက်စစ်ကို မာတူနာ၊ အောင်သူ၊ ရှိုင်းသူရတို့က ပုံဖော်နိုင်ခဲ့ပြီး နောက်ခံလူ မိုကာလူးက ၂၃ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများကို အသုံးမချနိုင်၍ ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ရတနာပုံအသင်းက ပွဲကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့သော်လည်း ၆၅ မိနစ်တွင် ရစ္စတီက ရောဝတီအတွက် ခေါင်းတိုက်ချေပဂိုး ပြန်သွင်းခဲ့သည်။ ယင်းဂိုးမှာ ပွဲကို အလှည့်အပြောင်းဖြစ်စေခဲ့သည့်အပြင် ၆၇ မိနစ်တွင် ရတနာပုံမှ သက်နိုင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရရာ ရောဝတီအသင်း တစ်ယောက်အသာ ရသွားပြီး ပွဲကိုစိုးမိုးသွားခဲ့သည်။ ရောဝတီအတွက် အနိုင်ဂိုးကို ၇၂ မိနစ်တွင် ကွင်းလယ်လူ ကျော်မင်းဦးက သွင်းယူပေးခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ရောဝတီအသင်းအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်းဆုကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ချီးမြှင့်ပြီး ဆုကြေးငွေကျပ်သိန်း ၃၀၀ ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းက ချီးမြှင့်သည်။ ပထမဆုရ ရောဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၁၅၀ တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ချီးမြှင့်သည်။

■ *ကျောဖုံးမှ*

အသင်းကောင်းများ ဖြစ်ကြောင်း၊ ပွဲစဉ်တိုင်းမှာ ခက်ခဲမည်ဖြစ်ကြောင်း ” ပြောကြားခဲ့သည်။

ဗီယက်နမ် အသင်းနည်းပြချုပ် ထရန်ဟောင်ရန်က “အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်းကို အနိုင်ရခဲ့သော်လည်း ပြိုင်ပွဲချင်း မတူကြောင်း၊ ယခုပြိုင်ပွဲမှာ အာရှပြိုင်ပွဲဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်မှာလည်း ခြေစစ်ပွဲအောင်ရန်ဖြစ်ကြောင်း ” ပြောကြားခဲ့သည်။

ဟောင်ကောင်အသင်း နည်းပြချုပ် စပိန်လူမျိုး ဂျာမီနက်ဇ်က “မြန်မာနှင့် ဗီယက်နမ်တို့မှာ အဓိကပြိုင်ဘက်များ ဖြစ်လာနိုင်ကြောင်း၊ ယင်းအသင်းများမှာ ကစားပုံကောင်းမွန်ပြီး လျင်မြန်မှုရှိပါကြောင်း၊ ပွဲစဉ်တိုင်းက အရေးကြီးပြီး အကောင်းဆုံးပြင်ဆင်လာခဲ့ကြောင်း” ပြောကြားခဲ့သည်။

စက်တင်ဘာ ၃၀ ရက်တွင် ကစားမည့် မြန်မာ- ဘရူနိုင်း ပွဲစဉ်ကို အာရှဘောလုံးအဖွဲ့ချုပ်၏ ကွင်းပိတ်ပြစ်ဒဏ်ကြောင့် ပရိသတ်မပါဘဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စု (G) ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် ဟောင်ကောင်နှင့် ဗီယက်နမ်၊ ညနေ ၆ နာရီခွဲတွင် တီမောနှင့် ဘရူနိုင်း၊ စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် တီမောနှင့် ဟောင်ကောင်၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဘရူနိုင်း၊ အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နှင့် ဘရူနိုင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် တီမော၊ အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နှင့် တီမော၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဟောင်ကောင်၊ အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် ဘရူနိုင်းနှင့် ဟောင်ကောင်၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ရေကြည်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၇**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြည်သူ့အားကစားကွင်း၌ စက်တင်ဘာ ၂၆ ရက်က ရေကြည်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားကြရာ ငပိဆိပ် အထကအသင်းက ကုန်းပြင်အထကအသင်းကို သရေကစားခဲ့ကာ ပယ်နယ်တီစနစ်ဖြင့် ဆုံးဖြတ်ရာ ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲအပြီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။ **စိုးမင်းဦး(ပြန်/ဆက်)**





နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးနှင့် အလှူရှင်များ၏ (ဒုတိယအကြိမ်) အလှူငွေ ၆၇၄၇၄၀၀ိ- နှင့် ဆေးဝါး၊ ကျား/မ အဝတ်အထည်များ (၃၁၈၁)ကို အမှူးဆောင်ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်၊ အုပ်ချုပ်ရေးမှူးဦးစန်းလွင်၊ ဘိုးဘွားများနှင့် ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စုစုလှိုင်က လက်ခံရယူခဲ့ပါသည်။


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်၁၀တောင်၊မြေကွက်အမှတ် (၁၁၂)၊ မြေကွက်တည်နေရာအမှတ် ၁၁၂၊ ဘန်ဒါလမ်း၊(၁၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ဦးချစ်ထွန်း၊DJ-၀၃၄၈၇၉၊ အမည်ပေါက်နှစ် (၆၀)ဂရန်မြေအားသာကေတမြို့နယ်တရားရုံး၌ ဒေါ်တင်တင်ဝင်းမှ ၂၀၁၄ခုနှစ်တရားမကြီးမှုအမှတ်-၆၁ဖြင့် ဦးချစ်ထွန်းအားပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာအနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ် တရားမဇာရီအမှုအမှတ် ၂၅အမိန့်တို့တင်ပြ၍တရားရုံးကိုယ်စားတိလစ်ဒေါ်အေးအေးမြင့် (၁၂/သကတ(နိုင်)၀၀၅၄၆၀)မှတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**လက်ထပ်ပြီးစီးပါကြောင်း**

အမှတ် ၅၂/၅(က)၊ လှည်းတန်းလမ်းမ၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးကြည်စိုး-ဒေါ်ကျင်ရီတို့၏ သားကြီး မောင်တင်ထွဋ်-မမြတ်မွန်ခင် (သုံးရာသီစားသောက်ဆိုင်)တို့၏ အစ်ကိုဖြစ်သော မောင်ဇွန်မိုး B.Sc(Zoo) နှင့် ၁၇လမ်း၊ မင်းကွက်(၁)၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီးနေ ဦးမျိုးဆင့်-ဒေါ်မူမူချိုတို့၏သမီး မစိုးယုလှိုင်(ခ)နိုးနိုး M.Ed, B.Ed အထက်တန်းပြ [အထက(၁)ရန်ကင်း] တို့သည် ၂၆-၃-၂၀၁၄ ရက် မှတ်ပုံတင်အမှတ် (၁၉၈/၁၄)ဖြင့် ဒုတိယမြို့နယ်တရားသူကြီး ဦးနန္ဒမျိုး (LL.B) ပန်းဘဲတန်းမြို့နယ်တရားရုံးတွင် အသိသက်သေများ ရှေ့မှောက်တွင် ကတိသစ္စာပြုလွှာ၌ တရားဝင်လက်ထပ်လက်မှတ်ရေးထိုးပြီးစီးပြီးဖြစ်ပါကြောင်း။ **မောင်ဇွန်မိုး-မစိုးယုလှိုင်**



**ဆိုင်လိပ်စာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်း**

euphoria AUTO SERVICE CENTER အား
အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်၍ လူကြီးမင်းတို့စိတ်တိုင်းကျ အကောင်းဆုံးဝန်ဆောင်မှု ပေးနေပြီဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား လေးစားစွာ အသိပေးအပ်ပါသည်။




အမှတ်(၂)၊ ၂လမ်းနှင့် ၅လမ်းထောင့်၊ ၈ရပ်ကွက်၊
တောင်ဥက္ကလာပစက်မှုဇုန်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
PH : 01 5600 69

# ရေဆိုးသန့်စင်မှုဖြင့် ရေသုံးစွဲနိုင်မှု ပူးပေါင်းဆောင်ရွက်

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန် စက်တင်ဘာ ၂၇**

စွန့်ပစ်ရေဆိုးများကိုပြန်လည်သန့်စင်ပြီး လူများနေ့စဉ်အသုံးပြုနိုင်ကာ သုံးရေအဖြစ်သုံးစွဲနိုင်သည့် ရေဆိုးသန့်စင်မှုစနစ်ကို ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းသင်တန်းကျောင်းအတွင်းရှိ လူဦးရေ ၅၀၀ နေထိုင်သောဝန်ထမ်းအိမ်ရာ၌ တပ်ဆင်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်က တရားဝင်လွှဲပြောင်းပေးအပ်ပြီး ရေများအသုံးပြုနေပြီဖြစ်သည်။

ရေဆိုးများကို ရေသန့်အဖြစ်ပြောင်းလဲမှုစနစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေနှင့်သန့်ရှင်းမှုဌာန၊ Myanmar Water Engineering & Products Co.,Ltd. နှင့် Mitsubishi Rayon Co.,Ltd. တို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နေအိမ်များမှအသုံးပြုပြီးသောစွန့်ပစ်ရေဆိုးများကို လှောင်ကန်အတွင်း စုစည်းသိုလှောင်ကာ ယခင်က ရေဆိုးသန့်စင်သည့် CAS စနစ်အစား Membrane Bio-Aeactor (MBR) စနစ်ဖြင့် အစားထိုးကာ ရေဆိုးမှ သုံးရေရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုစနစ်အသုံးပြုခြင်းအတွက် အမေရိကန်ဒေါ်လာ ၂၅၀၀၀ ကုန်ကျခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ထမ်းသင်တန်းကျောင်းအတွင်း ဝန်ထမ်းအိမ်ရာနေပြည်သူများအတွက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

MBR စနစ်ဖြင့် ရေဆိုးသန့်စင်ခြင်းမှာ Aeration Tank ၌ Hollow Fiber Membrane များကို ထည့်ပေးခြင်းဖြစ်ပြီး အနည်ထိုင်ကန်နှင့်ပိုးသတ်ခြင်းကိစ္စများ မလိုအပ်ဘဲ ရေဆိုးများကို သန့်စင်ပေးသောစနစ်ဖြစ်သည်။ ထိုသို့ထည့်ပေးခြင်းဖြင့် အသုံးပြုရသည့် မြေနေရာ နည်းပါးခြင်း၊ ပြုပြင်ထိန်းသိမ်းမှုလွယ်ကူခြင်း၊ ပိုမိုကောင်းမွန်သောရေ၏ အရည်အသွေးရရှိခြင်းစသည့် အကျိုးများ ပိုမိုရရှိစေသည်။

ရေဆိုးသန့်စင်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သင်တန်းကျောင်းတွင် လူ ၁၀၀ အသုံးပြုနိုင်သော ဂျပန်နည်းပညာသုံးစနစ်ဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလက ပထမဆုံးအကြိမ်စတင်အသုံးပြုခဲ့သည်။ ယခင်တပ်ဆင်အသုံးပြုသည့်စနစ်မှာ ဂျာမနီနည်းပညာဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်ကာ ရန်ကုန်မြို့ တာမွေအထက(၁)၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၀၀ တို့အတွက် တပ်ဆင်ခဲ့ပြီး ယခုအခါ ဂျပန်နည်းပညာဖြင့် ထပ်မံတပ်ဆင် ပေးခြင်းဖြစ်သည်။



ယင်းစနစ်တပ်ဆင်တည်ဆောက်လှူဒါန်းလွှဲပြောင်းရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးလှမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



**ပျော်ဘွယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးမှ မိုးပွင့်(အထူး) စီမံချက်ဖြင့် စက်တင်ဘာလ တတိယပတ်က ပျော်ဘွယ်မြို့ အထက(၂)ပန်းခုံ၌ ကွင်းဆင်းကာ ကျောင်းသား ကျောင်းသူ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်က ကျောင်းသားတစ်ဦးအား ပေးအပ်စဉ်။** (၀၁၆)

## ဇေယျာသီရိမြို့နယ်၌ ယာဉ်မတော်တဆမှု လျော့နည်းစေရေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ရှစ် မြို့နယ်၌ ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိရာ ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းများစွာရှိသည်။ ကမ္ဘာပေါ်တွင် မလေးရှား၊ ထိုင်း၊ မြန်မာအစရှိသည့် နိုင်ငံသုံးနိုင်ငံသည် ယာဉ်တိုက်မှုအဖြစ်အများဆုံးနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံသည် ယာဉ်တိုက်မှု အများဆုံးနိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၌ မြို့နယ်ပေါင်း ၃၆၀ ကျော်ရှိရာ နေပြည်တော်၌ ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားကြောင်း နေပြည်တော်ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့နေပြည်တော်၌ ယာဉ်တိုက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိရာ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေး၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးများက မြို့နယ်အလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များကို ပရိုဂျက်တာဖြင့် ပြသ၍ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဇေယျာသီရိမြို့နယ်) မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မြင့်မိုးသည် စက်တင်ဘာ ၂၁ ရက်က ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ ဗောဓိမြိုင်ကျေးရွာ၌ ဒေသခံများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ ယာဉ်မတော်တဆမှုများကို ပရိုဂျက်တာဖြင့် ပြသ၍အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျောက်ဖြူရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**ကျောက်ဖြူ စက်တင်ဘာ ၂၇**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ စက်တင်ဘာ ၂၃ ရက်က အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၁)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး စောမြင့်ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်နှင့်မိသားစု စုစုပေါင်း ၇၀ တို့သည် ကျောက်ဖြူ ခရိုင်ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်၌ သွေးများလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**စက်တင်ဘာလ ဒုတိယပတ်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်နှင့်အဖွဲ့က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရန်အတွက် ခြင်ထောင်ဆေးစိမ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဒေါင်းငါးများလွှတ်ခြင်းတို့ ဆောင်ရွက်ကြစဉ်။**

မီးမီး(လှိုင်)

## သောက်သုံးရေလုံလောက်စွာရရှိရေး စက်ရေတွင်းများ တူးဖော်

**အုတ်ဖို စက်တင်ဘာ ၂၇**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ချောင်းနားကျေးရွာပြည်တော်သာကျေးရွာ၊ သိုက်ဝါးချောင်းကျေးရွာနှင့် ကျွန်းကုန်းကျေးရွာများရှိကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၂သန်းဖြင့် လေးလက်မအဝီစိစက်ရေတွင်းလေးတွင်းကိုတူးဖော်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ရာတွင် သန့်ရှင်းသော မြေအောက်ရေရရှိရေးအတွက် အနက်ပေ ၂၃၀ခန့်အထိ တူးသွားမည်ဖြစ်ပြီး ဇူလိုင်လမှစတင်၍ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရန်နှင့်သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်နေပြည်သူများကလည်း ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

## ဓမ္မစကူးဆရာဖြစ်သင်တန်းဖွင့်

**သထုံ စက်တင်ဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဆရာတော်ကြီးများ ဦးဆောင်ကာ ဘင်လှိုင်ရပ်ကွက်ရှိ အသောကာရာမ(ဝါးတော)ကျောင်းတိုက်တွင် ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)၏ (၄၀၇) ကြိမ်မြောက် ဓမ္မစကူး ဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၂၅ ရက်က လာရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကထိက ဓမ္မစကူးဖောင်ဒေးရှင်း နာယကဆရာတော်က ကလေးဗဟိုပြုသင်ကြားရေး နည်းစနစ်များနှင့် သင်ရိုးညွှန်းတမ်းများကို ရှင်း လင်းမိန့်ကြားပြီး သင်တန်းသား သင်တန်းသူ ၄၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## အုတ်ရေမြောင်းများ တူးဖော်ဆောင်ရွက်ပေး

**စလင်း စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့များ၌ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ စလင်းမြို့၌ အရှည်ပေ ၄၉၀၀ ရှိ အုတ်ရေမြောင်းနှင့် ဆင်ဖြူကျွန်းမြို့၌ အရှည်ပေ ၁၂၀၀ ရှိ အုတ်ရေမြောင်းများကို စက်တင်ဘာလ တတိယပတ်က မြို့နယ်စည်ပင်သာယာရေးကော်မတီက အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## အခြေခံ တိုင်းရင်းဆေးပညာ သင်တန်းဖွင့်

**လယ်ဝေး စက်တင်ဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ စက်တင်ဘာ ၂၅ ရက်က ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ဒက္ခိဏခရိုင် တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြသီက အမှာစကားပြောကြားကာ နေပြည်တော်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွေးမောင်က အခြေခံတိုင်းရင်းဆေးပညာသင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# (၆၃)ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကြောင့် ပုပ္ပားတောင်ကလပ်၌ စည်ကားလျက်ရှိ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကြီးကို ယခုနှစ်တွင် (၆၃)ကြိမ်မြောက်အဖြစ် ကျင်းပတော့မည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ယုံကြည်ကိုးကွယ်သူများ၊ ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယုံကြည်ကိုးကွယ်သူများမှာ အဓိဋ္ဌာန်ဝင်ပုတီးစိပ်ခြင်းများ ဆောင်ရွက်ရန်အတွက် တော်သလင်းလဆန်း ၈ ရက်၊ ၉ ရက်မှစတင်၍ အစုအဖွဲ့လိုက် ရောက်ရှိနေကြပြီး ဆယ့်နှစ်ပွဲဈေးသည်များနှင့် ဒေသခံဈေးသည်များမှာလည်း မိမိတို့ရရှိသည့်နေရာများတွင် ဆိုင်ခန်းများဆောက်လုပ်လျက် စားသောက်ကုန်များ၊ ဒေသထွက်လက်မှုပစ္စည်းများ၊ တိုင်းရင်းဆေးမြစ်များ၊ ခြံထွက်သစ်သီးဝလံများကို ရောင်းချရန်အဆင်သင့်ဖြစ်နေကြကြောင်း သိရသည်။

ဘိုးတော်ထွက်ပွဲရက်တွင် ဒေသထွက်ငှက်ပျောများ ထွက်သလောက်ရောင်းချကြရသည်။

"ကန်တော့ပွဲတစ်ပွဲမှာ ငှက်ပျောဖီးက ၁၀၈ ဖီးပါတယ်။ အုန်းသီးတစ်လုံးပါတယ်။ ကျန်တာကတော့ အမွှေးတိုင်၊ ဖယောင်းတိုင်တို့၊ တံခွန်၊ ကုက္ကားတို့ အပြည့်အစုံပေါ့။ တချို့လည်း ကော်ဖီမစ်တွေ၊ စီးကရက်ဘူးတွေကအစ ထည့်တာပေါ့။ တန်ဖိုးကတော့ ပွဲတစ်ပွဲကို ရိုးရိုးရခိုင်ငှက်ပျောနဲ့ပွဲဆိုရင် ငါးသောင်းခွဲ၊ ခြောက်သောင်းရှိတယ်။ ဖီးကြမ်းငှက်ပျောနဲ့ဆို တစ်သိန်းကျော်ရှိတယ်။ ရွှေငှက်ပျောနဲ့ဆိုရင်တော့ သုံးသိန်းကျော်လောက်ဖြစ်သွားပြီ။ ငှက်ပျောပွဲဖိုးက ဒီလောက်မဟုတ်ဘူး။ ငှက်ပျောအထမ်းသမားအတွက် သယ်ယူစရိတ်က များတာပါ။ အများအားဖြင့် လပြည့်ကျော်မှ စုပြုံပြီးလာကြ၊ အလုအယက်ပွဲပေးကြ အဓိဋ္ဌာန်ဝင်ကြ လုပ်ကြတာလေ။ အဲဒီရက်တွေကျတော့ အထက်ဓာတ်ခန်းတွေအထိ ငှက်ပျောသမားတွေက ပင်ပင်ပန်းပန်းတက်ကြရတာ။ ဒါကြောင့် သယ်ယူခက အပေါ်ရောက်လေဈေးမြင့်လေပေါ့" ဟု တောင်ကလပ်မှ မူလဓာတ်ခန်းတာဝန်ခံ ကိုသန့်စင်က ပြောသည်။

**"ဒီလိုပွဲတော်ရက်မှာ အနီးပတ်ဝန်းကျင်ရွာတွေကလည်း လာဆွဲကြတယ်။ သူတို့တွေက လမ်းလည်းမကျွမ်းကျင်ကြဘူး။ ပြီးတော့ ရချင်ဇောနဲ့ အလုအယက် မောင်းကြတယ်။ အဲဒီတော့ တချို့က အန္တရာယ်ဖြစ်တယ်။ ဒီကြားထဲမှာ မသမာတဲ့သူတွေကပါသေးတယ်။ ဧည့်သည်ပစ္စည်းကို ချောင်ရင်ချောင်သလို 'မ'ပြေးတဲ့ ကောင်ကရှိတယ်။ နာမည်ပျက်တော့ ကျွန်တော်တို့ဒေသခံတွေပါရောပြီး နာမည်ပျက်တယ်ဗျ. . ."**

ဘိုးတော်ထွက်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ ယုံကြည်ကိုးကွယ်သူများသည် လဆန်းရက်မှစတင်ကာ ဘိုးတော်ထွက်ပွဲ၏ အဓိကနေ့ဖြစ်သော တော်သလင်းလပြည့်ကျော် ၂ ရက်ကို နောက်ဆုံးထား၍ အဓိဋ္ဌာန်ဝင်ခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းများ ဆောင်ရွက်ကြပြီး ဓာတ်ခန်းများတွင် ကန်တော့ပွဲများထိုး၍လည်း ပူဇော်ကြသည်။ ထို့ကြောင့် ဘိုးတော်ထွက်ပွဲရက်များတွင် ဒေသတွင်းဈေးသည်များ၊ အထမ်းသမားလုပ်သားများနှင့် ယာယီဆိုင်ကယ်ကယ်ရီဆွဲသူများ လုပ်ငန်းအဆင်ပြေကြသော်လည်း နှစ်ပတ်လည်လုပ်ကိုင်ကြသည့် ဒေသခံဆိုင်ကယ် ကယ်ရီသမားများမှာ လုပ်ငန်းအဆင်မပြေကြောင်း သိရသည်။



"ဒီရက်တွေမျိုးကို ကျွန်တော်တို့ အမြဲတန်းဆွဲနေတဲ့ ကယ်ရီသမားတွေကတော့ သိပ်မကြိုက်ဘူးဗျ။ ဘာလို့လဲဆို ယာယီလာပြီးလုပ်တဲ့သူတွေ သိပ်များတယ်။ ကျွန်တော်တို့ ပုံမှန်သမားက ၅၀ လောက်ပဲရှိတာ။ ဒီလိုပွဲတော်ရက်မှာ အနီးပတ်ဝန်းကျင်ရွာတွေကလည်း လာဆွဲကြတယ်။ ရေနံချောင်း၊ ချောက်၊ ညောင်ဦး၊ မြင်းခြံဘက်တွေကလည်း ငါးယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့လာပြီး လုပ်ကြတယ်။ သူတို့တွေက လမ်းလည်းမကျွမ်းကျင်ကြဘူး။ ပြီးတော့ ရချင်ဇောနဲ့ အလုအယက် မောင်းကြတယ်။ အဲဒီတော့ တချို့က အန္တရာယ်ဖြစ်တယ်။ ဒီကြားထဲမှာ မသမာတဲ့သူတွေက ပါသေးတယ်။ ဧည့်သည်ပစ္စည်းကို ချောင်ရင်ချောင်သလို 'မ'ပြေးတဲ့ ကောင်ကရှိတယ်။ နာမည်ပျက်တော့ ကျွန်တော်တို့ဒေသခံတွေပါရောပြီး နာမည်ပျက်တယ်ဗျ" ဟု ပုပ္ပားမြို့ပေါ်မှ ဆိုင်ကယ်ကယ်ရီသမား ကိုငယ်က ပြောသည်။

ဘိုးတော်အောင်မင်းခေါင်သည် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် ပုပ္ပားဒေသသို့ ရောက်ရှိလာပြီး ၁၃၁၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်တွင် တောင်ကလပ်ပေါ်၌ ကွယ်လွန်အနိစ္စရောက်ကာ အသေထွက် ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ကိုးကွယ်သူများက ယုံကြည်ကြသည်။ ၎င်းကွယ်လွန်သည့်နေ့ရောက်တိုင်း ၎င်း၏ အကျင့်စရဏကို ယုံကြည်ကြသူများက တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း အစဉ်အလာမပျက် လာရောက်ကြ၍ ယုံကြည်မှုကိုအခြေခံပြီး ဘိုးတော်အောင်မင်းခေါင်အားရည်စူးကာ စတုဒိသာကျွေးခြင်း၊ ပရိတ်ပဋ္ဌာန်းများရွတ်ဖတ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ငွေကြေးစွန့်ကြဲလှူဒါန်းခြင်းများကို အဖွဲ့လိုက် အောင်စည်အောင်မောင်းတီးခတ်ကာ အဓိဋ္ဌာန်အောင် ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည် ကုသိုလ်ပြုကြသည့် ပွဲတော်တစ်ခုဖြစ်သည်။

**နေအောင်(ပြန်/ဆက်)**

## သတင်းတိုများ

### တောင်ငူနည်းပညာတက္ကသိုလ်၌ အင်ဂျင်နီယာပညာမြှင့်တင်ရေးသင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နည်းပညာတက္ကသိုလ်(တောင်ငူ)၌ အင်ဂျင်နီယာပညာရေးမြှင့်တင်ရန်အတွက် Executive Training Course on Engineering Education Accreditation Tier-1 သင်တန်းကို တောင်ငူနည်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းကာလမှာ စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိဖြစ်ကာ အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာချာလီသိန်းက သုံးရက်ကြာဟောပြောပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

### ဥပ္ပါတသန္တိစေတီတော်ကြီး (၆၉)ကြိမ်မြောက် မဟာပဋ္ဌာန်းပွဲကျင်းပ

နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ကြီး၏ (၆၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပွဲဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် သံဃာတော်များ၊ ငွေတောင်တောရကျောင်းတိုက်မှ သံဃာတော်များကြွရောက်ခဲ့ပြီး ဂေါပကအဖွဲ့ဝင်များ၊ တပ်နယ်ဝတ်အသင်းအဖွဲ့များ၊ နေပြည်တော်ကောင်စီဝတ်အသင်းအဖွဲ့များတက်ရောက်၍ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး စက်တင်ဘာ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **သီဟန်သိန်း(Safe Land)**

### လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မန်ကျောင်းကျေးရွာ၌ လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၆) စက်မှုလယ်ယာစခန်း ကျောက်မဲမြို့က စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ ဖွင့်လှစ်၍ လယ်ယာသုံးစက်ကိရိယာများ လက်တွေ့အသုံးပြုရာတွင် ကျွမ်းကျင်စေရန်နှင့် အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရန်လိုအပ်ချက်များ၊ ပြုပြင်ထိန်းသိမ်းနည်းများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **မလတ်(ကျောက်မဲ)**

### မြို့နယ်ပေါင်းစုံစားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ ပြင်ဦးလွင်အသင်းဗိုလ်စွဲ

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို မန္တလေးမြို့ ဗထူးအားကစားကွင်း၌ စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာ အမျိုးသား၊ အမျိုးသမီး၊ ၁၈ နှစ်အောက်၊ ၁၈ နှစ်အထက်နှင့် အလွတ်တန်းပြိုင်ပွဲများသို့ မြို့နယ် ၂၅ ခုမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အသင်းလိုက်ပြိုင်ပွဲတွင် ပြင်ဦးလွင်မြို့နယ်အသင်းက ဗိုလ်စွဲခဲ့ကာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ဆုဖလားနှင့် ဆုငွေကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **တင်မောင်(မန္တလေး)**

# တာမွေ(ယာယီ)ဈေးသစ် မကြာမီဆောက်လုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တွင်းရှိ ဈေးများအား အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများနှင့် အသစ်ပြန်လည်ဆောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ တာမွေ(ယာယီ)ဈေးသစ်ကိုလည်း မကြာမီဆောက်လုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန)မှ တာဝန်ရှိသူတစ်ဦးက "ဈေးသူဈေးသားများကလည်း စက်တင်ဘာ ၁၅ ရက်က ဈေးသစ်ဆောက်လုပ်ဖို့အတွက် ဆန္ဒပြုခဲ့ရာမှာ ရာခိုင်နှုန်းများများ မဲပေးခဲ့ကြလို့ ဈေးသစ်ဆောက်လုပ်ဖို့ လုပ်ငန်းစတော့မှာပါ။ ဘယ်တော့လဲဆိုတာက မသိရသေးပါဘူး။ ညှိနှိုင်းဆောင်ရွက်ဆဲပါ။ ဈေးသစ်ကိုဆောက်လုပ်မှာကလည်း အထက်ဌာနကလူကြီးများရဲ့ ညွှန်ကြားချက်နဲ့ ဘဏ္ဍာငွေအပေါ် မူတည်ပြီးတော့ ကုမ္ပဏီတွေနဲ့ ဆောက်လုပ်သွားမှာပါ"ဟု ပြောသည်။

တာမွေ(ယာယီ)ဈေးသစ် ဆောက်လုပ်ရန်အတွက် တာမွေ(ယာယီ)ဈေးမှ ဈေးသူ ဈေးသားများ၏ ဆန္ဒအတိုင်း မဲခွဲဆုံးဖြတ်စေခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဈေးတွင် မှတ်ပုံတင်ရောင်းချနေသော ဆိုင်ခန်းအရေအတွက် ၆၀၈ ခန်းအနက် ဆိုင်ခန်း ၅၀၀ ကျော်က ဈေးသစ်ဆောက်လုပ်ရန် ဆန္ဒပြုခဲ့ကြောင်း သိရသည်။

"ဈေးသစ်ဆောက်လုပ်ပြီးရင်တော့ ယခင်ဈေးဟောင်းနဲ့ တူမှာမဟုတ်တော့ဘဲ ဈေးသူ ဈေးသားများရဲ့ ဆိုင်ခန်းများဟာ ရေဘေး၊ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ လျှပ်စစ်ပိုင်းဆိုင်ရာများ အဆင့်မြင့်သွားမှာဖြစ်ပြီး လေဝင် လေထွက်ကောင်းမွန်သွားမှာပါ။ ဈေးရောင်းသူနဲ့ ဈေးဝယ်သူများအတွက်ပါ အဆင်ပြေကြတော့မှာပါ။ ဈေးသစ်ဆောက်လုပ်ရင်လည်း ဈေးသူ ဈေးသားများက ဘာငွေကြေးမှပေးသွင်းစရာမလိုပါဘူး"ဟု အဆိုပါဈေးများဌာနမှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

တာမွေ(ယာယီ)ဈေးသစ် ဆောက်လုပ်နေစဉ်အတွင်း ဈေးသူ ဈေးသားများ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေကြစေရေးအတွက် ဈေးသစ်ဆောက်လုပ်နေသည့်အနီးအနားရှိ လွတ်ကင်းသည့် ကျန်ရှိမြေဧရိယာ၌ပင် ယာယီနေရာများကို ဈေးများဌာနက ပြန်လည်ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တာမွေ(ယာယီ)ဈေးသည် တာမွေမြို့နယ် ကျိုက္ကဆံလမ်းမပေါ်တွင်တည်ရှိပြီး ဈေး၏မြေနေရာအနေအထားမှာ တြိဂံနှင့် စတုဂံပုံမကျတကျဖြစ်ကာ အကျယ်အဝန်းဧရိယာမှာ စတုရန်းတစ်ဧကခွဲကျော်ရှိသည်။ မှတ်ပုံတင်ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းပေါင်း ၆၄၀ ခန့်ရှိပြီး ဈေးဝင်းအတွင်း တစ်ရက် ငွေကျပ် ၅၀ ဖြတ်ပိုင်းပေးဆောင်ရောင်းချနေသည့် ပျံကျဈေးသည်များလည်း ရှိသည်။

တာမွေ(ယာယီ)ဈေးသစ် ဆောက်လုပ်ပြီးစီးပါက မှတ်ပုံတင်ဆိုင်ခန်းများမှ ဈေးသူ၊ဈေးသားများကို မြေညီထပ်တွင် ပြန်လည်နေရာချပေးမည်ဖြစ်ပြီး ဖြတ်ပိုင်းပေးဆောင် ဈေးရောင်းချနေကြသော ကတ်ပြားရှိ ပျံကျဈေးသည်များအတွက်လည်း ဆိုင်ခန်းပေါင်း ၇၀၀ ကျော်ကို ဈေးများဌာနက ပထမထပ်တွင်စီစဉ်ပေးမည်ဟု သိရသည်။

တာမွေ(ယာယီ)ဈေးကို ၁၉၉၄ ခုနှစ် စက်တင်ဘာလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဈေးအနီးတွင်ဖွင့်လှစ်ခဲ့သည့် တာမွေပလာဇာမှာ စည်ကားမှု နည်းပါးခဲ့သောကြောင့် ဈေးသူ ဈေးသားများမှာ တာမွေ(ယာယီ)ဈေးသို့ ပြောင်းရွှေ့ရောင်းချခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အခွန်လွတ်ဈေးများအပါအဝင် ဈေးစုစုပေါင်း ၁၇၆ ဈေးရှိပြီး တောင်ပိုင်းခရိုင်တစ်ခုတည်းတွင် အခွန်လွတ်ဈေးများအပါအဝင် ဈေးစုစုပေါင်း ၄၂ ဈေးရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**စိုးဝင်း(SP)**

# သရက်မြို့ အကျဉ်းထောင်နှင့် အချုပ်ခန်းများအား စစ်ဆေး

**သရက် စက်တင်ဘာ ၂၇**

သရက်အကျဉ်းထောင်နှင့် သရက်မြို့မရဲစခန်းအချုပ်ခန်းများကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများပါဝင်သောအဖွဲ့က စက်တင်ဘာ ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

တရားလွှတ်တော်တရားသူကြီးချုပ်အား သရက်ထောင်မှူး ဦးသန်းဌေးက အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ကျခံနေရသူများ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့အတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ တရားလွှတ်တော်တရားသူကြီးချုပ်က အကျဉ်းနှင့်အချုပ်ကျခံရသူများအနေဖြင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိနေခြင်းရှိမရှိ၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်နေမှုများ ရှိ မရှိတို့ကို တရားခံများ၊ အချုပ်ကျနေသူများအား တွေ့ဆုံမေးမြန်းခဲ့ပြီး ဆေးကုသမှုခံယူနေသော အကျဉ်းသားများ၊ အမျိုးသမီးအကျဉ်းသူများနှင့် ကလေးငယ်များအတွက် အလှူငွေများကို လှူဒါန်းခဲ့သည်။ တရားလွှတ်တော်တရားသူကြီးချုပ်သည် သရက်ခရိုင်တရားရုံး၊ သရက်မြို့မရဲစခန်းနှင့် ဆင်ပေါင်ဝဲမြို့နယ်ရှိ ကိုးပင်-သာစည်အလုပ်စခန်းများသို့လည်း သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



စိုက်ခင်းရေတင်နေသော တောင်သူတစ်ဦး။

## မိုးနည်းသော်လည်း မြေအောက်ရေတင်စနစ်ဖြင့် လျာထားဧကကျော်လွန်အောင် မိုးစပါးစိုက်ပျိုးနိုင်ခဲ့

**မလှိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ယခုနှစ်အတွင်း မိုးရွာသွန်းမှုနည်းပါးခဲ့သော်လည်း ဒေသခံတောင်သူများက အဝီစိတွင်းများမှ ရေကိုအသုံးပြု၍ မိုးစပါးစိုက်ပျိုးခဲ့ကြရာ လျာထားဧက ၂၀၀ ထက်ကျော်လွန်၍ ၃၁၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ဒီနှစ်ရာသီဥတုက မမှန်ဘူး။ ခါတိုင်း မိုးခေါင်တဲ့ ဇူလိုင်လမှာ ဒီနှစ်မိုးပိုခဲ့ပြီး နှစ်စဉ်ရွာသွန်းလေ့ရှိတဲ့ ဩဂုတ်လနဲ့ စက်တင်ဘာလမှာ မိုးမရွာခဲ့ပေမယ့် စိုက်ချိန်နောက်မကျအောင်လို့ စက်ရေတွင်းသုံးပြီး အားကြိုးမာန်တက်စိုက်ခဲ့ကြတာ လျာထားချက်ကျော်လွန်ခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ရွာသွန်းမြဲအောက် လျော့နည်းခဲ့သဖြင့် မြို့နယ်တွင်းရှိ ဆည်ငယ်၊ ကန်ငယ်များနှင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှု နည်းပါးခဲ့သည်။ ရေဝင်ရောက်မှု နည်းပါးခဲ့သော်လည်း မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နွားကန်၊ ပျော်ဘွယ်၊ သုံးတောင်၊ ညောင်အုပ်၊ ဘောက်ခွေးတောကျေးရွာ များမှဒေသခံ တောင်သူအများစုမှာ စက်ရေတွင်းများမှ မြေအောက်ရေကို အသုံးပြု၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ကူးစက်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးသင်တန်းဖွင့်

**တနင်္သာရီ စက်တင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဒေသခံပြည်သူများ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံရေး ရည်ရွယ်၍ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးသင်တန်း (၂/၂၀၁၅)ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဇော်မြင့်အောင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ကူးစက်ရောဂါအကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်နှင့် ထိန်းချုပ်ရေးနည်းလမ်းများအကြောင်းတို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ သင်တန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**



**(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ်ရေးမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများက ရေးမြို့ပြည်သူ့ဆေးရုံနှင့် ကျိုက်ဖာလစေတီရင်ပြင်များ၌ စက်တင်ဘာ ၂၆ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။** နေမျိုးထွဋ်(ရေး)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများမှ စာသင်ကျောင်းများအတွက် ငွေနှင့်စာသင်ခုံများ ပံ့ပိုးပေးလျက်ရှိ

**မုံရွာ စက်တင်ဘာ ၂၇**

ပြီးခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေဘေးကြုံတွေ့ခဲ့ရသော စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ စာသင်ကျောင်း ၃၇၉ ကျောင်းအတွက် ငွေနှင့် စာသင်ခုံများကို ပညာရေးဦးစီးဌာနက ပံ့ပိုးပေးလျက်ရှိကြောင်း တိုင်းဒေသကြီးပညာရေးဦးစီးဌာနမှ သိရသည်။

စာသင်ကျောင်းများအတွက် ပံ့ပိုးငွေကျပ် ၂၇၅၁ သိန်းကို တိုင်းဒေသကြီး ပညာရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်နှင့် ကျေးရွာများမှ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများသို့ ပံ့ပိုးထားပြီးဖြစ်ကြောင်း မုံရွာမြို့ တိုင်းဒေသကြီး ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပံ့ပိုးငွေပေးအပ်ရာတွင် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းလျှင် ကျပ် ၁၁ သိန်း၊ အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်းလျှင် ငွေကျပ်ကိုးသိန်းနှင့် အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်းလျှင် ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် ပံ့ပိုးပေးခဲ့ကြောင်း၊ ရေဘေးသင့် မြို့နယ် ၂၃ ခု အတွင်းမှ စာသင်ကျောင်း ၃၇၉ ကျောင်းသို့ ပံ့ပိုးခဲ့ရာတွင် အထက်တန်းကျောင်း ၁၃ ကျောင်းအတွက် ငွေကျပ် ၁၄၃ သိန်း၊ အလယ်တန်းကျောင်း ၂၃ ကျောင်းအတွက် ငွေကျပ် ၂၀၇ သိန်းနှင့် မူလတန်းကျောင်း ၃၄၃ ကျောင်းအတွက် ငွေကျပ် ၂၄၀၁ သိန်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဘေးသင့်ကျောင်းများသို့ နိုင်ငံတော်သမ္မတ၏ အစီအစဉ်ဖြင့် စာသင်ခုံအမြင့်နှင့် အနိမ့်နှစ်မျိုးကို ပေးပို့လျက်ရှိရာ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ကသာခရိုင်များသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ စက်တင်ဘာ ၁၅ရက်က ရေလမ်းပွင့်သော ခန္တီးနှင့်ဟုမ္မလင်းဒေသများသို့လည်း ဆက်လက်ပို့ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

စာသင်ခုံများပေးပို့ရာတွင် စစ်ကိုင်းခရိုင်သို့ ခုံအမြင့် ၄၅၅ ခုံနှင့် အနိမ့် ၇၅၄ ခုံ၊ ရွှေဘိုခရိုင်သို့ ခုံအမြင့် ၁၂၀၀နှင့် အနိမ့်ခုံ ၁၉၅၀၊ မုံရွာခရိုင်သို့ ခုံအမြင့် ၅၉၉ ခုံနှင့် အနိမ့် ၁၀၂၅ ခုံ၊ ယင်းမာပင်ခရိုင်သို့ ခုံအမြင့် ၁၉၂ ခုံနှင့် အနိမ့် ၂၉၇ ခုံ၊ ကသာခရိုင်သို့ ခုံအမြင့် ၃၆၅ ခုံနှင့် အနိမ့် ၁၆၉၆ ခုံ၊ ကလေးခရိုင်သို့ ခုံအမြင့် ၉၀နှင့် အနိမ့် ၃၉၃ခုံ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပေါက်မြို့အဝင် ကျားသိုက်တံတားတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**ပေါက် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့အဝင် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီ ကားလမ်း မပေါ်ရှိကျားသိုက်တံတားသစ်ကို ဇွန်လအတွင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ကျော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျားသိုက်တံတားသစ်သည် အရှည်ပေ ၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက် သုံးပေရှိသည်။ တံတားသစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၅၀၀ ဖြင့် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနက ဇွန် ၂၀ ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆိပ်ဖြူ - ကန်တော - ပေါက်ကားလမ်းရှိ ကျားသိုက်တံတားဟောင်းသည် ခရီးသွားယာဉ်နှင့် ပြည်သူများကွေ့ဝိုက်သွားလာရ၍ အချိန်နှောင့်နှေးခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် တံတားဟောင်းအထက်ဘက် ကျားသိုက်ချောင်း၌ တံတားအသစ်ကို လမ်းနှင့်အတည့် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလ ကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားရန် ခန့်မှန်းထားကြောင်း မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ(အင်ဂျင်နီယာ) ဦးစိုးမော်ထံမှ သိရသည်။

**ညဏ်တိုး(ပေါက်)**



## လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးပညာသင်တန်းဆင်း

**ဘားအံ စက်တင်ဘာ ၂၇**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်ခုမှ ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်းများဆင်းပွဲကို ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝင်း သင်တန်းခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ခေတ္တဝန်ကြီးချုပ်ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက ထူးချွန်ဆုများနှင့် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေဦးက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဇူလိုင်လအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ မြို့နယ်ခုနစ်ခုရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘားအံ(ပြန်/ဆက်)**

## ချင်းတွင်းမြစ်မြောက်ဘက်ခြမ်း ကျေးရွာများသို့ ၁၁ကေဗွီ ဓာတ်အားလိုင်းသစ်များသွယ်တန်းပေး

**ကနီ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချင်းတွင်းမြစ်မြောက်ဘက်ခြမ်းရှိ ကျေးရွာများသို့ ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာ ၃၃ ကေဗွီ မှ ၁၁ ကေဗွီဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သခွတ္တနယ်ကျေးရွာ ဓာတ်အားခွဲရုံမှတစ်ဆင့် ကနီမြို့နယ် ဝင်မနားကျေးရွာအထိ တည်ဆောက်လျက်ရှိကြောင်း၊ သခွတ္တနယ်-ပျဉ်တော-မိုးကောင်းအပိုင်းတွင် လိုင်းသွယ်တန်းခြင်းလုပ်ငန်း ၆၃ ရာခိုင်နှုန်း၊ မိုးကောင်း-တပေါင်း-ကျွန်းပင်အိုင်-ဝင်မနားအပိုင်းတွင် ၄၆ ရာခိုင်နှုန်းနှင့် မိုးကောင်း-ကနဲအပိုင်းတွင် ၄၄ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းများကို လင်းဝလာနှင့် ကြယ်စင်ဟိန်းကုမ္ပဏီများမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြစ်မြောက်ဘက်ခြမ်းရှိ ကျေးရွာများတွင် ဓာတ်အားလိုင်းများ ချိတ်ဆက်ပေးနေရသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်မနား-တပုန်း-ပျဉ်တော-ဘုရားကြီးလမ်းနှင့်မိုးကောင်း-ဆူးလေကုန်း-မန်ကျည်းကြက်ခြေလမ်းများကိုလည်း ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



# ကလောမြို့သို့ သောက်သုံးရေဖြန့်ဝေပေးနေသော ရေအေးကန် ရေများညစ်ညမ်းလာ

**ကလော စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့၌ သောက်သုံးရေအတွက် အဓိကအားထားနေရသော ရေအေးကန်ရေများသည် လွန်ခဲ့သောတစ်ပတ်ခန့်က မိုးအနည်းငယ်ရွာသွန်းပြီးနောက် နုန်းအနယ်များပါဝင်လာပြီး ရေများအနီရောင်ပြောင်းကာအနံ့ဆိုးများလည်းထွက်နေသဖြင့် သောက်သုံးမရဖြစ်နေကြောင်း မြို့ခံများထံမှ သိရသည်။

အဆိုပါရေအေးကန်သည် ကလောမြို့နယ်စည်ပင်သာယာရေးကော်မတီက ကလောမြို့သူမြို့သားများအတွက် သောက်သုံးရေ နေ့စဉ်သွယ်ယူဖြန့်ဖြူးပေးဝေနေသော ရေကန်ဖြစ်သည်။ အင်္ဂလိပ်များ ကလောမြို့ကို စတင်တည်ထောင်စဉ်ကာလက မီးရထားဖြင့် ရေစည်များသယ်ယူ၍ အင်္ဂလိပ်ဘုရင်ခံကတော်ကို ဆက်သခဲ့ရသည်အထိ ရေသန့်ရေကောင်းခဲ့ကြောင်း၊ အင်္ဂလိပ်များ အဆိုအရ ရေအဆင့်သည် PH 7.2 ရှိသည်ဟု မှတ်တမ်းများရှိခဲ့ကြောင်း ကျောင်းဆရာမကြီး ဒေါ်သီတာမြင့်က ပြောသည်။

"အခုတော့ ရေချိုးလည်းနံ၊ ထမင်းချက်ရင် ထမင်းတွေဝါ၊ အဝတ်လျှော်လည်းကျောင်းအင်္ကျီဖြူတွေက ဝါညိုညစ်ညစ်နဲ့ အနံ့ကလည်းထွက်နေတော့ သွားတိုက်တာတောင် ရွံပြီးအံ့တယ်"ဟု ၎င်းက ဆက်ပြောသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်က "ရေနီရတဲ့အကြောင်းရင်းက ရေအေးကန်တောင်တွေပေါ်မှာ သစ်ပင်တွေနည်းသွားလို့ပါ။ သစ်ပင်တွေထူထပ်တော့ မိုးရွာရင်ပါလာတဲ့နုန်းတွေကို ထိန်းထားပေးတယ်။ ရေတွေမညစ်ပတ်ဘူး။ အခု သစ်ပင်တွေစည်းကမ်းမဲ့ခုတ်တော့ မိုးရွာရင်ပါလာတဲ့ နုန်းတွေက အတားအဆီးမရှိပါလာလို့ ကန်လည်းကောလာသလို ရေလည်းညစ်လာတယ်။ ရေပြည့်ချိန်စောင့်ပြီး နုန်းဖောက်ထုတ်နေပါတယ်။ အသစ်သွယ်နေတဲ့ ရေပေးဝေရေးစနစ်က ရေစစ်ကန်ပါတဲ့အတွက် သန့်သွားမှာပါ။ ဒါပေမယ့် သစ်ပင်ခုတ်တာကို စနစ်တကျထိန်းပြီး ပြန်စိုက်ကြမှ စိတ်ချရမှာပါ။ အားလုံးပူးပေါင်းကူညီပေးဖို့ ဆန္ဒပြုပါတယ်"ဟု ပြောသည်။

ကလောမြို့တွင် နှစ်စဉ်ရေကြီးရေလျှံမှုကိုခံရသည့် အမှတ် (၄) ရပ်ကွက်မှ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးကလည်း သစ်ပင်များခုတ်ထွင်မှုများလာခြင်းမှာ ကျူးကျော်အိမ်များကိုနေရာချထားပေးရာတွင် ညွှန်ကြားချက်များကိုမလိုက်နာဘဲ အိမ်မရှိသေးသည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်မြေများတွင် ထင်သလို အသစ်ထပ်ချပေးနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုသို့ချပေးနေသဖြင့် သစ်ပင်များခုတ်ခြင်း၊ တောင်စောင်းများဖြိုချကာ မြေညှိပြီး အိမ်ဆောက်ခြင်းများရှိနေကြောင်း ပြောသည်။

ထို့ကြောင့် မိုးတွင်းတွင် ရေကြီးခြင်း၊ စိမ့်စမ်းရေထွက်များပျက်ခြင်း၊ သောက်သုံးရေများ ညစ်ညမ်းခြင်းတို့ကို ကြုံတွေ့ရသလို နွေရာသီရောက်ချိန်တွင် ရေရှားသည့်ဒုက္ခကိုတွေ့ကြုံရကြောင်း၊ နှစ်စဉ်ကြုံရသည်ထက် ယခုနှစ်တွင် ပိုဆိုးလာကြောင်းလည်း ဦးစိုးစိုးက ဆက်လက်ပြောကြားသည်။

**ဇော်သိန်းရည်**



---



# လက်ရက်ကန်းနှင့် စက်ရက်ကန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်

**စစ်ကိုင်း စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့မှုဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဖွင့်လှစ်သည့် လက်ရက်ကန်းနှင့်စက်ရက်ကန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို စစ်ကိုင်းမြို့ ပါရမီရပ်ရှိ ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံး သင်တန်းခန်းမ၌ စက်တင်ဘာ ၂၅ ရက်က ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးစိုးမိုးကျော်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းတို့က သင်တန်းကို ဒေသခံပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားလာစေရန်နှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိရိုးဖလာကုန်ထုတ်လုပ်ငန်းအမျိုးမျိုးကို နယ်မြေဒေသများမှစ၍ ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်စေရန်ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ပြီး လက်တွေ့နယ်ပယ်တွင် အောင်မြင်အောင်လုပ်ဆောင်သွားကြရန် အမှာစကားပြောကြားခဲ့သည်။ သင်တန်းသို့ အရာတော်၊ မြင်းမူ၊ မြောင်၊ မုံရွာ၊ ဘုတလင်နှင့် စစ်ကိုင်းမြို့နယ်များမှ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၅ မှ ၂၉ ရက်အထိဖြစ်ကာ သင်တန်းတွင် မုံရွာမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်း ကျောင်းအုပ်ကြီးဒေါ်သိန်းငွေ၊ နည်းပြဒေါ်ခင်မြဆွေနှင့် ဒေါ်ငွေငွေရွှေတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

---

# မြတ်ဆရာပူဇော်ပွဲ ကျင်းပပြီးစီး

**နတ်မောက် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတော အထက(ထက်၊ လယ်၊ မူ) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ယင်းကျောင်းခန်းမ၌ စက်တင်ဘာလ တတိယပတ်က ကျင်းပခဲ့ရာ ဆရာကြီး၊ ဆရာမကြီး ၈၀ အပူဇော်ခံကြွရောက်ပြီး ကျောင်းသား ကျောင်းသူဟောင်း ၅၀၀ ကျော်တို့က စုပေါင်း၍ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆက်လက်၍ နံနက် ၆ နာရီတွင် အဆိုပါကျောင်း၌ တရားနာ၊ ရေစက်ချ၊ အမှုအတန်းများပေးဝေခဲ့ကြပြီး နံနက် ၉ နာရီတွင် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့ကာ ဆရာကြီး၊ ဆရာမကြီးများက ဆုံးမဩဝါဒစကားပြောခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

# ကျေးရွာလေးခုသို့ မြစိမ်းရောင်(ငါးကဏ္ဍ)ရန်ပုံငွေများ ပေးအပ်

**စေတုတ္တရာ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း ကျေးရွာလေးရွာသို့ မြစိမ်းရောင်(ငါးကဏ္ဍ)ရန်ပုံငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ စက်တင်ဘာ ၂၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ်အတွင်းရှိ ကြီးဝ၊ သံဆည်၊ ငါးမနှင့် သရန်ကိုင်းကျေးရွာများ၌ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာလေးခုအတွက် ကျပ်သိန်း ၁၂၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ကျေးရွာမှာ ငါးမွေးမြူရေးလုပ်ငန်းတွေ လက်ရှိလုပ်ကိုင်နေပါတယ်။ ကျန်တဲ့ရွာသုံးရွာမှာတော့ ခုမှစပြီး အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ ဒေသအခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းလုပ်ရုံနဲ့ လုံလောက်မှုမရှိတော့ပါဘူး။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို ပူးတွဲလုပ်ကိုင်နိုင်မှ ဝမ်းစာအတွက်ရော၊ မိသားစုဝင်တွေရဲ့ ကျန်းမာရေး၊လူမှုရေးနဲ့ ပညာရေးအတွက်ပါ စိတ်အေးရမှာဖြစ်ပါတယ်။ အရင်းမပျောက်မတည်ငွေတွေက ကျေးရွာဒေသက ပြည်သူတွေအတွက် အရင်းအနှီးပူစရာမလိုတဲ့ အားသာချက်တစ်ရပ်ဖြစ်ပါတယ်"ဟု ကြီးဝကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ငါးမွေးမြူရေးတာဝန်ခံ ဦးသက်နိုင်ဝင်းက ရန်ပုံငွေပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာများသို့ ရန်ပုံငွေများ ပေးအပ်ခဲ့သည်။

**ဇေယျာတု(မကွေး)**




ဆန်နှင့် ဟင်းသီးဟင်းရွက်များ ဖြင့်ပြုလုပ်သော မြန်မာ-ကိုရီးယားရိုးရာအစားအစာပွဲတော်ကို စက်တင်ဘာလ တတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ Mokpo National University မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ရိုးရာအစားအစာပွဲတော် အကြောင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားစဉ်။ မေမိုးသဲ

# သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တပ်ကုန်း စက်တင်ဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းများကို စက်တင်ဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်နှင့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်တာဝန်ရှိသူများ ပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ နေအိမ်များမှ ရေစည်ပိုင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ပိုးလောက်လမ်းများပေါက်ပွားနိုင်သော ဘုရားပန်းအိုး၊ တာယာဟောင်းများ၊ စွန့်ပစ်ထားသော မိုးရေတင်ကျန်နိုင်သည့်ခွက်များကို ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို ဘုရင့်နောင်ရပ်ကွက်အတွင်း နယ်မြေ ၁၃ ခုမှ အိမ်ခြေ ၁၅၈၇ အိမ်သို့ အပတ်စဉ်ပုံမှန် စနေနေ့တိုင်း သွားရောက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဘုရင့်နောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**တင်စိုးလွင်**

# မကျည်းတစ်ထောင်ကျေးရွာ၌ အဝီစိရေတွင်း တူးဖော်ပြီးစီးသဖြင့် သောက်သုံးရေလုံလောက်စွာရရှိ

**ဆားလင်းကြီး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ညောင်ပင်တိုကျေးရွာအုပ်စု မကျည်းတစ်ထောင်အရှေ့ရွာ၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် အဝီစိတွင်းတူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မကျည်းတစ်ထောင်အရှေ့ရွာသည် အိမ်ခြေ ၃၈ အိမ်ရှိသော ရွာငယ်ဖြစ်ပြီး သောက်သုံးရေအတွက် မိုးရေကိုသာ အဓိကထားရကြောင်း၊ မိုးလေဝသမှန်ကန်သောနှစ်များတွင် မြေသားရေလှောင်ကန်များအတွင်း မိုးရေများစွာဝင်ရောက်ခဲ့ပါက သောက်သုံးရေအတွက်အဆင်ပြေသော်လည်း မိုးရွာသွန်းမှုနည်းသောအခါ သောက်သုံးရေအခက်အခဲဖြစ်လေ့ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ရာသီမရွေး သောက်သုံးရေအဆင်ပြေစေရေးအတွက် ဗိုလ်ကြီးသန်းဝင်းစိုးနှင့် ထန်းပုရွာမှ ဦးတင်လင်းတို့က ကုသိုလ်ပြု၍ အဝီစိစက်ရေတွင်း တူးဖော်ပေးခဲ့ခြင်းဖြစ်ကာ အလှူရှင်များက ဆက်လက်၍ရေစုပ်စက်၊ မီးစက်၊ မော်တာ၊ ရေလှောင်ကန်များ တည်ဆောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# အသင်းကြီးတွေ ခြေကုန်ဖွင့်ရမယ့် ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၂)

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်မှာ ချန်ပီယံလိဂ်အုပ်စု ဒုတိယပွဲစဉ်တွေကစားဖို့ ရှိနေပါတယ်။ စက်တင်ဘာ ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာ ယှဉ်ပြိုင်ကြမယ့် အဲဒီပွဲစဉ်တွေအနက် စက်တင်ဘာ ၂၉ ရက်မှာ အုပ်စု(E)၊ အုပ်စု(F)၊ အုပ်စု(G)နဲ့ အုပ်စု(H) တို့မှာပါဝင်တဲ့အသင်းတွေ ဆင်နွှဲကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ နာမည်ကြီးအသင်းတွေဖြစ်တဲ့ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ ချယ်လ်ဆီး၊ အာဆင်နယ် စတဲ့ထိပ်တန်းအသင်းတွေရမှတ်ဘယ်လောက်အထိ စုဆောင်း နိုင်ကြမလဲဆိုတာ ရင်ခုန်စွာနဲ့အားပေးကြရဦးမှာ ဖြစ်ပါတယ်။



**ဘာစီလိုနာနှင့် လေဗာကူဆင်**

အုပ်စု(E)နဲ့ အဖွင့်ပွဲစဉ်မှာ ရိုးမားကို တစ်ဂိုးစီသရေယူပြီး တစ်မှတ်သာရရှိထားတဲ့ ဘာစီလိုနာတို့အတွက် အခုပွဲအိမ်ကွင်းမှာ အနိုင်ကစားဖို့ စိုင်းပြင်းပါတော့မယ်။ ဒါပေမယ့် လာလီဂါပွဲစဉ်အဖြစ် ဆယ်လ်တာဗီဂိုကိုလေးဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ဘာစီလိုနာမှာ ပြင်ဆင်မှုနဲ့ နည်းဗျူဟာ ပြောင်းလဲမှုတွေလိုအပ်နေတာကြောင့် အခုပွဲမှာ ဘယ်လိုပွဲထွက်လာမလဲကြည့်ရမှာပါ။ အုပ်စု(E)မှာ တစ်ပွဲနိုင်သုံးမှတ်ရထားတဲ့ လေဗာကူဆင်တို့က အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ရင်ဆိုင်ဖို့ရှိပေမယ့် ဒီပွဲမှာပေါက်ကွဲမယ့် ဘာစီလိုနာတိုက်စစ်ကို ဘယ်လောက်ထိ တောင့်ခံနိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ အိမ်ရှင်တို့ သုံးမှတ်အပြည့်ယူပြီး အုပ်စုကို ဦးဆောင်ပါလိမ့်မယ်။

**အာဆင်နယ်နှင့် အိုလံပီယာကို့စ်**

အုပ်စု(F)မှာ တစ်ပွဲကစားပြီး အမှတ်မရသေးတဲ့နှစ်သင်း တွေ့ဆုံမှုဖြစ်လို့ ပြိုင်ဆိုင်မှု ပြင်းထန်မယ့်ပွဲပါပဲ။ အုပ်စုပထမပွဲစဉ်မှာ ဒိုင်နမိုဇာဂရက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ အာဆင်နယ်အတွက် အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ အိုလံပီယာကို့စ်အသင်းကို အနိုင်ယူဖို့ ကြိုးစားပါလိမ့်မယ်။ နိုင်ပွဲပြန်ရနေတဲ့ အာဆင်နယ်ဟာ လူစုံပါဝင်ဖို့ရှိတာကြောင့် အားထည့်ကစားရင် အမှတ်ပြည့်ရနိုင်တဲ့ပွဲပါ။ ဘိုင်ယန်မြူးနစ်ကိုရှုံးခဲ့တဲ့ အိုလံပီယာကို့စ်ဟာတိုက်စစ်ပိုင်းအားနည်းချက်ရှိတာမို့ အမြင့်ဆုံးသရေရလဒ်ကိုသာ မျှော်မှန်းနိုင်ပြီး အနိုင်ဆိုရင် အိမ်ရှင်တို့ပဲ ပိုင်ဆိုင်ပါလိမ့်မယ်။

**ဘိုင်ယန်မြူးနစ်နှင့် ဒိုင်နမိုဇာဂရက်**

အုပ်စု(F)မှာ အမှတ်တူနေတဲ့အသင်းတွေဖြစ်ပြီး ပထမအုပ်စုပွဲစဉ်မှာ နိုင်ပွဲကိုယ်စီရရှိထားကြတာမို့ အခုပွဲဟာ ပွဲကောင်းဖြစ်ပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ရဲ့ လက်ရှိခြေစွမ်းက ဂိုးပြတ်တွေနဲ့ နိုင်ပွဲတွေ ဆက်တိုက်ရနေသလို ဒိုင်နမိုဇာဂရက်တို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိခဲ့ပါဘူး၊ တိုက်စစ်နဲ့ခံစစ်ပိုင်းတွေမှာ အားသာမှုရှိတဲ့ အိမ်ရှင်တို့ကတော့ အခုပွဲမှာ တိုက်စစ်ဖွင့်ကစားမှာဖြစ်ပါတယ်။ ခြေစွမ်းကွာခြားမှု နည်းတာကြောင့် ဂိုးမပြတ်ပေမယ့် အိမ်ရှင်တို့ပဲအနိုင်ရလဒ်ကို ရယူပါလိမ့်မယ်။

**ပေါ်တိုနှင့် ချယ်လ်ဆီး**

အုပ်စု(G)မှာ တစ်ပွဲနိုင်ပြီးသုံးမှတ်ရကာ အုပ်စုထိပ်မှာ ဦးဆောင်နေတဲ့ ချယ်လ်ဆီးဟာ အခုပွဲကို ပေါ်တိုကွင်းမှာ ကစားရမှာမို့ အခက်အခဲကြုံတွေ့ရနိုင်ပါတယ်။ ပထမအုပ်စုပွဲစဉ်မှာ ဒိုင်နမိုကိဗ်ကို နှစ်ဂိုးစီသရေပွဲဖြစ်ထားပြီး တစ်မှတ်သာရရှိထားတဲ့ပေါ်တိုအသင်းဟာ ပုံမှန်ခြေစွမ်းပြန်ရနေတာမို့ အခုပွဲအတွက် သေသေချာချာပြင်ဆင်ပြီး ကစားပါလိမ့်မယ်။ နိုင်ပွဲတွေ ဆက်တိုက်ပြန်ရလာတဲ့ ချယ်လ်ဆီးတို့ကလည်း တိုက်စစ်ဖွင့်ကစားမှာမို့ ဒီပွဲရလဒ်က အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**မက္ကာဘီတဲလ်အဗစ်နှင့် ဒိုင်နမိုကိဗ်**

သရေပွဲ၊ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ မက္ကာဘီတို့လည်း အုပ်စုပထမပွဲစဉ်မှာ ချယ်လ်ဆီးကို လေးဂိုးပြတ်ရှုံးထားတာမို့ အခုပွဲ အိမ်ကွင်းမှာ ဒိုင်နမိုကိဗ်အသင်းကို အမှတ်ရအောင်ကစားဖို့ အားထုတ်ပါလိမ့်မယ်။ ပေါ်တိုအသင်းကို နှစ်ဂိုးစီသရေပွဲဖြစ်အောင်ကစားနိုင်ခဲ့တဲ့ ဒိုင်နမိုကိဗ်ရဲ့ခြေစွမ်းက လျှော့တွက်လို့မရတာကြောင့် အိမ်ရှင်တို့အမြင့်ဆုံး မျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**လိုင်ယွန်နှင့် ဗလင်စီယာ**

အုပ်စု(H)မှာတော့ လိုင်ယွန်တို့ တစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်ပဲရရှိပါသေးတယ်။ ဗလင်စီယာတို့က ဇင်းနစ်အသင်းကို ပထမပွဲမှာ ရှုံးပွဲကြုံထားပြီး အမှတ်မရသေးတာမို့ အခုပွဲမှာ ခြေကုန်သွန်ကစားပါလိမ့်မယ်။ ဗလင်စီယာရဲ့ အားသာချက်က တိုက်စစ်ခံစစ်မျှတပြီး နားလည်မှုရှိရှိနဲ့ ကစားတတ်တာကြောင့် အိမ်ကွင်းဆိုပေမယ့် လိုင်ယွန်တို့ မလွယ်ပါဘူး။ ဒီပွဲရလဒ်က အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။



## ပရီမီယာလိဂ်ဖလား ရယူပေးမယ်ဆိုတဲ့ ဒီဂီယာ

မန်ယူ ဂိုးသမား ဒီဂီယာဟာ ဒီနှစ် ပရီမီယာလိဂ်မှာ ဖလားရယူပေးနိုင်တဲ့ ဂိုးသမားဖြစ်တယ်လို့ မန်ယူနည်းပြဟောင်း ဆာအဲလက်ဖာဂူဆန်က ထောက်ခံပြောဆိုလိုက်ပါတယ်။ ဂိုးသမား ဒီဂီယာဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့မှာ ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့ဖို့ သဘောတူညီပြီးမှ မန်ယူကိုပြန်ခဲ့ရခြင်းဖြစ်ပါတယ်။ သို့ပေမယ့် နည်းပြဗန်ဟားလ်က ဒီဂီယာကို ရီးရဲမက်ဒရစ်နဲ့ ချုပ်ဆိုမယ့် စာချုပ်ပျက်ကွက်ခဲ့တဲ့အတွက် လေးနှစ်စာချုပ်နဲ့ ပြန်လည်ခေါ်ယူခဲ့ပါတယ်။ ဒီဂီယာဟာ မန်ယူကို ဖလားရယူပေးနိုင်တဲ့ ဂိုးသမားဖြစ်တယ်လို့ ဖာဂူဆန်က ဆိုပါတယ်။ ကျွန်တော်တို့ မန်ယူအသင်းဟာ လက်ရှိ အခြေအနေမှာ ဇယားရဲ့ဒုတိယနေရာမှာ ရောက်ရှိနေတာကို ကြည့်ခြင်းအားဖြင့် မန်ယူဟာ ဖလားရနိုင်တဲ့ အနေအထားကို တွေ့ရမှာဖြစ်ပါတယ်လို့ ၂၆နှစ်တာအတွင်း ပရီမီယာလိဂ်ဖလား ၁၃ ကြိမ် ဆွတ်ခူးပေးခဲ့တဲ့ နည်းပြဖာဂူဆန်က ဆိုပါတယ်။ ကျွန်တော်တို့ မန်ယူဟာ လက်ရှိအခြေအနေမှာ အကောင်းဆုံးအခွင့်အလမ်းကို ရရှိထားပြီးဖြစ်ပါတယ်။ မကြာမီ ဦးဆောင်အသင်းဖြစ်သွားနိုင်မယ့် အနေအထားလည်းရှိပါတယ်လို့ ဖာဂူဆန်က ထောက်ခံပြောဆိုလိုက်ပါတယ်။

## လီဗာပူးနည်းပြအဖြစ်က နုတ်ထွက်မှာမဟုတ်ဘူးဆိုတဲ့ ရော်ဂျာ

လီဗာပူးအသင်းကို ကမ္ဘာကျော်နည်းပြတွေဖြစ်တဲ့ အန်ဆယ်လော့တီနဲ့ ဂျာဂျင်ကလော့တို့ အဆက်အသွယ်ပြုလုပ်လာပေမယ့် နုတ်ထွက်ပေးမှာမဟုတ်ဘူးလို့ နည်းပြ ရော်ဂျာက ပြောဆိုလိုက်ပါတယ်။ လီဗာပူးနည်းပြအဖြစ်မှ နုတ်ထွက်ပေးဖို့ အခွင့်အလမ်းမရှိဘူးလို့ သူက ဆိုပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိပရီမီယာလိဂ်အစကတည်းက ရှုံးပွဲတွေနဲ့ကြုံနေရတဲ့အတွက် ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ နည်းပြရော်ဂျာရဲ့ နည်းပြအလုပ်ရဖို့ အန်ဆယ်လော့တီနဲ့ ဂျာဂျင်ကလော့တို့က ပြီးခဲ့တဲ့သီတင်းပတ်အတွင်း အပြင်းအထန် ဆက်သွယ်မှုတွေပြုလုပ်ခဲ့ပါတယ်။ သို့ပေမယ့် ရော်ဂျာက သူ့အနေဖြင့် ၂၀၁၂ ခုနှစ် လီဗာပူးကို ရောက်လာတုန်းကထက် ပိုကောင်းတဲ့ နည်းပြဖြစ်လာတယ်လို့ အခိုင်အမာပြောဆိုခဲ့ပါတယ်။ လီဗာပူးအသင်းဟာ သုံးနှစ်အတွင်း အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရော်ဂျာက ၂၀၁၂ ခုနှစ်က ချယ်လ်ဆီးအသင်းမှ ရောက်ရှိလာပြီးနောက် ပိုကောင်းတဲ့ နည်းပြဖြစ်လာတယ်လို့ သူက အခိုင်အမာပြောဆိုပါတယ်။ သို့ပေမယ့် နည်းပြတင်ရှားဝုဒ်ကတော့ နည်းပြရော်ဂျာအနေနဲ့ လီဗာပူးကို ဖလားဆွတ်ခူးပေးနိုင်ခဲ့မယ်ဆိုရင် ရီးရဲမက်ဒရစ်နည်းပြလည်း ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။





## ပေါင် သန်း ၆၀ ကျော်တန်တယ်ဆိုတဲ့ ဂျက်ဂရီရယ်လစ်

အက်စ်တွန်ဗီလာ ကစားသမား ဂျက်ဂရီရယ်လစ်ကို ပေါင် သန်း ၆၀ ကျော် မပေးရင် ရောင်းချမှာ မဟုတ်ဘူးလို့ နည်းပြ တင်ရှားဝုဒ်က ပြောဆိုလိုက်ပါတယ်။ အသက် ၂၀ အရွယ်ရှိတဲ့ ဂျက်ဂရီရယ်လစ်ရဲ့ ပြောင်းရွှေ့ကြေးဟာ ဗြိတိသျှကစားသမား စံချိန်တင်ပြောင်းရွှေ့ကြေးထက် ပိုပြီးများနေတယ်လို့ ဆိုပါတယ်။ အင်္ဂလန်နည်းပြရွိုင်းဟော့ဆင်ကလည်း ဂျက်ဂရီရယ်လစ်ဟာ အနာဂတ်အင်္ဂလန်အသင်းရဲ့ ကစားသမားဖြစ်လာဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ သူဟာထူးခြားတဲ့ အရည်အသွေးရှိပြီး အက်စ်တွန်ဗီလာအသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်တဲ့သူ ဖြစ်တယ်လို့ ဆိုပါတယ်။ ဘောလုံးကျွမ်းကျင်မှု အပြည့်အဝရှိနေတဲ့အတွက် သူ့ရဲ့တန်ဖိုးကလည်း မြင့်တက်လာပါတယ်လို့ တင်ရှားဝုဒ်က ဆိုပါတယ်။ ဂျက်ဂရီရယ်လစ်ဟာ ပရီမီယာလိဂ်ထိပ်တန်းကလပ်တွေရဲ့ စောင့်ကြည့်ခြင်းခံရတဲ့ကစားသမား ဖြစ်ပါတယ်။ လာမယ့်ပြောင်းရွှေ့ရာသီမှာ အသင်းက ရောင်းဖို့ရှိပေမယ့် ပေါင် သန်း ၆၀ ကျော်မပေးရင်တော့ ရောင်းမှာမဟုတ်ဘူးလို့ ဆိုပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

# ပုဂံဒေသတွင် နံရံဆေးရေးပန်းချီရှိ စေတီပေါင်း ၄၆၀ ကျော်ရှိ




**နေပြည်တော် စက်တင်ဘာ ၂၆**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော စေတီပုထိုးများအနက် နံရံဆေးရေးပန်းချီရှိ စေတီပုထိုးပေါင်း ၄၆၀ ကျော်ရှိကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ စေတီပုထိုးပေါင်း ၃၀၀၀ ကျော်အနက် နံရံဆေးရေးပန်းချီရှိတဲ့ စေတီပုထိုးပေါင်း ၄၆၀ ကျော်ရှိပါတယ်။ နံရံဆေးရေးပန်းချီရှိ ထင်ရှားတဲ့ ဘုရားတွေကတော့ မြင်းကပါ ဂူပြောက်ကြီး၊ အပယ်ရတနာ၊ နန္ဒပညာ၊ လောကထိပ်ပန်၊ ခေမင်ဃအစုနဲ့ သံဃရာဇာအစုတွေပဲဖြစ်တယ်" ဟု ရှေးဟောင်းသုတေသနဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာရှိတဲ့ နံရံဆေးရေးပန်းချီရှိ စေတီပုထိုးများအတွင်းမှာ ရေးဆွဲထားတဲ့ နံရံဆေးရေးပန်းချီတွေဟာ ဗုဒ္ဓဖြစ်တော်စဉ် ၅၅၀ နိပါတ်တော်လာဇာတ်လမ်းဇာတ်ကွက်တွေကို သရုပ်ဖော်ရေးဆွဲထားတာဖြစ်ပါတယ်။ ဒါ့အပြင် မင်စာတွေလည်း တွေ့ရပါတယ်။ မင်စာတွေမှာ ပါဠိနဲ့ မြန်မာလိုရေးထားတာတွေလည်းတွေ့ရပါတယ်" ဟု ရှေးဟောင်းသုတေသနဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဘေဘီက ရှင်းပြသည်။

အဆိုပါ နံရံဆေးရေးပန်းချီများသည် အေဒီ ၁၁ ရာစုနှင့် ၁၃ ရာစုအတွင်းရေးဆွဲခဲ့သော ပန်းချီလက်ရာများဖြစ်ပြီး အေဒီ ၁၁ ရာစုလက်ရာများသည် ပန်းချီအကွက်ကြီးပြီး ၁၃ ရာစုလက်ရာများမှာ အကွက်သေးကြောင်းသိရသည်။

ယခုအခါ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေး ကြိုးပမ်းလျက်ရှိရာ နံရံဆေးရေးပန်းချီများ ထိန်းသိမ်းရေးသည်လည်း တစ်ခုအပါဝင်ဖြစ်ကြောင်း သိရသည်။ ပုဂံခေတ်လက်ရာ နံရံဆေးရေးပန်းချီများကို ထိန်းသိမ်းရာတွင် ယူနက်စကိုအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆောင်ရွက်နေကြောင်း သိရသည်။

ပုဂံရှေးဟောင်းဒေသသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ဘာသာရေးအရ လာရောက်မှုမှာနည်းပါးပြီး အဓိကအားဖြင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများအတွင်း နံရံဆေးရေးပန်းချီများ၊ စေတီပုထိုးများ၏ ဗိသုကာလက်ရာများ စသောအကြောင်း အရာများအပေါ် စိတ်ဝင်စား၍ လာရောက်လည်ပတ်နေကြောင်း သိရသည်။

ယခုအခါ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် စေတီပုထိုးပေါင်း ၃၀၀၀ ကျော်ရှိရာ စေတီပုထိုးများကို ရှေးမူလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ စေတီပုထိုးများအတွင်းရှိ နံရံဆေးရေးပန်းချီများကိုလည်း ရှေးမူလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။



(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ကယားပြည်နယ်ရဲမှူးကြီးမြင့်တိုး ဦးစီးသော ပြည်နယ်/ခရိုင် အကူရဲတပ်ဖွဲ့ရုံးနှင့် အမှတ်(၂)ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ စုစုပေါင်း ၁၇၀ တို့ လွိုင်ကော်မြို့ ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတို့၌ သန့်ရှင်းရေးပြုလုပ်ကြစဉ်။

(မြန်မာ့အလင်း)

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ငွေကျပ်သိန်း ၈၀၀ ဖြင့် တင်ဒါရရှိ

**ပြင်ဦးလွင် စက်တင်ဘာ ၂၇**

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ (ပြည်ချစ်) ဘုရားကြီး၌ ၂၀၁၅ ခုနှစ် (၁၁)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကြီးကို နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ တန်ဆောင်တိုင်ပွဲတော် တင်ဒါလုပ်ငန်းအရပ်ရပ်ဖြစ်သည့် ဈေးဆိုင်ခန်းဆောက်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ယာဉ်ရပ်နားစခန်းလုပ်ကိုင်ခွင့်လုပ်ငန်း၊ လျှပ်စစ်မီးလုပ်ကိုင်ခွင့်လုပ်ငန်းနှင့် ရေ၊ မိလ္လာသန့်ရှင်းရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းရပ်များအတွက် တင်ဒါလုပ်ငန်းလုပ်ကိုင်သူများကို တင်ဒါခေါ်ယူခဲ့ရာ ငွေကျပ်သိန်း ၈၀၀ ဖြင့် လုပ်ငန်းရှင်တစ်ဦးက တင်ဒါရရှိအောင်မြင်သွားကြောင်း သိရသည်။

၂၀၁၄ ခုနှစ်က တင်ဒါအောင်မြင်ဈေးနှုန်းမှာ ငွေကျပ်သိန်း ၇၅၀ ဖြစ်ပြီး ယခုနှစ်တွင် တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသော ဧည့်ပရိသတ်များ သွားလာမှုအဆင်ပြေစေရေး၊ လုံခြုံချောမွေ့စေရေး၊ ပွဲတော်အတွင်း သန့်ရှင်းသာယာလှပစေရေး၊ ပွဲတော်အတွင်း ရောင်းချသည့် စားသောက်ကုန်များနှင့် ယာဉ်အပ်ခနှုန်းများ မြင့်မားမှုမရှိစေရေးအတွက် ပွဲတော်ကျင်းပရေးကော်မတီက လေ့လာစိစစ်၍ တင်ဒါခေါ်ယူခဲ့ရာ ယခုကဲ့သို့ လုပ်ငန်းရှင်တစ်ဦးက ငွေကျပ်သိန်း ၈၀၀ ဖြင့် တင်ဒါ အောင်မြင်ခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဆွာမြို့ အရှေ့ခြမ်းရှိ ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိတော့မည်

**ရေတာရှည် စက်တင်ဘာ ၂၇**

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးများရရှိရေးအတွက် နိုင်ငံတော်မှနှစ်ချီး၊ ပြည်သူလုထုက တစ်ချိုးနှုန်းဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ အရှေ့ဘက်ခြမ်းဒေသများဖြစ်သော ခင်တန်းလေး၊ တံတားကြီး၊ ကညင်အိုင်၊ အေးသာယာ၊ ရေနီး၊ သရက်တော၊ ဆွာဝပေါက်ကျေးရွာများ၌ လျှပ်စစ်မီးများရရှိရေးအတွက် စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ လက်ရှိတွင် ဆွာမြို့မှ ခင်တန်းလေးကျေးရွာအထိ ဓာတ်တိုင်များ၊ မီးကြိုးများ သွယ်တန်းလျက်ရှိပြီး ယင်းဓာတ်အားလိုင်းမှတစ်ဆင့် ကျန်ကျေးရွာများကို ထပ်ဆင့်သွယ်တန်းနိုင်ရန် ကျေးရွာများအလိုက် ကော်မတီများဖွဲ့စည်းကာ စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ အလားတူပင် ဆက်စပ်ဒေသများရှိ ကျေးရွာများသည်လည်း ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ရာ မကြာတော့သည့်ကာလတစ်ခု၌ လျှပ်စစ်မီးများ ထိန်ထိန်လင်းကာ ဒေသတစ်ခုလုံး ဖွံ့ဖြိုးနိုင်တော့မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# စေတုတ္တရာမြို့ရှိရေလုပ်သားများအား မြစိမ်းရောင်(ငါးကဏ္ဍ) ရန်ပုံငွေပေးအပ်ပွဲကျင်းပ

**စေတုတ္တရာ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မြစိမ်းရောင် (ငါးကဏ္ဍ) ရန်ပုံငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ထွေ/အုပ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက မြစိမ်းရောင်(ငါးကဏ္ဍ) ရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသက်နိုင်ဝင်းက မြစိမ်းရောင်(ငါးကဏ္ဍ) ရန်ပုံငွေ ပေးအပ်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကြီးဝ၊ သံဆည်၊ ငမန်နှင့် သရန်ကိုင်းကျေးရွာများအတွက် မြစိမ်းရောင်(ငါးကဏ္ဍ) ရန်ပုံငွေကို တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာတာဝန်ခံများက လက်ခံယူပြီး ကျေးရွာလေးရွာရှိ ရေလုပ်သားများကိုယ်စား ဦးညွန့်တင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စေတုတ္တရာမြို့နယ် ကြီးအုံ-ကြီးဝရေလှောင်တမံအတွင်းရှိ ကြီးဝရွာ၊ သံဆည်ရွာ၊ ငမန်ရွာနှင့် သရန်ကိုင်းကျေးရွာတို့မှ ရေလုပ်သားများသည် မုန်းချောင်းရေကြီးမှုများကြောင့် ငါးဖမ်းကိရိယာများနှင့် ငါးသားဖောက်ကန်များ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ သားငါးထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ပြီးဆက်လက်လုပ်ကိုင်နိုင်ရန် မြစိမ်းရောင် (ငါးကဏ္ဍ) ရန်ပုံငွေများကို မတည်ထူထောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျားပေါက်နှင့် စိုးထက်ဦး၊ ဗိုလ်စိုးအောင်နှင့် ရဲတံခွန်တို့ သရေရလဒ်ဖြင့်ပြီးဆုံး

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီကကြီးမှူးကျင်းပပြီး ဦးသောင်းရွှေ(စွမ်းကေကေ)စီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အောင်မြေမန္တလာ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပပြီးစီးခဲ့သည်။

စိန်ခေါ်ပွဲတွင် သုံးချီစိန်ခေါ်ပွဲတွဲဆိုင်း လေးဆိုင်း၊ လေးချီစိန်ခေါ်ပွဲ တွဲဆိုင်း နှစ်ဆိုင်း၊ ငါးချီစိန်ခေါ်ပွဲ တွဲဆိုင်းခုနစ်ဆိုင်း စုစုပေါင်း တွဲဆိုင်း ၁၃ ဆိုင်း အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သည်။

သုံးချီစိန်ခေါ်ပွဲများတွင် အသက်ခြောက်နှစ်အရွယ်၊ ကိုးနှစ်အရွယ် တွဲဆိုင်းများလည်း ပါဝင်ယှဉ်ပြိုင်ရာ မျိုးဆက်သစ်လေးများ၏ လက်ဝှေ့စွမ်းရည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

မျိုးဆက်သစ်သုံးချီစိန်ခေါ်ပွဲများတွင် ဟိန်းသူရဇော်(စွမ်းကေကေ)နှင့် ငမန်းလေး(စစ်ကိုင်း)၊ သူရထင်(စွမ်းကေကေ)နှင့် ချန်ပီယံ(ဂေါဝိန်)၊ မင်းထက်သာ(စွမ်းကေကေ)နှင့် ရှမ်းကြီး(ဂေါဝိန်)တို့ပွဲများ အကြိတ်အနယ်ယှဉ်ပြိုင်ပြီး သရေရလဒ်များ ထွက်ပေါ်လာသည်။ ဖိုးခွား(စွမ်းကေကေ)က အောင်ကျော်ဇော်(စစ်ကိုင်း)ကို ဒုတိယအချီ တစ်မိနစ်တွင် အလဲထိုး အနိုင်ရသည်။

လေးချီစိန်ခေါ်ပွဲများတွင် သူရလိပ် (စွမ်းကေကေ)နှင့် နိုင်လင်း(တိုက်ဂါး၊ ဘားအံ)၊ ကျန်ကျောင်း(စွမ်းကေကေ)နှင့် ဒိုးလေး(အဖြူရောင်သွေးသစ်)တို့ အလူးအလဲပူးတွဲသရေကျသည်။

ငါးချီစိန်ခေါ်ပွဲများတွင် စွမ်းထက်နိုင်(စွမ်းကေကေ)က ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)ကို စတုတ္ထအချီ ၂ မိနစ် ၂၃ စက္ကန့်တွင် အနိုင်ရရှိခဲ့သည်။ တိမ်တိုက်(ထွန်းသွင်)က အောင်ခဲစောတိုက်ဂါး(ဘားအံ)ကို ဒုတိယအချီ ၁ မိနစ် ၂၉ စက္ကန့်တွင် လည်းကောင်း၊ အောင်ပိုင်လေး(ရွှေသောင်ရင်း)က အားမာန်(အဖြူရောင်သွေးသစ်)ကို ဒုတိယအချီတွင်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဇော်ချစ်အောင်(စွမ်းကေကေ)နှင့် စောဖြိုးဝေ(၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံ အဖြူရောင်သွေးသစ်)၊ နေနေ(စွမ်းကေကေ)နှင့် ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)၊ ဗိုလ်စိုးအောင်(စွမ်းကေကေ)နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)၊ ကျားပေါက်(ရွှေဝါထွန်း)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ပူးတွဲသရေဖြစ်ပေါ်ခဲ့သည်။

ပွဲကြီးပွဲကောင်းဖြစ်သည့်အတွက် ပရိသတ်အားပေးမှုအထူးရရှိခဲ့သည်။ မကြာမီက ကွယ်လွန်ခဲ့သည့် လက်ဝှေ့ကျော်ကြီး ဆရာ ဦးဘိုစိန်အတွက် ပွဲမပြီးခင် အလှူငွေကောက်ခံခဲ့ရာတွင် မန္တလေးပွဲကြည့်ပရိသတ်များက ငွေကျပ် ၄၀၅၇၅၀ ကို စေတနာအပြည့်ဖြင့် လှူဒါန်းခဲ့သည်။ လက်ဝှေ့ကျော်များကလည်း ဖလားများဖြင့်အလှူခံရာ ပရိသတ်ကလည်း စေတနာအပြည့် လှူဒါန်းသည်ကို တွေ့ရသည်။

မန္တလေးလက်ဝှေ့ပွဲများဖြစ်မြောက်အောင်စီစဉ်ပေးသည့် စွမ်းကေကေကလပ်ကိုလည်း လေးစားရသည်။ ပွဲကြီးပွဲကောင်းများကို ကြည့်ရှုခဲ့ရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



## ကင်းထောက်လူငယ်များ စုပေါင်းလုပ်အားပေး

**ရမည်းသင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ မဟာသိမ်တော်ဘုရားပတ်ဝန်းကျင်နှင့် ဇေယျမင်္ဂလာကန္တားကျောင်းဝင်းအတွင်းရှိ ကွင်းပြင်၌ စံပြသိမ်ကုန်းကျေးရွာ အမှတ်(၃)အခြေခံအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်များက စက်တင်ဘာ ၂၅ ရက်က စုပေါင်းသန့်ရှင်းရေး လုပ်အားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကန္တားကျောင်းဝင်းကွင်းပြင်၌ (၁၂)ကြိမ်မြောက် ရွာလုံးကျွတ်သံဃာတော် အပါး ၄၇၀ ဆွမ်းသပိတ်၊ စာရေးတံလောင်းလှူပွဲကို စက်တင်ဘာ ၂၈ ရက် မှစ၍ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြွယ်နှင့် ဆရာ ဆရာမများခေါင်းဆောင်သော ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူ ၅၀ က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ၂၀၁၅–၂၀၁၆ ကြံရာသီအတွက် မျိုးစရိတ်ထုတ်ပေးပြီး တိုက်ရိုက်စနစ်ဖြင့် ဝယ်ယူမည်

**ရေတာရှည် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ ကြံစိုက်ပျိုးသော တောင်သူများအား ၂၀၁၅-၂၀၁၆ ကြံစိုက်ရာသီအတွက် မျိုးစရိတ်များကို အမှတ်(၆) သကြားစက်ရုံမှ ထုတ်ပေးသွားမည့်အပြင် တိုက်ရိုက်စနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ကြံစိုက်ပျိုးမည့် တောင်သူများအား တစ်ဧကလျှင် ကြံမျိုးလေးတန်ကို ကျပ် ၁၂၈၀၀၀ နှုန်းဖြင့် ထုတ်ပေးမည်ဖြစ်ကာ ထွက်ရှိသော ကြံများကိုလည်း တစ်တန်လျှင် ကျပ် ၃၂၀၀၀ နှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

“မနှစ်ကအတိုင်း ဆိုရင်တော့ ကြံဆိုတဲ့အသံကို ကြားကိုမကြားချင်တော့တာ။ ကြံတွေမရောင်းရလို့ နေပူမိတာ၊ အလုပ်သမားစရိတ်၊ သယ်ယူစရိတ်၊ ဒီကြားထဲ ပွဲစားတွေက ကြံအလေးချိန်မှတ်တဲ့စလစ်ကို မပြဘူး။ သူတို့မှတ်ထားတဲ့ ဗလာစာအုပ်ကိုပဲပြတော့ တောင်သူတွေ နစ်နာတာပေါ့။ အဲဒီနောက်ပိုင်း ကြံစိုက်တဲ့သူမရှိသလောက်ကို ဖြစ်ကုန်တာ”ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာမှ ကြံကို အဓိကစိုက်ပျိုးသည့် ဒေသခံတစ်ဦးက ပြောသည်။

ယခင်နှစ်က ကြံတစ်တန်လျှင် ကျပ်သုံးသောင်းနှင့်အထက် ဈေးသတ်မှတ်ခဲ့ပြီးနောက် ကြံစိုက်တောင်သူများက ဒေသအနှံ့အပြားတွင် ကြံကိုတိုးချဲ့စိုက်ပျိုးလာကြပြီး အမှန်တကယ် စက်ရုံသို့ရောင်းချရာတွင်မူ ရောင်းလိုအားက များပြားပြီး ဝယ်ယူနိုင်မှုမှာ နည်းပါးခဲ့သည့်အတွက် တောင်သူများ အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်ကို တွေ့ရသည်။ ထို့အပြင် တစ်ဆင့်ခံပွဲစားများ၏ ဈေးကစားမှု၊ ငွေပေးချေရာ၌ ကြန့်ကြာမှု စသည့်အခက်အခဲများကြောင့် ယခုနှစ်တွင် ကြံစိုက်ပျိုးသည့်တောင်သူဦးရေ များစွာကျဆင်းသွားခဲ့ပြီး ကြံစိုက်ပျိုးသည့်မြေများတွင်လည်း အခြားသောစိုက်ပျိုးသီးနှံများကို ပြောင်းလဲစိုက်ပျိုးလာကြခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုနှစ်တွင် ကြံစိုက်ပျိုးမှု တိုးတက်လာရေးအတွက် စက်ရုံမှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ စက်ရုံမှတိုက်ရိုက်စနစ်ဖြင့် တောင်သူများထံမှ ဝယ်ယူသွားမည်ဖြစ်ပြီး မြေယာပြုပြင်ခြင်းကိုလည်း စက်ရုံပိုင်ထွန်စက်များနှင့် ထွန်ယက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ သထုံမြို့၌ ကျင်းပ

**သထုံ စက်တင်ဘာ ၂၇**

သထုံမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက စီစဉ်ကျင်းပသည့် ၂၀၁၅ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက် ၂၃ နှစ်အောက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို သထုံခရိုင်အားကာစားကွင်း၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် သိမ်ကုန်းရပ်ကွက်ကိုယ်စားပြု ဝမ်းဝေးအသင်းနှင့် ပေါ်တော်မူကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝမ်းဝေးအသင်းက သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုရအသင်းနှင့် ဒုတိယဆုရအသင်းများအတွက် ဆုဖလားနှင့် ငွေသားဆုများ၊ တစ်ဦးချင်းဆုတံဆိပ်များနှင့် နေရာအလိုက် အကောင်းဆုံးဆုများကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဖြိုးမြင့်ဝေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဦးတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်က စတင်ကျင်းပခဲ့ပြီး သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# Republic of the Union of Myanmar
# Ministry of Energy
## Invitation to Tender
## Joint Venture Project of LPG Importation, Storage Distribution and Marketing bu using Existing Facilities of LPG Terminal in Thanlyin Refinery Area
## Tender No.(1-MLTJVP/2012-2016)

ကောလင်းမြို့၊ ဈေးရုံဗိုလ်တဲရပ်ကွက်နေ (ဦးကျော်လှ၊ ရပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကိုကျော်အောင်-မဖြူဖြူဝင်း၊ ကိုမျိုးခိုင်-မတင်တင်ဝင်း၊ ကိုရန်လင်းအောင်-မခင်သီတာတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၆-၉-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကောလင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး အသက်(၇၀)
**အခြေခံပညာဦးစီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊အမှတ် ၁၀၇(A)နေ (ဦးတင်ညွန့်-ဒေါ်ပု)တို့၏သား၊ (ဦးတင်)-ဒေါ်ခင်သန်းတို့၏သားသမက်၊ ဒေါ်ခင်စန်းတင့်၏ခင်ပွန်း၊ ဦးတင့်လွင်-ဒေါ်နွယ်တို့၏အစ်ကို၊ ဦးမိုးဝင်းစိုး-ဒေါ်နှင်းနွယ်ဦး၊ ဦးအောင်ကျော်လင်း-ဒေါ်သဇင်ဦး၊ မောင်အောင်ကျော်ကျော်စိုးတို့၏ဖခင်၊ မယွန်းရတီမိုးဦး(ကောင်းစုံဘော်ဒါ)၊ မောင်ဥက္ကာမင်း၊ မောင်ခန့်ကျော်ဇင်တို့၏အဘိုးသည် ၂၆-၉-၂၀၁၅ရက် (စနေနေ့) ည ၁၀း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၈-၉-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဗိုလ်
**B.Sc (Forestry) 1977**
**ဒုတိယအထွေထွေမန်နေဂျာ (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊(၁၀) ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၁၃၇ B 3 နေ ဒေါ်ညိုညိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်ကလေး-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးသိန်းတိုး)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ ဦးခင်မောင်ဦး - ဒေါ်ချိုနွယ်ယု (ခေတ္တ-USA)၊(ဦးလှထွန်း)-ဒေါ်ဆွေဆွေဝင်း၊ (ဦးခင်မောင်လှ) - ဒေါ်ဝင်းဝင်းမြင့်တို့၏ညီ/မောင်၊ ဦးဇော်ဝင်းဦး-ဒေါ်အေးအေး မြင့်၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်ပို့ပို့ကျော်၊ ဒေါ်မေချိုဦး - Paul Rugenstein ၊ ဦးမင်းသက်အောင်-ဒေါ်ယဉ်မင်းသူ၊ ဒေါ်နှင်းဝတ်ရည်၊ ဒေါ်နှင်းလဲ့ရည်တို့၏ ဦးလေးသည် ၂၆-၉-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၅ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်မြတ်
**ရတနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယကဆရာတော်**
**သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၄)ဝိုင်း၊ ရတနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်မြတ်သည်(၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်) ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) စျာပနကျင်းပရေးကော်မတီ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဇနိတ
**သက်တော်(၄၇)နှစ်၊ သိက္ခာတော်(၂၇)ဝါ**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ အင်္ဂမော်အုပ်စု၊ ကန်သာယာကျေးရွာ၊ ကန်သာယာကျောင်းဆရာတော် ဘဒ္ဒန္တဇနိတသည် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရေပုန်းရပ်၊ ဘုံပျံကျောင်းတိုက်တွင်အပူဇော်ခံ၍(၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၅ရက်) ၃-၁၀-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်၌အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

## ဦးသန့်ဇင်(ထားဝယ်) အသက်(၇၄)နှစ်
**(စာရေးဆရာ မောင်ဇင်ယော်)**
**ဒု-လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ (စက္ကူ-ဓာတု)**
**စက်မှု(၁)စစ်တောင်းစက္ကူစက်**

ထားဝယ်မြို့နေ (ဦးဘသီး-ဒေါ်မြသင်းစီ)တို့၏သား၊ ထားဝယ်မြို့နေ (ဦးရွှေချီ)-ဒေါ်ထူးကြည်တို့၏သားသမက်၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်အိမ်ရာနေ ဒေါ်ထင်ရှိန်၏ချစ်လှစွာသောခင်ပွန်း၊ ထားဝယ်မြို့နေ ဦးစိုးညွန့်-ဒေါ်ထွေးလှ၊ ရန်ကုန်မြို့နေ ဦးအောင်ခိုင်(အင်ဂျင်နီယာမှူး၊ ငြိမ်း)-ဒေါ်လှကြည်တို့၏အစ်ကို၊ ဒေါ်အိအိဇင် (သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါက်တာလှဘုန်း-ဒေါက်တာငုဝါမင်း (ရောဂါဗေဒအထူးကုဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံ)တို့၏ဖခင်၊ မမေဘုန်းမြတ်သူ(G7 TTC)၊ မောင်လရောင်ဘုန်းမြတ် ( G1.TTC)တို့၏အဘိုးသည် ၂၆-၉-၂၀၁၅ရက်(စနေနေ့)နံနက် ၇း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (ဘုရင့်နောင်အိမ်ရာ၊ ၃လမ်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးအောင်သန်းရှိန်(ငြိမ်း) OTS (43)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ (ဦးဟန်ရှိန်-ဒေါ်လှနု)တို့၏သားကြီး၊ (ဦးအေးမောင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ဗိုလ်ဇင်ယော်လမ်း၊ အိမ်အမှတ်(၂၅၁)နေ ဒေါ်အေးညွန့်ဆွေ၏ခင်ပွန်း၊ ဦးစန်းရှိန်-ဒေါ်မြမြဝင်း၊ ဦးကြီးရှိန်-ဒေါ်ကြူကြူစိုး၊ ဦးချစ်မင်းမောင်-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကိုကြီး၊ ဦးလွှမ်းထက်အောင်-ဒေါ်ခင်ယုဇနေ၊ ဦးမျိုးမြင့်သောင်း-ဒေါ်သက်ထားအောင်၊ ဦးပြည့်စုံအောင်-ဒေါ်နွယ်နွယ်လွင်တို့၏ဖခင်၊ မောင်ဇေယျာထက်၊ မဆုလာဘ်ရတနာတို့၏ဘိုးဘိုးကြီးသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့တွင်ပင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၅ ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာရေစက်ချမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## သာသနာ့ဒါယကာကြီး ဦးကင်းအောင် (တောင်ငူ)
**ဦးကင်းအောင်-ဒေါ်တင်တင်မြ(အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)**
**အသက်(၆၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ် ၄/၁၅-ဘုရားလမ်းနေ (ဦးအာစန်း-ဒေါ်ရွှေတင်)တို့၏သား၊ ဒေါ်တင်တင်မြ၏ခင်ပွန်း၊ ကိုဟန်လင်း- မစုစုကင်း၊ မနိုဗယ်ကင်း၊ ဒေါက်တာမစန္ဒာကင်းအောင်၊ ဒေါက်တာမောင်ဝေတင်တို့၏ဖခင်ကြီး၊ မောင်အောင်တေဇာလင်း၊ မသျှင်ဥသာကင်းတို့၏အဘိုးသည် ၂၆-၉-၂၀၁၅ရက်(စနေနေ့)နံနက် ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြဆွေ အသက်(၆၀)

ပခုက္ကူမြို့နေ ပဥ္စရူပဆေးလိပ်ခုံပိုင်ရှင် (ဦးအောင်ဆင့်)-ဒေါ်ခင်ခင်တို့၏သမီး၊ မုံရွာမြို့နေ (ဦးလူမော်-ဒေါ်လှလှ)တို့၏သမီးချွေးမ၊ တောင်အာဖရိကနိုင်ငံ Durban မြို့နေ ဒေါက်တာမိုးအောင်မော်၏ဇနီး၊ ဒေါက်တာဝင်းမြင့်အောင်-ဒေါ်စန္ဒာဦး(ဩစတြေးလျ)၊ ဒေါက်တာရဲထွန်း-ဒေါက်တာမွန်မွန်လှ (အမေရိက)၊ဦးခင်မောင်ကျော်-ဒေါ်ယဉ်ယဉ်မွန်(ရန်ကုန်)၊ (ဦးအောင်ခင်ဆင့်)-ဒေါ်လဲ့လဲ့ဝင်း(ပခုက္ကူ)တို့၏အစ်မ၊ မဇွန်လဲ့ဖြူ(ကနေဒါ)၊ မောင်နိုင်အောင်မော် (စင်ကာပူ)၊ မောင်ရန်အောင်မော်(တောင်အာဖရိက)တို့၏မိခင်သည် ၂၄-၉-၂၀၁၅ရက် နံနက် ၁၀း၅၀နာရီတွင် တောင်အာဖရိကနိုင်ငံ Durban မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြဆွေ
**အသက်(၆၀)**

မုံရွာမြို့နေ (ဦးလူမော်-ဒေါ်လှလှ)တို့၏သမီးချွေးမ၊ ပခုက္ကူမြို့နေ ပဥ္စရူပဆေးလိပ်ခုံပိုင်ရှင်(ဦးအောင်ဆင့်)-ဒေါ်ခင်ခင်တို့၏သမီး၊ တောင်အာဖရိကနိုင်ငံ Durban မြို့နေ ဒေါက်တာမိုးအောင်မော်၏ဇနီး၊ မုံရွာမြို့နေ ဒေါက်တာဝင်းမော် - ဒေါ်ခင်နှင်းမွန် (စိုပြေဆေးရုံ)တို့၏ညီမ၊ ဦးမေအောင်မော်(UMG, YGN)၊ ဒေါ်ငြိမ်းငြိမ်းမော်(ဒု-ညွှန်မှူး၊ နေပြည်တော်)တို့၏ အစ်မသည် ၂၄-၉-၂၀၁၅ရက် နံနက် ၁၀း၅၀နာရီတွင် တောင်အာဖရိကနိုင်ငံ Durbanမြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှတင်
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊၁၄/၅/၁၄၂၊ ဝဏ္ဏကျော်စွာလမ်းနေ ဒေါ်သန်းသန်းရွှေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်တင်ထွန်း၊ မယုယုခင်၊ မောင်မင်းသူထွန်း-မစိုးစိုးခင်၊ မယုယုမော်၊ မောင်မြင့်ရွှေ-မယုယုကျော်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# သမိုင်းထဲက ဖျိုင်းအင်းကန် ကန်တော်ကြီးတစ်ခုသဖွယ် ဖြစ်လာတော့မည်



တပ်ကုန်းမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေအပြင် စိုက်ပျိုးရေပါအကျိုးပြုမည့် သမိုင်းဝင်ဖျိုင်းအင်းကန်ကြီး ပြန်လည်တူးဖော်နေမှုကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (သတင်း၊ စာ-၁၀) ဓာတ်ပုံ-သက်ထက်

# အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု(G) ယနေ့စတင်မည်

*သတင်း-ရဲရင့်ရှိုင်း*

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စု (G) ပွဲစဉ်များကို စက်တင်ဘာ ၂၈ ရက် **(ယနေ့)**တွင် သုဝဏ္ဏကွင်း၌ စတင်ကျင်းပမည်ဖြစ်သည်။ ပထမနေ့ပွဲစဉ်များတွင် အိမ်ရှင်မြန်မာအသင်း၏ ပွဲစဉ် ပါဝင်မည်မဟုတ်ဘဲ အခြားအသင်းများသာ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပထမနေ့ပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲတွင် ဟောင်ကောင်အသင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲတွင် တီမောအသင်းနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါ ခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲက ဟိုတယ်ရန်ကုန်၌ ကျင်းပခဲ့သည်။ မြန်မာယူ-၁၉အသင်း နည်းပြချုပ် ဂက်ဖရိုင်းဒရစ်က "မိမိတို့၏ရည်မှန်းချက်မှာ ခြေစစ်ပွဲအောင်မြင်ရန်ဖြစ်ကြောင်း၊ ထိုင်းနှင့်ခြေစမ်းပွဲပြီးကတည်းက ခြေစစ်ပွဲအတွက် ပြင်ဆင်နေသော်လည်း မိမိတို့ကံမကောင်းကြောင်း၊ ကစားသမားအချို့ ဝမ်းရောဂါခံစားနေရပြီး အမာခံကစားသမားနှစ်ဦးမှာလည်း ဒဏ်ရာရနေကြောင်း၊ ယင်းအတွက်ကြောင့် ပြင်ဆင်ရာတွင် အခက်အခဲများစွာရှိကြောင်း၊ ခြေစစ်ပွဲတွင် တွေ့ဆုံမည့်အသင်းတိုင်းမှာ

*စာမျက်နှာ ၁၄ ကော်လံ ၁*

## ယနေ့ ဖတ်စရာ

**ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်** စာ-၉

**ရောဝတီအသင်း ရှုံး/ထွက် ချန်ပီယံဆု သုံးကြိမ်ဆက်တိုက်ဆွတ်ခူး** စာ-၁၄

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ တူးတူးနှင့်စောဂေါ်မူတို ထိုးသတ်မှု အနိုင်အရှုံးမပေါ်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း) ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး Victory Myanmar Group က အဓိကကူညီပံ့ပိုးကာ T&T Group နှင့် Naing Moe Intertainmentတို့ စီစဉ်ကျင်းပသည့် မြန်မာ့သွေး၊ မြန်မာ့သတ္တိနှင့် မြန်မာ့မာန်ကို ပြသသော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားခန်းမ၌ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)နှင့် စောဂေါ်မူတို(သတ္တိ)တို့ အနိုင်အရှုံးမပေါ်ဘဲ သရေဖြင့်ကျေနပ်ခဲ့ရသည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် တွဲဆိုင်း ၁၁ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ရာ တစ်မူထူးခြားစွာ ထည့်သွင်းထားသည့် အမျိုးသမီး တွဲဆိုင်းနှစ်ဆိုင်းလည်း

*စာမျက်နှာ ၁၂ ကော်လံ ၁*



ဖျံသွေး(အောင်မြန်မာ)၏ ဘယ်ခြေကန်ချက် ရှမ်းကို (T&T) မျက်နှာကို ထိမိစဉ်။




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ တွေ့

ပုလဲ စက်တင်ဘာ ၂၇

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် လွတ်လပ်၍တရားမျှတသော ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းကြည်က မိတ်ဆက်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးအောင်စိုးက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ညွှန်ကြားချက်(၁/၂၀၁၄ ) နှင့် နိုင်ငံရေးပါတီများ လိုက်နာရမည့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## ပခုက္ကူခရိုင် ကော်မရှင်အဖွဲ့ခွဲ ကွင်းဆင်းဆောင်ရွက်

မြိုင် စက်တင်ဘာ ၂၇

ပခုက္ကူခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရွှေကျော့နှင့်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှသန်း၊ ဦးဗိုလ်၊ ဦးဇော်ဌေးအောင်၊ ဦးဇော်သူတို့နှင့်အတူ စက်တင်ဘာ ၂၄ ရက်က မြိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိ၍ မြို့နယ်ကော်မရှင်အဖွဲ့များနှင့် တွေ့ဆုံကာ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများရှိ မဲဆန္ဒရှင်များနှင့်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမျိုးမင်းသိန်း၊ အဖွဲ့ဝင် ဦးခင်ဦးတို့သည် မြို့ပေါ်ရှိအမှတ်(၃) ရပ်ကွက်နှင့်သက္ကယ်ကန်၊ ဘောင့်ဘင်၊ ဂျုတ်ကုန်း၊ ဆိတ်ချေး၊ ဗဟင်းအုပ်စုများရှိ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကြပြီး ကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံကာ မဲဆန္ဒရှင်မဲစာရင်းများ ကြေညာထားရှိမှု ရှိ/မရှိ၊ မဲစာရင်းအတိုး/အလျော့ ရှိ/မရှိ၊ ပြည်သူများလာရောက်ကြည့်ရှုမှုအခြေအနေများကိုမေးမြန်း၍ မဲစာရင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၁၃၅)

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

ရွေးကောက်ပွဲကျင်းပရန်
**၄၁**
ရက်သာလိုတော့သည်။







**မဲပုံး**

ပလတ်စတစ် အကြည်ပုံးများ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ် (သို့) တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုး မဲပုံး စသည့်မဲပုံးများတွင် လွှတ်တော်အမည်ပါ စာရွက်များ ကပ်ထားမှာပါ။





# ကချင်ပြည်နယ် ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၇

**ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာနန်ဖိန်းလုအောန်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများ၊ နိုင်ငံတော်အာဏာပိုင်ရှင်များဖြစ်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများရှင့်-**

ကျွန်မကတော့ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)က ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်နဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနန်ဖိန်းလုအောန်ဖြစ်ပါတယ်။ အခုလို မိမိတို့ပါတီနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ပြည်သူတွေကို တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ပြည်သူဆိုရာမှာ အထူးသဖြင့် ကချင်ပြည်နယ်တွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူများကို ဆိုလိုချင်ပါတယ်။ မိမိတို့ပါတီဟာ ပြည်သူကို လေးစားတန်ဖိုးထားတဲ့၊ ပြည်သူကို မဏ္ဍိုင်ပြုတဲ့ ပါတီဖြစ်ပါတယ်။ ပြည်သူလူထုအကျိုးမှန်သမျှကို သယ်ပိုးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ တိုင်းပြည်မှာ ခေတ်စနစ်တွေ ပြောင်းလဲလာတာကို ကျွန်မတို့ အပြည့်အဝထောက်ခံပါတယ်။ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေး လှိမ့်တုံးကြီးကို ကျွန်မတို့က နောက်မှတွန်းမှာပါ။ ရှေ့က မကာပါဘူး။ တိုင်းပြည်မှာ စစ်မှန်တဲ့ငြိမ်းချမ်းရေး အမြန်ရရှိရန်နဲ့ ဒီမိုကရေစီအပြည့်အဝထွန်းကားရန် ကျွန်မတို့လိုလားပါတယ်။

ကျွန်မတို့ရဲ့ ခံယူချက်တစ်ခုကို ပြောရမယ်ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီထွန်းကားရေးဟာ ငွေဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ ပန်းလိုပါပဲ။ ခွဲခြားလို့ မရစကောင်းပါဘူး။ နှစ်မျိုးစလုံးကို တစ်ချိန်တည်း တစ်ပြိုင်နက်ဖော်ဆောင်သွားရပါမယ်။ ဘာကြောင့်လဲဆိုရင် ငြိမ်းချမ်းရေးရသော်ငြားလည်း ဒီမိုကရေစီ မထွန်းကားလျှင် အနှစ်သာရမပြည့်စုံသလို ဒီမိုကရေစီထွန်းကားသော်လည်း တိုင်းပြည်မတည်ငြိမ် မအေးချမ်းဘူးဆိုရင် ဒီမိုကရေစီရဲ့ အရသာကို ပြည်သူတွေ ခံစားနိုင်မည်မဟုတ်ပါဘူး။

တစ်ချိန်တည်းမှာ မူးယစ်ဆေးဝါးနှိမ်နင်းရေးအလုပ်ကိုလည်း အားစိုက်ပြီး လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ တိုင်းပြည်အေးချမ်းပြီး ဒီမိုကရေစီ ထွန်းကားသော်လည်း ပြည်သူတွေက ဘိန်းစားတွေဖြစ်ကုန်တယ်ဆိုလျှင် အဲဒီတိုင်းပြည်ဟာ ဘယ်လိုဖြစ်သွားမလဲ။ လူတွေပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ပါ့မလား၊ ဖွံ့ဖြိုးတိုးတက်နိုင်ပါ့မလား၊ သိက္ခာရှိပါ့မလားဆိုတာကို မိဘပြည်သူများ စဉ်းစားကြည့်ရင် သိနိုင်မှာပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှာမှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားရဟန်းရှင်လူ ပြည်သူလူထုတစ်ရပ်လုံးဟာ နိုင်ငံတော်တွင်း တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီစနစ် အပြည့်အဝ ပေါ်ထွန်းလာဖို့ လိုလားတောင့်တလျက်ရှိကြပါတယ်။ လှည်းနေလှေအောင်း မြင်းစောင်းမကျန် လူမျိုးဘာသာ၊ သာသနာမခွဲခြားဘဲ ပြည်သူလူထုတစ်ရပ်လုံး တစ်စည်းတစ်လုံးတည်းနဲ့ နည်းမှန်လမ်းမှန် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်နိုင်မှသာ တိုင်းပြည်မှာ ဒီမိုကရေစီ အမှန်တကယ် ထွန်းကားလာနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ဖြစ်ပေါ်လာဖို့အတွက် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံးကလည်း လက်တွဲဝန်းရံ ပါဝင်လှုပ်ရှားကြရမှာ ဖြစ်ပါတယ်။

မျက်မှောက်ကာလမှာ နိုင်ငံတော်အတွင်း ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်တယ်။ ဒါ့ကြောင့် ကျွန်မတို့ပါတီဟာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ကချင်ပြည်နယ် ဒီမိုကရေစီပါတီအဖြစ် တရားဝင်ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။ ပါတီရဲ့မှတ်ပုံတင်နံပါတ်ကတော့ (၆၇) ဖြစ်ပါတယ်။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှာ ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကချင်ပြည်နယ် ဇာတိသားများဖြစ်ကြပြီး အခြားဒေသများသို့ ယာယီရောက်ရှိနေသူများ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/ မ မခွဲခြားဘဲ မည်သူမဆို ပါဝင်နိုင်ပါတယ်။ ကချင်ပြည်နယ် ဒီမိုကရေစီပါတီဟာ ကချင်ပြည်နယ်သူ ပြည်နယ်သားအားလုံးနဲ့ ပါတီဝင်ထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ပါတီဖြစ်ပါတယ်။ ကချင်ပြည်နယ် ဒီမိုကရေစီပါတီဟာ ကချင်ပြည်နယ်သူ ပြည်နယ်သားများအားလုံးနဲ့ ပါတီဝင်ထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် မမှိတ်မသုန် ရှေးရှုဆောင်ရွက်သွားပါမယ်။

**မိမိတို့ပါတီထူထောင်ခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း တင်ပြလိုပါတယ်။**

တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသော ကျွန်မတို့ရဲ့ နိုင်ငံတော်ကို ပင်လုံကတိကဝတ်နဲ့အညီ စစ်မှန်သော ပြည်ထောင်စု (Federal) စနစ်ဖြင့် တည်ဆောက်၍ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ တန်းတူအခွင့်အရေးများရရှိပြီး လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရား(၃)ပါး ထွန်းကားဖို့ လိုအပ်ပါတယ်။ သို့မှသာ ပြည်သူများအားလုံး အချင်းချင်း ယုံကြည်မှုရှိခြင်း၊ တန်းတူအခွင့်အရေးရရှိခြင်း၊ လွတ်လပ်ခြင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းနဲ့ မွေးရာပါ လူ့အခွင့်အရေးအပြည့်အဝရရှိပြီး ထာဝရငြိမ်းချမ်းသာယာဝပြော ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ အဖွဲ့ဝင်တစ်ခုဖြစ်သော ကချင်ပြည်နယ်သည်လည်း အထက်ပါအချက်အလက်များနှင့် ပြည့်စုံပြီး ပြည်နယ်သူပြည်နယ်သားများအားလုံးအချင်းချင်း လူမျိုးဘာသာ မခွဲခြားဘဲ သွေးစည်းညီညွတ်ကြကာ ပြည်နယ်ရဲ့ တိုးတက်ရာတိုးတက်ကြောင်း ကောင်းကျိုးအဖြာဖြာပေါ်ထွန်းလာရေးမှာ လက်တွဲဆောင်ရွက်ကြပြီး သာယာဝပြောတဲ့ ပြည်နယ်တစ်ခုအဖြစ် ရပ်တည်သွားနိုင်ဖို့ ရည်ရွယ်ပြီး ကချင်ပြည်နယ် ဒီမိုကရေစီပါတီကို ဖွဲ့စည်းထူထောင်လိုက်တာ ဖြစ်ပါတယ်။

**မိမိတို့ပါတီရဲ့ အဓိကမူဝါဒကို ပြောရမယ်ဆိုရင်**

နိုင်ငံရေးပါတီတစ်ရပ်မှာ ပြည်သူလူထုရဲ့ လူမှုဘဝနဲ့ သက်ဆိုင်သော ကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ပေးဖို့ တာဝန်အပြည့်အဝရှိတယ်လို့ ခံယူပါတယ်။ ပါတီရဲ့လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရာမှာလည်း အတိတ်ကာလမှာ ဖြစ်ပျက်ခဲ့သမျှကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်လက်ရှိအချိန်အခါအခြေအနေနဲ့ သဟဇာတဖြစ်အောင် ပြုမူဆောင်ရွက်ပြီး ကောင်းမွန်တိုးတက်အောင်မြင်တဲ့ အနာဂတ်ကို ဖောင်ဆောင်သွားကြရပါမယ်။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီဟာ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာပါတဲ့ လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းနဲ့ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတွေကို အစွမ်းကုန် လိုက်နာကျင့်သုံးရေးမူကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**အဲဒီမူကို အခြေခံပြီး မိမိတို့ ကချင်ပြည်နယ် ဒီမိုကရေစီပါတီဟာ နိုင်ငံရေးမူဝါဒ(၈)ချက်ကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။**

(၁) ကချင်ပြည်နယ်ဒီမိုကရေစီပါတီဟာ ပြည်သူလူထုကိုဗဟိုပြုပြီး ပြည်သူလူထုအကျိုးကို အမြဲရှေးရှုတဲ့ နိုင်ငံရေးပါတီ တစ်ရပ်ဖြစ်ပါတယ်။

(၂) ကချင်ပြည်နယ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အမျိုးသားပြည်နယ်တစ်ပြည်နယ်ဖြစ်တဲ့အတွက်ကြောင့် ပြည်နယ်ရဲ့ အကျိုးစီးပွားကို ဖျက်ဆီးထိပါးစေတဲ့ လုပ်ရပ်မှန်သမျှကို ထိရောက်စွာ ဟန့်တားတိုက်ဖျက်သွားပါမယ်။

(၃) ပြည်ထောင်စုရဲ့ အဖွဲ့ဝင်တစ်ခုဖြစ်တဲ့ ကချင်ပြည်နယ် ထာဝစဉ်တည်တံ့ခိုင်မြဲရေးကို လိုလားပါတယ်။

(၄) ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောရန် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရရှိဖို့ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်။

(၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် တိုင်းပြည်အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်လာဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အပြည့်အဝရရှိလာရေးမှာ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်သွားပါမယ်။

(၆) မျှတတဲ့ဥပဒေနှင့် တရားစီရင်ရေး၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်သွားပါမယ်။

**တစ်ချိန်တည်းမှာ စီးပွားရေးမူဝါဒ(၈)ချက်ကိုလည်း အောက်ပါအတိုင်း ချမှတ်ထားပါတယ်။**

(၁) လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ် (Free Marketing System) ကိုထောက်ခံအားပေးရေး၊

(၂) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာ ခေတ်မီတဲ့သိပ္ပံနည်းစနစ်များကို အသုံးပြုနိုင်အောင် အားပေးမြှင့်တင်ရေး၊

(၃) ပုံမှန် ကူးသန်းရောင်းဝယ်ရေး (Normal Trade) ကို အားပေးမြှင့်တင်ရေး၊

(၄) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ သယံဇာတများကို စနစ်တကျစီမံခွင့်ရရှိစေပြီး တူးဖော်သုံးစွဲနိုင်ရေး၊

(၅) သမဝါယမနဲ့ ပုဂ္ဂလိက လုပ်ငန်းများ ပိုမိုရှင်သန်တိုးတက်လာအောင် အားပေးမြှင့်တင်ရေး၊

(၆) ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ငန်းများကို အားပေးမြှင့်တင်ရေး၊

(၇) ပြည်နယ်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင် အများအပြားပေါ်ထွန်းလာရေးကို အားပေးလုပ်ဆောင်ရေး၊

(၈) ခေတ်မီတဲ့စီးပွားရေးလုပ်ငန်းအသစ်များကို ရှာဖွေဖော်ထုတ်ရာမှာ အားပေးကူညီဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။

**ပါတီ၏ရှေ့လုပ်ငန်းစဉ်များကို တင်ပြရမယ်ဆိုရင်**

(၁) ကချင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိပြီး တစ်နေ့တခြား ပိုမိုသာယာဝပြော ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ထောင်စုရဲ့ ခိုင်ခံ့တဲ့ အထောက်အကူပြု ပြည်နယ်တစ်ခု ဖြစ်လာအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

(၂) ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်သွားနိုင်အောင် အမျိုးသားရင်ကြားစေ့ရေးကို မဖြစ်မနေ တည်ဆောက်သွားပါမယ်။

(၃) ကချင်ပြည်နယ်အတွင်း ဒီမိုကရေစီစနစ်ပိုမိုပြည်ရှင်သန်လာအောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

(၄) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်သွားပါမယ်။

(၅) ပြည်သူလူထုရဲ့အခြေခံလိုအပ်ချက်များဖြစ်တဲ့ စား၊ ဝတ်၊ နေရေးဖူလုံရေးနဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးကို အလေးပေးဆောင်ရွက်သွားပါမယ်။

(၆) ပြည်သူလူထုရဲ့ကျန်းမာကြံ့ခိုင်ရေးနဲ့ စာရိတ္တကောင်းမွန်ရေးဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားပါမယ်။

(၇) မသင်မနေရအခမဲ့ပညာရေးစနစ်ကို အခြေခံပြီး ခေတ်မီတိုးတက်တဲ့ အသုံးချပညာရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်။

(၈) တရားမျှတတဲ့ဥပဒေပေါ်ပေါက်လာပြီး ယင်းဥပဒေကို လူတိုင်းလေးစားလိုက်နာရေးနဲ့ လူသားတိုင်း ကိုယ်ကျင့်တရားကောင်းမွန်ရေးကို အထူးအလေးထားပြီး တရားဥပဒေစိုးမိုးရေးကို ကြပ်မတ်လုပ်ဆောင်သွားပါမယ်။

ကျွန်မဆက်လက်တင်ပြချင်တဲ့အချက်တစ်ခုကတော့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့အချက်ဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ မရှိမဖြစ်လိုအပ်တဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အာဏာပိုင်ရှင်တွေဖြစ်ကြတဲ့ ပြည်သူလူထုတွေကသာ ရွေးကောက်ပွဲမှာ မိမိတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းတွေကို မိမိအိတ်ကပ်ထဲက မဲတစ်ပြားထုတ် မဲထည့်ရွေးချယ်လိုက်ပြီး တိုင်းပြည်ကိုအုပ်ချုပ်စေတဲ့ အခင်းအကျင်းဟာ ရွေးကောက်ပွဲပဲဖြစ်ပါတယ်။ ဒါ့ကြောင့် လာမယ့်ရွေးကောက်ပွဲမှာ တိုင်းပြည်ကို မြန်မြန်ဆန်ဆန်ပြောင်းလဲစေချင်သူတိုင်း မှန်မှန်ကန်ကန်မဲပေးဖို့ အလွန်အရေးကြီးလှပါတယ်။ အစိုးရရဲ့တာဝန်ဟာ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်ပြီး ပြည်သူတွေရဲ့တာဝန်မှာ မဲထည့်ပေးရန်ဖြစ်ပါတယ်။ ဒါ့ကြောင့် လာမယ့်ရွေးကောက်ပွဲဟာ တိုင်းပြည်အတွက် အကျိုးပြုတဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်ဖို့ဆိုရင်ဖြင့် အစိုးရရော ပြည်သူတွေပါ တာဝန်ကျေပွန်ကြရန် လိုအပ်ပါတယ်။

**နိဂုံးချုပ်ပြောကြားလိုတာကတော့ ကချင်ပြည်နယ်သူ/သား မိဘပြည်သူများရှင်-**

ကချင်ပြည်နယ်ကိုချစ်တယ်၊ ကချင်ပြည်နယ်ကို တိုးတက်ဖွံ့ဖြိုးစေချင်တယ်ဆိုရင် လာမယ့်နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP) ကို မဲထည့်ပေးကြပါ။ ထောက်ခံအားပေးကြပါ။ လုပ်ပိုင်ခွင့်နဲ့ အာဏာအပ်နှင်းကြပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

# ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၇

**ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် ဗဟိုအမျိုးသမီးတာဝန်ခံ ဒေါ် MD ခေါ်ညွယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော ကချင်ပြည်နယ်သူ/သားအပေါင်းနှင့် မြန်မာနိုင်ငံသူ/သားအပေါင်းတို့ရှင့်-**

မင်္ဂလာအပေါင်း ခညောင်းပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (KNCD) ပါတီမှ ဗဟိုအလုပ်မှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် ဗဟိုအမျိုးသမီးတာဝန်ခံ ဒေါ် MD ခေါ်ညွယ်ဖြစ်ပါတယ်။

ကျွန်မတို့ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (KNCD) ပါတီ၏ အမှတ်တံဆိပ်၊ အလံ (Logo) ကို ရှေးဦးစွာ မိတ်ဆက်ပေးချင်ပါတယ်။ ကျွန်မတို့၏ အလံမှာ ၁၉၄၉ ခုနှစ်မှ လက်ဆင့်ကမ်း အသုံးပြုလာသော ပါတီ၏ မူပိုင်အလံဖြစ်ပါသည်။ အောက်ခံအရောင် အစိမ်းရောင်သည် စိမ်းလန်းစိုပြည်ခြင်း၊ အေးမြခြင်း၊ သာယာဝပြောခြင်းနှင့် ယဉ်ကျေးသိမ်မွေ့ခြင်းကို ဖော်ဆောင်ပြီး အနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်းကို ဖော်ဆောင်ပါသည်။ အဖြူရောင်သည် ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ပွင့်လင်းမှုရှိခြင်းကို ဖော်ဆောင်ပါသည်။ ဓားနှစ်လက်သည် ရှေးပဝေသဏီအချိန်မှစ၍ ဘိုးဘေးဘီဘင်များသည် မိမိတို့နယ်မြေအား ဓားလက်နက်ဖြင့် ကာကွယ်စောင့်ရှောက်ခြင်း၊ မိမိ၏ရန်သူအား ခုခံကာကွယ်တိုက်ခိုက်ခြင်းနှင့် တောတောင်ခုတ်ထွင်ရှင်းလင်း အသက်မွေးဝမ်းကျောင်းပြုလာခြင်းနှင့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ၌ အသုံးပြုခြင်းကို ဖော်ဆောင်ထားပါသည်။

ဓားနှစ်လက်အမြောက်၏ လက္ခဏာမှာ စည်းလုံးညီညွတ်ခြင်း၊ ခိုင်မြဲစေခြင်း၊ ကျားကန်ဖေးမကူညီခြင်းနှင့် တိုးတက်ကြီးပွားခြင်း အဓိပ္ပာယ်ကို ဆောင်ပါသည်။ ကြယ်ဖြူတစ်လုံးမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်နှင့် ပြည်ထောင်စုကြီးပေါ်ပေါက်လာရန်အတွက် ပင်လုံ၌ ကချင်တိုင်းရင်းသားလူမျိုးတစ်မျိုးကိုယ်စားအဖြစ်ပါဝင်ပြီး လက်မှတ်ရေးထိုးထားပါကြောင်း ရည်ညွှန်းဖော်ပြထားတာဖြစ်ပါတယ်။

ကျွန်တော်/ကျွန်မတို့ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (Kachin National Congress For Democracy -KNCD) ရဲ့ နောက်ခံသမိုင်းကြောင်း အနည်းငယ်ကို တင်ပြသွားချင်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးအကြိုခေတ် အမျိုးသားနိုင်ငံရေးအမြော်မြင်ရှိကြသော လူငယ်ခေါင်းဆောင်များဖြစ်ကြသည့် ဒူဝါဇော်လွန်၊ ဒူဝါဝဘော်ဇော်ရစ်၊ ဒူဝါဇန်ထဆင်၊ ဒူဝါဦးကြီးထိန်နန်၊ ဒူဝါရှောင်ဂျုံး၊ ဒူဝါလဘန်ဂရောင်၊ ဆရာဂွန်ဂမ်၊ ဦးလှကြိုင်၊ ဦးထွန်းတင်နှင့် ဒူဝါဒိန်ရတန်တို့မှ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် Kachin National Congress(KNC) ပါတီအဖြစ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ KNC ပါတီသည် ပင်လုံကတိကဝတ်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ အမျိုးသားတန်းတူရေး၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အတူတိုးတက်ရေးဆိုတဲ့မူကို လက်ကိုင်ထားသော ပါတီဖြစ်သည့်အတွက် မြန်မာ့ပါလီမန် ဒီမိုကရေစီခေတ် ရွေးကောက်ပွဲများဖြစ်သော ၁၉၅၂ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ပထမအကြိမ်အနိုင်ရကာ ဒူဝါဇော်လွန် ဦးဆောင်သော ပထမဆုံးကချင်ပြည်နယ် အစိုးရအဖွဲ့ကို ဖွဲ့စည်းအုပ်ချုပ်နိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင်လည်း ထပ်မံအနိုင်ရကာ ဒူဝါဆန်ထဆင် ဦးဆောင်သော ကချင်ပြည်နယ်အစိုးရတို့မှ ဦးဆောင်အုပ်ချုပ်နိုင်ခဲ့သည်။ ထိုခေတ်မိမိတို့ပါတီမှ ဦးဆောင်အုပ်ချုပ်ခဲ့သော ပါလီမန်ဒီမိုကရေစီခေတ်အစိုးရလက်ထက်၌ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အဖွံ့ဖြိုးဆုံးနှင့် အတိုးတက်ဆုံးဖြစ်ခဲ့သည်မှာ သမိုင်းသက်သေပင်ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲတွင် ပြည်သူလူထုမှ ဒီမိုကရေစီတောင်းဆိုလာမှုကြောင့် လူထုအသံနှင့်ဆန္ဒအမှန်ကိုလိုက်၍ (KNC) နောက်တွင် Democracy ဟူသော စာလုံးကိုဖြည့်စွက်ပြီး Kachin National Congress For Democracy(KNCD) ပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကချင်ပြည်နယ်၌ ဒုတိယအများဆုံးအနိုင်ရပါတီလည်း ဖြစ်ခဲ့ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီများဖြင့် ဖွဲ့စည်းထားသော စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (UNA) အဖွဲ့ဝင်ပါတီဖြစ်ပြီး လက်ရှိ (UNA) သဘာပတိအဖြစ် ရပ်တည်နေသော ပါတီလည်းဖြစ်ပါတယ်။ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (KNCD) ပါတီသည် ကချင်ပြည်နယ်နှင့် ကချင်ပြည်နယ်လူထုကိုဗဟိုပြုပြီး လူထုကို မျက်နှာမူသော ပါတီဖြစ်သည့်အတွက် လူထု၏ ဝန်းရံပံ့ပိုးမှုများကိုလည်း ရရှိနေသောပါတီလည်း ဖြစ်ပါတယ်။ ထို့အတွက် ကချင်အမျိုးသားများနှင့် ကချင်ပြည်နယ်သူ/သားပြည်သူလူထုကိုလည်း မိမိတို့ (KNCD) ပါတီမှ အထူးပင် ကျေးဇူးတင်မိပါကြောင်း ပြောကြားလိုပါတယ်။ ပြည်တွင်း၊ ပြည်ပထောက်ခံမှု၊ NGO၊ INGO တို့နှင့် သံခင်းတမန်ခင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ခံမှုရရှိနေသည့်အတွက် ကချင်ပြည်နယ်ကိုယ်စား (သို့)ပါတီကိုယ်စားအဖြစ် ရန်ကုန်နိုင်ငံရေးလောကတွင် ဌာနေကိုယ်စားလှယ်ထားရှိပြီး ပြည်တွင်း ပြည်ပဆက်ဆံမှုပြုနေသော ပါတီဖြစ်ပါသည်။ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက် (KNCD) ပါတီသည် ဝါရင့်နိုင်ငံရေးသမားများမှဦးဆောင်ပြီး ပြန်တမ်းဝင်အရာရှိများ၊ အငြိမ်းစားဝန်ထမ်းကောင်းများမှ ပါဝင်စီမံခန့်ခွဲပြီး ပညာတတ်လူငယ်များအားခြံရံကာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ ပြည်သူတစ်ရပ်လုံးမှ အားပေးဝိုင်းရံထားသဖြင့် ပါတီဝင်များအားလုံးအတွက် ပါတီအာမခံချက်ရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်အမှတ်(၆၈)ဖြင့် တရားဝင်ပြန်လည်မှတ်ပုံတင်ခဲ့ကာ လက်ရှိမြန်မာ့နိုင်ငံရေး အခင်းအကျင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ကချင်ပြည်နယ်ရှိ မြို့နယ်(၁၃)မြို့နယ်၌ ရွေးကောက်ခံယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းပေါင်း ၃၇ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅ ရွေးကောက်ပွဲကြီးသည် လွတ်လပ်ပြီး စစ်မှန်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရန် အထူးပဲမျှော်လင့်ပါတယ်။

**ပါတီ၏ပန်းတိုင်မှာ**

ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဖြစ်ပေါ်လာရေးသည် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။

**ရည်ရွယ်ချက်**

(၁) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု စံနစ်တစ်ရပ် တည်ထောင်နိုင်ရန်။
(၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲရန်။
(၃) ခိုင်မာပြီး တရားမျှတသော ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာစေရန်။
(၄) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများအား ခိုင်မာအားကောင်းလာအောင် ဖော်ဆောင်သွားရန်။
(၅) ပြည်နယ်သူ/သားအားလုံးသည် ခေတ်ကာလနှင့် လျော်ညီသော၊ သာယာဝပြောသော လူနေမှုစနစ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရန်နှင့် ဆင်းရဲမွဲတေမှုအား လျှော့ချသွားနိုင်စေရန်။
(၆) မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုနှင့် စာပေ၊ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ဘာသာစကားအား အမျိုးဂုဏ်အမွေအနှစ်အဖြစ် လေးစားတန်ဖိုးထား ကာကွယ်စောင့်ရှောက်တတ်လာစေရန်။
(၇) နိုင်ငံရေးလုပ်ရှားမှုအခန်းကဏ္ဍတိုင်းတွင် အမျိုးသမီးအရင်းအမြစ်များစွာ ပါဝင်လာနိုင်သော လူ့ဘောင်သစ်ဝန်းကျင်တစ်ရပ်ပေါ်ပေါက်လာစေရန်။
(၈) လူငယ်၊ လူရွယ်များ၏ စွမ်းရည်အရင်းအမြစ်များအား စနစ်တကျမြှင့်တင်ပေးနိုင်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အား အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်သွားရန်။
(၉) တပ်မတော်ကာကွယ်ရေးနှင့် ဌာနဆိုင်ရာအသီးသီး၌ အဆင့်မြင့်အကြီးအကဲရာထူးများတွင် တိုင်းရင်းသားများအား တန်းတူအခွင့်အရေးတစ်ရပ်အဖြစ် မျှတစွာတာဝန်ပေးခန့်အပ်သွားနိုင်ရန်။
(၁၀)စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သူအားလုံးသည် မိမိလုပ်ကိုင်နေသောမြေပေါ်၌ လုံခြုံစိတ်ချစွာနှင့် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်စေရန်။

**ပါတီ၏ အခြေခံမူဝါဒလမ်းစဉ်များမှာ**




(၁) ပင်လုံ ကတိကဝတ်နှင့် ပင်လုံ စာချုပ်အပေါ် အခြေခံသည်။
(၂) ကချင်တိုင်းရင်းသားနှင့် ကချင် ပြည်နယ်သူ/သား ပြည်သူလူထုအား အခြေခံသည်။
(၃) ကိုယ့်ကြမ္မာ ကိုယ်တိုင်ဖန်တီးပြီး ကိုယ်ပိုင်ပြဋ္ဌာန်းစီမံ အုပ်ချုပ်ခွင့်ရှိသော ဖက်ဒရယ်စနစ်ကို အခြေခံသည်။
(၄) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အခြေခံသည်။
(၅) လူမျိုးမရွေး၊ ဘာသာမရွေး ဆင်းရဲချမ်းသာမခွဲခြားဘဲ တန်းတူညီမျှမှုနှင့်အတူတကွ သာယာဝပြောစွာနေထိုင်နိုင်ရေးကို အခြေခံသည်။
(၆) အနာဂတ်နိုင်ငံရေးနှင့် အုပ်ချုပ်မှုအခန်းကဏ္ဍတိုင်းတွင် တိုင်းရင်းသားအားလုံး တန်းတူပါဝင်နိုင်မှုအပေါ် အခြေခံသည်။

**ရှေ့လုပ်ငန်းစဉ်များ**

(၁) အခြေခံလူထု၏ လက်ရှိ အဓိကလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးကို လူမှုအဖွဲ့အစည်းများ၊ NGO ၊ INGO များနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အမြန်ဆုံးစနစ်တကျ ပြန်လည်ဖြေရှင်းသွားပါမည်။
(၂) မြို့ပြ/ကျေးလက်မကျန် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စေရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်ပေးသွားပါမည်။
(၃) လူတန်းစားအားလုံး လူ့သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ခေတ်မီစနစ်ကျသော ကျန်းမာရေးစောင့်ရှောက်မှုအား အထူးအရေးပေး လုပ်ဆောင်သွားပါမည်။
(၄) တိုင်းရင်းသားများသည် မိမိ မိခင်ဘာသာစကားဖြင့် ပညာသင်ကြားနိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီပညာရေးစနစ်ဖော်ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးစားသွားပါမည်။
(၅) ဒေသတွင်း ထွက်ကုန်များကို စနစ်တကျ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားနိုင်သော ဒေသတွင်းစီးပွားရေးဈေးကွက်ကို အထူးအရေးပေးဖော်ဆောင်သွားပါမည်။
(၆) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စား အားတက်သရောပါဝင်ဆောင်ရွက်သွားပါမည်။
(၇) စစ်ဘေးရှောင်ပြည်သူများသည် မိမိတို့နေရပ်များသို့ ပြန်လည်အခြေချနေထိုင်သည့်အခါ ဘဝလုံခြုံမှုရှိစေရန်၊ ထိုက်သင့်လျောက်ပတ်သော အကူအညီများကို အပြည့်အဝရရှိစေရန်နှင့် မိသားစုလူနေမှုဘဝများ ပြန်လည်မြင့်တက်လာအောင် အထူးအရေးပေးဆောင်ရွက်သွားပါမည်။
(၈) ဒေသတွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်မှုများကို စနစ်တကျစီမံကြီးကြပ်၍ ဒေသတွင်းပြည်သူများ အကျိုးခံစားခွင့်များ ရှိလာအောင် ကြိုးစားဆောင်ရွက်သွားပါမည်။
(၉) အရွယ်မရောက်သေးသော ကလေးငယ်များအား ကလေးအခွင့်အရေး အပြည့်အဝရရှိစေရန် ကြီးကြပ်ဆောင်ရွက်သွားပါမည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်စေရန်အလို့ငှာ တိုင်းရင်းသားများအားလုံးသည် ပင်လုံကတိကဝတ်ကိုအခြေခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးကို ဦးတည်ပြီး "ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ကို ထူထောင်ဖို့. . . (KNCD) ကို မဲပေးစို့" ဟူသော (KNCD) ၏ ရွေးကောက်ပွဲဆောင်ပုဒ်နှင့်အညီ ကချင်ပြည်နယ်သူ/သားအားလုံးမှ မဲထည့်ပါဝင်သွားကြပါစို့ဟု ဖိတ်ခေါ်နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။ မြန်မာနိုင်ငံသူ/သား၊ ကချင်ပြည်နယ်သူ/သားအပေါင်း ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာကြပါစေ။

## ညောင်လေးပင်မြို့နယ်၌ မဲပေးနိုင်သူ တစ်သိန်းကျော်ရှိ

ညောင်လေးပင် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်မှ ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးနိုင်သူဦးရေ တစ်သိန်းကျော်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်တွင် မဲရုံပေါင်း ၁၄၂ ရုံရှိရာ ၁၈ နှစ်ပြည့်ပြီး မဲပေးနိုင်သူမှာ စက်တင်ဘာ ၁၃ ရက်အထိ ၁၃၉၉၂၉ ဦးရှိပြီး ညောင်လေးပင်မြို့နယ်မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသားလွှတ်တော်များတွင် ပါတီ၁၊ပါတီမှ ကိုယ်စားလှယ်လောင်း ၂၁ ဦး ပါဝင်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

# လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၇

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) နာယက ဦးလီပေါ်ရဲ့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ယနေ့ရုပ်မြင်သံကြားဖန်သားပြင်တွင် ကြည့်ရှုနားသောတဆင်နေကြသော မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ခြင်းနှင့် ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်တော်ကတော့ လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ နာယက ကချင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးလီပေါ်ရဲ့ဖြစ်ပါသည်။ ကျွန်တော်တို့ပါတီ၏ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မတင်ပြမီ လီဆူအမျိုးသားတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏အလံနဲ့ တံဆိပ်ကို အနည်းငယ်ရှင်းပြလိုပါသည်။ ကျွန်တော်တို့ပါတီ၏ အလံနှင့် တံဆိပ်(လိုဂို)တို့ကို တစ်မျိုးတည်းသာ သုံးစွဲထားပါသည်။ အလံ၏အောက်ခံ အနီရောင်ပေါ်မှာ ကြယ်ဖြူတစ်လုံးနှင့်ဒူးလေးပုံဖြစ်ပါသည်။ အောက်ခံ အနီရောင်၏ အဓိပ္ပာယ်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ သတ္တိရှိခြင်း၊ နိုးကြားခြင်းတို့ကို ပုံဆောင်ပါသည်။ အဖြူရောင်သည် ရိုးသားဖြူစင်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို အဓိပ္ပာယ်ဖော်ဆောင်ထားပါသည်။ လက်ဝဲဘက်ထောင့်ရှိ ကြယ်ဖြူတစ်လုံး၏သဘောမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး တစ်စည်းတစ်လုံးတည်းရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်ခြင်း၊ ဂုဏ်ထူးဝိသေသဖြင့် ကိုယ်ပိုင်အလင်းရောင်ရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ရည်ညွှန်းပါသည်။ ကြယ်ဖြူဘက်သို့ ဦးတည်နေသော အဖြူရောင်ဒူးလေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဆီသို့ လီဆူတစ်မျိုးသားလုံး ပါဝင်ချီတက်နေကြောင်းကို ပုံဆောင်ထားခြင်းဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မိမိတို့ဒူးလေးပါတီသည် ခေတ်မီ၍ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ရိုးသားဖြူစင်စွာဖြင့် အစဉ်အမြဲ အတူတကွ ပါဝင်ချီတက်မည့်ပါတီဖြစ်ပါသည်။

ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များမှာ နိုင်ငံတော်အတွင်း၌ သူတစ်ပါးအားထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်စေဘဲ လွတ်လပ်စွာ ပြုမူနေထိုင်ခြင်း၊ ဖွင့်ဟဖော်ထုတ်ပြောဆိုရေးသားခြင်း၊ ကြံစည်တွေးတောခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ လွတ်လပ်စွာ တီထွင်ဖန်တီးခြင်းစသည်တို့ကို ကျင့်သုံးခြင်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်သွားရန် ဖြစ်သည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရာမှာ နိုင်ငံသား၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အကျိုးကိုမထိခိုက်စေဘဲ အခွင့်အရေးများအပြည့်အဝရရှိအောင်ဆောင်ရွက်သွားပါမည်။ ဒေသနှင့်ကိုက်ညီသော အသေးစားစက်မှုလုပ်ငန်း၊ အလတ်စားစက်မှုလုပ်ငန်းများကို အားပေးကူညီ၍ တိုးပွားတည်ထောင်လာအောင် တိုက်တွန်းဆောင်ရွက်သွားပါမည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတကာပညာရေး၊ အဆင့်မီ၍လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်သွားပါမည်။ မူလတန်း၊ အလယ်တန်းအဆင့် မသင်မနေရအခမဲ့ပညာရေးစနစ် ဖြစ်ပေါ်လာအောင်တိုက်တွန်းသွားပါမည်။ အဆင့်မြင့်ပညာရေးကဏ္ဍမှာ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ နည်းပညာရပ်များကို ပိုမိုသင်ကြား တတ်မြောက်မှ နိုင်ငံတော်ကြီးတိုးတက်မည်ဖြစ်၍ အားပေးတိုက်တွန်းသွားမည်ဖြစ်ပါသည်။

မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုကွာဟချက်မရှိအောင် တိုက်တွန်းဆောင်ရွက်သွားပါမည်။ အခြားဘာသာ သာသနာကို ထိခိုက်နစ်နာမှုမရှိစေဘဲ အခြေခံနေဒေသနှင့်အညီ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိအောင် တိုက်တွန်းဖော်ဆောင်သွားပါမည်။ အဓမ္မလုပ်အားပေး ခိုင်းစေခြင်းသည် မိဘပြည်သူများဆင်းရဲခြင်း၊ လူ့အခွင့်အရေးဆုံးရှုံးရခြင်းရဲ့ အကြောင်းအရင်းတစ်ရပ်ဖြစ်၍ ဆန့်ကျင်သွားပါမည်။

နိုင်ငံတစ်ခုလုံး၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်ရန် အဓိကလိုအပ်သောလမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်အောင် ဦးစားပေးဆောင်ရွက်သွားပါမည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတကာသို့လေ့လာသူစေလွှတ်၍ အရည်အသွေးမီ စံချိန်စံညွှန်းမီ လမ်းများ၊ တံတားများတည်ဆောက်နိုင်ရန် ဆောင်ရွက်သွားပါမည်။ ဆက်သွယ်ရေးကဏ္ဍတွင်လည်း အဆင့်မြင့်နည်းပညာဖြင့် ပညာရှင်များအသုံးပြုရန်၊ ပြည်သူလူထုကို ဝန်ဆောင်မှုကောင်းများ ပေးသွားရန် တိုက်တွန်းသွားပါမည်။

ကျေးရွာချင်းဆက်လမ်းတံတားများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သော လမ်းတံတားများကို အဓိကထားလုပ်ဆောင်နိုင်မှ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် အလုပ်အကိုင်ရရှိမည်ဖြစ်ပြီး လူမှုဘဝနှင့်စီးပွားတိုးတက်နိုင်မည်ဖြစ်၍ ဆင်းရဲချမ်းသာကွာဟမှုကျဉ်းမြောင်းသွားမှာဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ခနအင်အားကြွယ်ဝချမ်းသာနိုင်ရန် အဓိကအတားအဆီးဖြစ်သည့် အဂတိလိုက်စားမှုနှင့်အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရန်လိုကြောင်း ခံယူထားပါသည်။

နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး အခြေခံရပိုင်ခွင့်နှင့် လူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိရေး၊ တောင်တန်းမြေပြန့်မခွဲခြားဘဲ နိုင်ငံသားများ၊ တိုင်းရင်းသားများအတွင်း တန်းတူညီမျှအခွင့်အရေးရရှိမှသာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။



ကျွန်တော်တို့ ပါတီအနေဖြင့် ပြည်သူများ၏လိုအင်ဆန္ဒ၊ မျှော်လင့်ချက်ကောင်းများကို ဆောင်ကြဉ်းမည့် ပါတီဖြစ်ပါသည်။ ကျွန်တော်တို့ ပါတီသည် သက်တမ်းနုနယ်သေးပေမယ့် နိုင်ငံရေးအတွေ့အကြုံရှိသော ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပါတီဖြစ်သလို ပြည်သူ့အရေးကို အဓိကဦးထိပ်ထားဆောင်ရွက်မည်ဆိုသည့် ခံယူချက်တူညီသူများဖြင့်ဖွဲ့စည်းခဲ့သည့် အမျိုးသားနိုင်ငံရေးပါတီဖြစ်ပါသည်။

လာမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ပထမဦးဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သော်လည်း ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူချစ်သော ပြည်သူ့ပါတီဖြစ်လာမယ်လို့ ယုံကြည်ရင်းနဲ့ ကြိုးပမ်းနေသောပါတီ ဖြစ်ပါသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)သည် ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ကိုယ်စားလှယ်လောင်းပေါင်း ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံလျက်ရှိပါကြောင်း မဲဆန္ဒရှင်ပြည်သူများအား သတင်းပါးလိုပါသည်။

ကျွန်တော်တို့နိုင်ငံသည် တိုင်းရင်းသား ၁၃၅ မျိုးနှင့်ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သလို တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ၊ ညီရင်းအစ်ကိုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အမြဲတစဉ်ရှိနေစေဖို့ တန်းတူညီမျှစိတ်ဓာတ်နှင့် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်သွားမည်လို့ ယုံကြည်ချက်ချထားသော ပါတီဖြစ်ပါသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း ၂၇ နေရာဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်၍ ပြည်သူများ၏ထောက်ခံမှုကြောင့် လွှတ်တော်အသီးသီးသို့ ရောက်ခဲ့လျှင် လွှတ်တော်ပြင်ပရော လွှတ်တော်အတွင်းကပါ ပြည်သူအကျိုးကို ဦးထိပ်ပန်ဆင်ကြိုးပမ်းသွားမည်လို့ ကတိပြုပါသည်။ မိမိတို့ဒူးလေးပါတီသည် လီဆူလူမျိုးများကို အခြေခံပြီး မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုအားလုံး၏အကျိုးကို ထာဝစဉ်ရှေးရှုကြိုးပမ်းသွားမည်ဖြစ်သလို မဲဆန္ဒရှင်ပြည်သူများအနေနဲ့လည်း ကျွန်တော်တို့ပါတီကိုထောက်ခံဆန္ဒမဲပေးကြမယ်လို့မျှော်လင့်ပါသည်။ ပြည်သူချစ်သည့်ပါတီ၊ ပြည်သူ့အကျိုးဆောင်ရွက်မည့်ပါတီအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းသည့်နေရာမှာ အစဉ်အမြဲအားပေးထောက်ခံပေးပါလို့ မေတ္တာရပ်ခံလိုပါသည်။

**ပြည်သူအကျိုးဆောင်ရွက်ဖို့ ဒူးလေးပါတီကိုမဲပေးကြပါစို့..။**

ဤဆောင်ပုဒ်နဲ့ နိဂုံးချုပ်အပ်ပါသည်။

## သီပေါ၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာမှု ကြည့်ရှုစစ်ဆေး

**သီပေါ စက်တင်ဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာ စိုင်းစံဝင်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလုပ်ယွန်းနှင့်အတူ စက်တင်ဘာ ၂၅ ရက်က သီပေါမြို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အဖွဲ့ခွဲဝင်များကို တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ စိုင်းစံဝင်းက အမှာစကားပြောကြားပြီး သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အတွင်းရေးမှူးဦးမိုးထွေးဦးက မဲစာရင်းများနှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ရှင်းလင်းသည်။ အဆိုပါအဖွဲ့သည် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်နှစ်ခု၊ ကျေးရွာသုံးရွာသို့ ကွင်းဆင်းပြီး အခြေခံမဲစာရင်းများ ထုတ်ပြန်ကြေညာထားမှုကို ကြည့်ရှုစစ်ဆေးရာ ရပ်ကွက်/ ကျေးရွာ ကော်မရှင်ခွဲအဖွဲ့ခွဲဝင်များက ရှင်းလင်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**ချောင်းဆုံ စက်တင်ဘာ ၂၇**

ရွေးကောက်ပွဲလုပ်ငန်းများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများတွေ့ဆုံဆွေးနွေးပွဲကိုစက်တင်ဘာ ၂၅ ရက်က ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းရီက ပြည်ထောင်စု၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် အမိန့်/ညွှန်ကြားချက်များကိုလည်းကောင်း၊ အတွင်းရေးမှူးဦးမျိုးမင်းသူက ကြိုတင်မဲပေးသွားရမည့်ကဏ္ဍကို အပိုင်းနှစ်ပိုင်းခွဲပြီးရှင်းလင်းကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရှားတောမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှားတောမြို့နယ်ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်က ရှားတောမြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကယားပြည်နယ်တာဝန်ခံ ဦးစိုင်းခမ်းဝင်းက ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်စာရင်းများ ဆောင်ရွက်ထားရှိမှုနှင့် မဲစာရင်းများ မကျန်ရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၃)နှင့် (၁၄)ကို အလေးထားဆောင်ရွက်ရန်၊ မဲရုံများပြုလုပ်ရာတွင် အများပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်ရန်၊ မဲရုံမှူး ဒုမဲရုံမှူးများ သေချာစိစစ်ရွေးချယ်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းက အမှာစကားပြောကြားပြီး လွိုင်ကော်ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးညီညီမင်းက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ခရိုင်ရွေးကောက်ပွဲအရာရှိတို့က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ရှားတော မြို့နယ်တွင် မဲဆန္ဒရှင် စုစုပေါင်း ၃၉၂၈ ဦးရှိပြီး မဲရုံ ကိုးရုံရှိကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**